PUBLISHED BY VIEW



# ဗျား

ပန်းတွေအိပ်ရာ နိုးဖို့
နံနက်ခင်းဆီ ဝင်ခွင့်ပြုပါ

Cover..Idea Kyaw

ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

## ပြည်သူ့သဘောထား

★ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

★ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
★ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
★ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
★ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေး ဦးတည်ချက် (၄) ရပ်

★ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
★ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
★ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
★ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေး ဦးတည်ချက် (၄) ရပ်

★ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
★ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
★ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
★ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# ပျူး

# ပန်းတွေအိပ်ရာကနိုးဖို့
# နံနက်ခင်းဆီဝင်ခွင့်ပြုပါ

ပုံနှိပ်မှတ်တမ်း
စာမူခွင့်ပြုချက်အမှတ် - ၅၀၀၃၀၅၀၆၀၂
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၃၆၂၀၆၀၃
ထုတ်ဝေသူ
ဒေါ်ငွေးငွေးမြင့် (မြ-၀၃၀၄၁)
ရင်သွေးငယ်စာပေ
၁၁၄/စီ၊ မီးရထားရိပ်သာ၊
စောရန်ပိုင်မြောက်ရပ်ကွက်၊ အလုံ၊ ရန်ကုန်။
အတွင်းပုံနှိပ်သူ
ဦးမောင်မောင်လွင် (မြ-၀၂၃၅၀) ကဝိရတနာပုံနှိပ်တိုက်၊
အမှတ်-၂၀၄၊ လမ်း-၃၀၊ ပန်းဘဲတန်းမြို့နယ်။
မျက်နှာဖုံးပုံနှိပ်သူ
ဒေါ်အိမွန်သက်လွင် (၀၀၀၄၂) (သစ္စာမွန်ပုံနှိပ်တိုက်)
အမှတ် (၁၀၆)၊ တာမွေလမ်း၊
တာမွေကြီး (က+ခ)ရပ်ကွက်၊ ရန်ကုန်မြို့။
မျက်နှာဖုံးပန်းချီ
**Idea Kyaw**
ပုံနှိပ်ခြင်း
ပထမအကြိမ်၊ ၂၀၀၆ ခုနှစ်၊ မေလ
တန်ဖိုး - ၁၀၀ ကျပ်၊ အုပ်ရေ - ၅၀၀
ကွန်ပျူတာစာစီ
သူသူ ကွန်ပျူတာ

## အခန်း (၁)

"သားရေ၊ မြန်မြန်လုပ်ကွာ"

လေချွန်းထစ်ပေါ် ခြေတစ်ဖက်တင်၍ ဖိနပ်ငှဲ့စီးရင်း အထဲကို လှမ်းအော်လိုက်သည်။

"လာပြီ ဖေကြီး"

လွယ်အိတ်လေး စလွယ်သိုင်းစွပ်ချလိုက်ပြီး မင်းဘဏ္ဍာ ပြေးထွက်လာသည်။

"ဟင်. . . သားကိုခေါ်ကြီး ဖေကြီးက မပြီးသေးဘဲနဲ့"

"ပြီးပြီကွ"

ဖိနပ်ကြိုးကို ကျကျနနတောင်မချည်ဖြစ်။ အိမ်တံခါးကို သော့ခတ်လိုက်ပြီး ဂစ်တာကို ကျောမှာပိုးလွယ်လိုက်ကာ ဆိုင်ကယ်ကို ဒေါက်ဖြုတ်လိုက်သည်။

(မှူးစာပေ)

"သား . . . တက်"

သူ့ခွထိုင်လိုက်ပြီး မင်းဘဏ္ဍာက လှစ်ခနဲတက်ထိုင်ကာ နောက်ကနေ ခါးကိုဖက်ထား၏။

"ဖေကြီး"

"ပြော"

ဆိုင်ကယ်က ဝေါခနဲ ပြေးထွက်သွားလေသည်။

"ဖေကြီး"

"ထူးနေတယ်လေကွာ"

"သားသားတို့ကျောင်းမှာ မုန့်စားကျောင်းဆင်းယင် အားလုံး ထမင်းစားကြတာဖေကြီးရဲ့ ထမင်းချိုင့်တွေနဲ့ သူတို့အမေတွေ၊ အစ်မတွေ က လာကျွေးကြတာ. . ."

မီးပွိုင့်မှာ ဆိုင်ကယ်ရပ်လိုက်တော့ လမ်းဆုံမှာချိတ်ထားသည့် ကြွရွလှပသည့် ဘုတ်ကြီးတစ်ခုဆီ မျက်လုံးကရောက်သွားသည်။

ရုပ်ရှင်ကြော်ငြာ –

"သူ့ကိုသိရင် ပြောပေးပါတဲ့"

မင်းသမီးရဲ့ လှပဖူးရွှနေသည့် မျက်နှာလေးကို ခပ်စိမ့်စိမ့် စိုက်ကြည့်၍ မျက်နှာလွှဲသည်။

"သူ့ကိုသိရင် ပြောပေးပါ" တဲ့လား။

အဲဒါ ငါကပြောရမှာပါ ဘန်ဘန်။

"ဖေကြီး မီးစိမ်းသွားပြီ"





ဒီနားရောက်တိုင်း ဒီဘုတ်မြင်တိုင်း သူ့ရင်ထဲမှာနာသလို ကျွမ်းသလိုလို။ သားကို ကျောင်းမှာဝင်ထားခဲ့ပြီး ချိန်းထားသည့်နေရာ သို့ လာခဲ့သည်။

သမ္ဗတရုံရဲ့အောက်ထပ်က ဆုံနေကျဝိုင်းမှာပဲ၊ သူတို့အားလုံး စုံနေကြပြီ။

"လာ. . . လာ. . . ခုပဲ မင်းအကြောင်း ပြောနေကြသေးတယ်၊ ဟဲ. . . ဟဲ. . . နောက်မှကျပ့်မလားလို့လေ"

သူပြုံး၍ ခုံလွတ်မှာဝင်ထိုင်လိုက်တော့ စားစရာတွေက စားပွဲ ပေါ်မှာ အစုံအလင်။ သူမှလွဲ၍ ရှိနေကြသည့် ပရိဂျူဆာအားလုံး လူကြီးပိုင်းတွေချည်းသာ။

"ပစ္စည်းပါလား မဏိ"

"ပါတယ်၊ ဒါပေမဲ့ နှစ်ပုဒ်ပဲပါတယ်၊ ညက မအားတာနဲ့"

"ဟုတ်ပြီ၊ မင်းသား စာမရတာလား၊ ဂိုကျတာလား၊ ဖျားတာ လား၊ ကလေးနဲ့တော့ ပတ်ကိုပတ်သက်ရမယ်"

အကြောင်းသိတွေမို့ သူပါးစပ်ဟလိုက်တာနှင့် အားလုံး သိပြီး သားဖြစ်နေကြတော့သည်။

ကျန်တဲ့လူတွေက ဝိုင်းရယ်ကြ၏။

သူကတော့ သူ့ရဲ့ပင်ကိုယ်စတိုင်အတိုင်း ပြုံးတုံးတုံး။

"ကဲ. . . မဏိ၊ ငါတို့ ဆွေးနွေးကြရအောင်၊ ရော့. . . ဒီမှာ မင်းအတွက် ငါးပုဒ်စာ"

မဏိက ငွေအထပ်ကိုလှမ်းကြည့်ကာ ဘယ်လောက်ဆိုတာကို တွက်ပြီးသားဖြစ်သွားသည်။

"ဒါပဲလား ဦးကြူး"

"ဟုတ်တယ်၊ ဒါတောင် ငါက မင်းကို အရင်ထက် နည်းနည်း ပဲလျှော့သေးတာ၊ မင်းရဲ့သီချင်းတွေကို အရင်လို သိပ်မကြိုက်ကြတော့ ဘူးကွ"

နောက်ထပ် အသစ်ပေါ်လာတိုင်း ပရိုဂျူဆာတို့ သုံးနေကျ စကား။

"ဦးသိန်းတို့ဆို မင်းကို ဒီလောက်ပေးမှာမဟုတ်ဘူး"

ရှိစေတော့ အနုပညာကို ဈေးချရောင်းသလို သူ အချီအချ မပြောချင်ပါ။

"ဒါဆို ထားပါတော့၊ ကျွန်တော် စီးရီးတစ်ခွေစာ တစ်ခါတည်း ကြိုလိုချင်တယ်"

"ဟာ ဒါတော့ မလုပ်ပါနဲ့ မောင်ရာ၊ အဲဒီငွေကြိုတွေက သိပ်ဖယားရှုပ်တာ၊ အခုတောင် မင်း ကျုပ်ကို နှစ်ပုဒ်ထဲပေးတာနဲ့ ငါးပုဒ်စာကြိုပေးထားတာ၊ တကယ်ဆို အနုပညာသမားတစ်ယောက်က နည်းနည်းမှေးမှိန်သွားပြီဆိုရင် ဘယ်ပရိုဂျူဆာမှ ကြိုမပေးတော့ဘူး၊ ကျုပ်က မင်းကို ခင်လည်းခင်လို့. . ."

ရွှေပေးလို့ ငွေပြန်ပေးတာကိုပဲ သူတို့က ကယ်တင်ရှင်ကြီးတွေ လိုလို. . .။

(ဗျူးစာပေ)



အနုပညာသမားတို့ဘဝက ဒီလိုပဲလား။

"အနုပညာ၊ အနုပညာနဲ့ သိပ်ဟစ်မနေနဲ့မောင်၊ ဘာသမားပဲ ဖြစ်ဖြစ် အူမတောင့်မှ သီလစောင့်တာ. . ."

နားထဲမှာ ခုပဲ ကပ်ပြောလိုက်သလို ထင်ရှားစူးရှနေသည်။

သူမျက်နှာပျက်သွားတာကို ဘေးကတစ်ယောက်က အကဲခတ်၍. . .

"ကဲပါကွာ၊ မင်းဆီက ကျုပ်တို့လည်းလိုချင်ပါတယ်၊ ကျုပ်တို့ သုံးယောက်တင်လိုက်ယင် မင်းလိုတဲ့ငွေရမှာပေါ့"

"အဓိကက ကိုယ့်မှာ လိုအပ်တာ အမြဲရှိနေတတ်ရင် ပစ္စည်း ရှိထားမှဖြစ်မှာ၊ မင်းက လိုတာများပြီး လက်ကနေးနေတယ်၊ ကိုယ့်ကံဇာတာ အကျိုးပေးလာတုန်း ကြိုးစားပြီး ရသလောက်ကဲ့နိုင်ရမယ်၊ ဒီလောကမှာ ဒေါင်းသွားပြီဆို တစ်ပြားမှတောင် ပေးမယ့်သူမရှိတတ်ဘူးဆိုတာ မင်းလည်းသိမှာပါ"

တစ်ယောက်တစ်မျိုး ပြောကြတဲ့စကားအားလုံးရဲ့ ဆုံရပ်က တစ်ခုတည်း။ မဏိ မျက်နှာတည်သွားသည်။

ရင်ထဲမှာ ရှုတတရှိသွားပေမယ့် ထထွက်သွားနိုင်တဲ့အင်အား သူ့မှာ မရှိတော့ပေ။။

သူတို့ပြောတာ နားထောင်၊ ပေးတာကိုယူ၍ ပြန်ရုံပဲ။ တကယ်ဆို ကိုယ့်ဘဝကိုယ့်ခံစားချက်နဲ့ လုပ်နေရတဲ့အလုပ်က အံဝင်ခွင်ကျ မဖြစ်တော့တာ ဘယ်လိုလုပ်မလဲ။

(ဗျူးစာပေ)

သူ့မှာ ခွေးဖို့ ရေးဖို့ထက် လုံးပတ်နေရတာက စားသောက်ဖို့၊ ချက်ပြုတ်ဖို့။

ပြီးတော့ သားလေးရဲ့ဝေယျာဝစ္စ အဝဝ ပြည့်စုံဖို့။

အိမ်မှာ ယောကျ်ားလဲ ကိုယ်၊ မိန်းမလည်း ကိုယ်။

ပြည့်ဝစွာ တွေးရေးခံစားဖို့ ဘယ်မှာလဲ။

သူ့ခြေလှမ်းတွေက ရယ်ရွှယ်ချက်မဲ့ တည်ဆောက်မှုလာ သလိုလို။

✦ ✦ ✦



## အခန်း (၂)

သူ့ဆိုင်ကယ် ကျောင်းဝင်းထဲကွေ့ဝင်လိုက်တော့ ကျောင်းထဲမှာ ကျောင်းသား တစ်ယောက်မှမရှိတော့တဲ့ တိတ်ဆိတ်ခြောက်သွေ့နေပြီ။

မင်းဘလွှာက ဆရာကြီးရုံးခန်းရှေ့ လှေခါးထစ်ကလေးပေါ်မှာ ဒူးနှစ်လုံးကိုဖက်ကာ မေးလေးတင်၍ သူလာမည့်အဝင်ဝကို ငေးမျှော်နေရှာသည်။

ဆိုင်ကယ်ကို တစ်ပတ်လှည့်ဦးပြောင်း၍ ခြေထောက်ရပ်လိုက်သည်။

"သား. . . လာလေကွာ"

"ဖေကြီး"

"ဟော"

"ဖေကြီးကို သားသား မစောင့်ချနပ်ဘူး"

"အေးပါ၊ အိမ်ကျတော့ ဖေကြီးချော့ပါ့မယ်၊ လာ. . . တက်"

မင်းဘဏ္ဍာက ခြေလေးဆောင့်၍လျှောက်လာကာ နှုတ်ခမ်းက စူလျက်။

အိမ်ရောက်တော့ အခန်းထဲတန်းဝင်သွားကာ အိပ်ယာပေါ် တက်မှောက်နေလေသည်။

"သား. . . အကျႌလဲဦးလေ"

"မလဲချင်ဘူး"

"လဲလိုက်ပါကွာ၊ ဖေကြီး အကျႌတွေ ခဏခဏ မဖွတ်အား ဘူးကွ"

"ဖေကြီး"

"ပြော"

"ဖေကြီး သားသားကို မချော့သေးဘူး"

မဏိက ဘောင်းဘီနဲ့ပုဆိုးလဲဝတ်ပြီး ဘောင်းဘီကို သေချာ ချိတ်ထားလိုက်သည်။

ပြီးတော့ သားရဲ့ဘေးမှာ အိခနဲလှဲချလိုက်သည်။

"ကဲ. . . သားက ဘာဖြစ်တာလဲ. . . ပြောပါအုံး၊ ယောကျ်ား ဆိုတာ စိတ်မကောက်ရဘူးကွ"

မင်းဘဏ္ဍာက မှောက်နေရင်းမှ ခေါင်းထောင်ထလိုက်ပြီး. . .

"သားသားကို ဖေကြီး တစ်ခါမှ စောစောလာမကြိုဘူး၊ အမြဲနောက်ကျတယ်၊ သူငယ်ချင်းတွေကတောင် ပြောကုန်ကြပြီ"

"ဘာပြောလို့လဲ"

(ဈေးတာပေ)



"ဒီကောင်က ကျောင်းစောင့်ကြီးပါတဲ့၊ သူ့ကို ခေါ်မနေနဲ့တဲ့"

"ဒီလိုပဲပြောလား"

"ပြောတယ်၊ အဲဒါ သားသား ဖေကြီးကိုမကျေနပ်ဘူး"

"ဖေကြီးဟာ သားကို အကျႌတွေဝယ်ပေးဖို့၊ မုန့်တွေဝယ်ပေးဖို့ ပိုက်ဆံတွေသွားရှာနေတာလေ သားရဲ့၊ သားက အရေးကြီးသလို သားကိုကျွေးဖို့ကလည်း အရေးကြီးတာပဲ၊ မဟုတ်ဘူးလား. . . ကဲ. . . ဖေကြီး သားကိုကျောင်းပို့ပြီး ဆင်းတဲ့အထိစောင့်ခေါ်မယ်၊ အပြန်ကျ တော့ ထမင်းစားစရာမရှိရင် သားက မစားဘဲနေနိုင်မှာလား"

မင်းဘဏ္ဍာက အသိနဲ့အရွယ်နဲ့မလိုက်အောင် သွက်လက် သူလေးဖြစ်သလို အရိပ်အကဲ အခြေအနေကိုလည်း လွန်စွာအကဲခတ် နိုင်စွမ်းတဲ့ ကလေး။

"ဖေကြီး"

"ဟင်"

"မေမေက ဘယ်တော့မှ ပြန်မလာတော့ဘူးလား"

"သူ့ဟာသူ လာလာ၊ မလာလာကွာ"

"မေမေက ဘယ်မှာလဲ"

"မသိဘူး"

"ဖေကြီးနော် ပြေပြေလည်လည်ပြော၊ လူကြီးဆိုတာ ကလေး တွေမသိတာကို စိတ်ရှည်လက်ရှည် ဖြေရတယ်တဲ့"

"မင်းမေမေအကြောင်းကလွဲရင် ကြိုက်တာမေး"

(ဈေးတာပေ)

"သားသားက မေမေ့ကိုပဲ မြင်ချင်တာကိုး၊ သားသား မေမေ လိုချင်တယ်"

"ဖေကြီး ရှာပေးမယ်ကွာ"

"နောက်ထပ် မိန်းမယူမှာလား"

"ဘယ်မိန်းမပဲယူယူ ဖေကြီးမိန်းမဆိုရင် မင်း မေမေတော်တာပဲ"

"ဘယ်မိန်းမပဲဖြစ်ဖြစ် တော်လို့ရတဲ့မေမေ သားသားမလိုချင်ဘူး၊ သားသားကို မွေးတဲ့မေမေကိုပဲ သားသားလိုချင်တယ်၊ ဖေကြီး မေမေ့ကို ရှာပေး"

"ဟာကွာ. . . ဒီကောင်"

"ဖေကြီး"

မင်းဘဏ္ဍာတို့ ချွဲပြီ။

ဖအေ့ဗိုက်ပေါ်တက်ခွ၍ ရင်ဘတ်မှာ ပါးလေးလာကပ်သည်။

"သားသားမှာမေမေရှိရင် ကျောင်းမှာလည်း ထမင်းလာကျွေးမှာ၊ ဟင်းကောင်းတွေလည်း ချက်ကျွေးမှာ၊ ညညဆိုလည်း ကျော်သူတို့မေမေလို ပုံပြင်တွေပြောပြီး သိပ်မှာ၊ မေမေ့ကို ဖေကြီးချော့ပေးပါနော်"

မဏိရင်ထဲမှာ ဆွေးသွားသည်။

နောက်က နာကျင်တာလည်း တဆက်တည်းပါ၏။

ဒီနေ့လျှမ်းလျှမ်းတောက်နာမည်ကျော်နေတဲ့"မိုးမြင့်ကောင်းကင်"





ဆိုတာ မင်းအမေပါလို့ သူမပြောရက်။

ကိုယ့်မှာ ရင်သွေးလေးတစ်ယောက် ရှိနေတယ်ဆိုတာ ခုချိန်ထိ သူမသိသေးတာလား။

သိနေလျက်နဲ့ မဏိဆိုတဲ့ကောင်ကို နာကျည်းစိတ်နဲ့ သားကိုပါ စိမ်းကားနေတာလား။

"မိုးမြင့်ကောင်းကင်"ခေါ် ခင်ဘဏ္ဍာရဲ့ ရုပ်ရှင်မင်းသမီးဖြစ်ခဲ့ပြီး နောက်ပိုင်းဘဝကို မဏိဘာမှမသိ။

မျက်မှန်ကြီးတဝင်းဝင်း စိန်နားကပ်တဖျတ်ဖျတ်နှင့် သူ့ထက်မြင့်သော လှေခါးပေါ်မှရပ်၍ အနီးဖြူဖြူလေးနဲ့ထုပ်ထားတဲ့ ကလေးနီတျာရဲလေးကို သူ့လက်ထဲ ထည့်ခဲ့တဲ့မြင်ကွင်း။

"ဒီကလေးကို မင်းလိုချင်တယ်ဆိုရင် နောက်ဘယ်တော့မှ ဘန်ဘန်ကို မဆက်သွယ်ပါဘူးလို့ ဂတိပေး. . ."

"ငါ့သမီးရဲ့ရောဂါကို ငါတို့ ဘယ်တော့မှကုမှာမဟုတ်ဘူး၊ မင်း မျှော်လင့်နေလည်းအပိုပဲ"

စိတ်မျက်ဝန်းမှာ အတိတ်ပုံရိပ်တို့က ရုပ်ရှင်ပြကွက်တွေလို ပီပြင်ထင်ရှားနေဆဲ။

"သွား. . . ရှင် ထွက်သွား၊ ရှင့်ကို မုန်းတယ်"

ခင်ဘဏ္ဍာရဲ့ မျက်ရည်စက်များ။

"ရှင်. . . ဘာတွေလာပြောနေတာလဲ၊ ဘန်ဘန်ဆိုတာ ကျွန်မကို ခေါ်တာလားဟင်"

သူ့ကို တစိမ်းပြင်ပြင် ကြည့်ခဲ့တဲ့မျက်လုံးတွေ။

သားနဲ့သူ့ဘဝ လုံးထွေးရစ်ပတ်ကာ ဂစ်တာတစ်လက်ကျောပိုးကာ သားကိုပွေ့၍ သူ သီချင်းရေး၊ သီချင်းဆို ဖြစ်နေခဲ့ရတဲ့ဘဝတွေမှာ "မိုးမြင့်ကောင်းကင်"ဆိုတဲ့ မင်းသမီးဟာ ခင်ဘဏ္ဍာဖြစ်နေခဲ့တာ သူ့မှာ အံ့လည်းအံ့သြ၊ ပြီးတော့ ကြေကွဲရင်း. . .။

"ဖေကြီး. . . ဖေကြီး မျက်ရည်တွေလည်နေတယ်၊ မငိုနဲ့လေ၊ ဖေကြီးပဲ ယောကျ်ားဆိုတာ မငိုရဘူးဆို"

မင်းဘဏ္ဍာက ဖခင်မျက်ဝန်းထောင့်မှာ စို့စွတ်လာသည့် မျက်ရည်စတို့ကို သုတ်ပေးရှာသည်။

"ဖေကြီး. . . မေမေ့ကို လွမ်းလို့လားဟင်၊ မေမေက ဖေကြီးကို မုန်းလို့ ထားခဲ့တာလား"

"ဟုတ်တယ်သား၊ ဖေကြီးသွားခေါ်လည်း သူလာမှမဟုတ်ဘူး၊ သူတို့က ချမ်းသာတယ်၊ မောက်မာတယ်၊ သူ့အသိုင်းအဝိုင်းနားကို ဖေကြီး ဘယ်တော့မှမသွားဘူး"

မင်းဘဏ္ဍာလေးက ငေးငေးလေးဖြစ်သွားကာ ငြိမ်သက်သွားသည်။

"ဒါဆို သားသား မေမေ့ကိုမခေါ်နိုင်းတော့ဘူး၊ မေမေ့ကို ပြရုံပဲပြ၊ သားသားလေး မြင်ဖူးရင်တော်ပြီ"

သားရဲ့ခေါင်းလေးကို ဆွဲပွေ့ကာ သူ ဘာပြောရမှန်းမသိ။

"သားက ငယ်ပါသေးတယ်ကွာ၊ သား သုံးတန်းတက်မဲ့နှစ်





ကျမှ ဖေဖေပြောပြမယ်"

"ငယ်တာနဲ့ပဲ မေမေ့ကို မကြည့်ရဘူးလား ဖေကြီးရ၊ သူများတွေဆို သူငယ်တန်းလေးပဲရှိသေးတယ်၊ သူတို့မှာ မေမေနဲ့ အတူတူနေရတာ"

စကားတတ်တဲ့သားကို ဘယ်လို လှည့်ပြောရမှန်းမသိ။

"သား. . . ဗိုက်မဆာဘူးလား"

"မဆာဘူး၊ စားတော့လည်း ပဲဟင်းနဲ့ဘဲဥပဲ"

မင်းဘဏ္ဍာက ရှုံ့မဲ့နေသည်။

"သားက ဘာစားချင်လို့လဲ၊ ဖေကြီး ဒီနေ့ ပိုက်ဆံထုတ်လာတယ်၊ သားနဲ့ဖေကြီး ဆိုင်မှာ ကြိုက်တာသွားဝယ်စားမယ်၊ ဘယ့်နှယ့်လဲ"

"တကယ်လား. . . ဖေကြီး"

"တကယ်"

မင်းဘဏ္ဍာ အာရုံပြောင်းသွားသည်မှ သူ့မှာ သက်ပြင်းချမိရတော့သည်။

✦ ✦ ✦

## အခန်း (၃)

တေးသံသွင်းထဲကို ခြေချလိုက်သည်နှင့် စိန်လွင့်မျက်နှာ ရှုံ့သိုးသိုးကြီးက ဆီးကြိုနေသည်။

"ကိုစည်တို့ကတော့ဗျာ. . . လုပ်လိုက်ရင်တလွဲချည်းပဲ၊ ဒီလောက်နောက်ကျနေမှတော့ ခင်ဗျားကို ပိုက်ဆံပေးမဲ့သူက စောင့်နေပါ့မလား"

မဏိ စိတ်စောနေမိသမျှ မောသွားသည်။

မဏိစည်ဆိုသည့်နာမည်ကို ခင်တဲ့လူတွေက ခေါ်ချင်သလို ပိုင်းခေါ်နေတတ်သည်။

စိန်လွင်က ဒီနေ့ မဏိသီချင်းရောင်းရလျှင် သူ့အတွက်ပါ ဘောက်ဆူးရမှာမို့ လွဲသွားသည့်ကိစ္စအတွက် မျက်နှာကမသာယာ။

မဏိ အလုပ်စားပွဲမှာ ထိုင်ချလိုက်မိသည်။

ပိုင်ရှင်မဲ့နေသော တစ်ဖက်ကကုလားထိုင်ကြီးကို စိတ်ပျက်စွာ ကြည့်မိ၏။





"ဒီနေ့ ကလေးတို့ကျောင်းမှာ မိဘဆရာအသင်းတဲ့ကွာ၊ အဲဒါ မသွားမဖြစ်လို့ သွားနေရတာ၊ အန့်ကယ်ညွှန့်ကလည်း နာရီဝက်လောက်လေးကို စောင့်သင့်ပါတယ်"

"စောင့်မလားဗျ၊ ခုချိန်မှာ ကိုယ်က စောရောက်နေတာမျိုးပဲ ဖြစ်ရမှာပေါ့၊ ဒီလူကြီးအလုပ်များတာ ခင်ဗျားသိသားနဲ့"

မဏိစည်ဆိုသည့် နာမည်တစ်လုံးဟာ တိုင်းသိပြည်သိကျော်ကြားပြီးမှ တရိပ်ရိပ်ပြေးဆင်းလာနေတာ ကိုယ့်ဘက်က လိုအပ်ချက်မှန်းသိပေမယ့် မဏိ မပြုပြင်နိုင်။

သူ့ခံစားချက်၊ သူ့အတွေးတွေ မှိန်ဖျော့နွမ်းလျကုန်ပြီဆိုတာ ကျဆင်းသွားတဲ့အောင်မြင်မှုက သက်သေပြနေခဲ့ပြီ။

ငွေသည် ကြာလေ သူနဲ့ဝေးရာကို ပြေးလေ။

လိုအပ်သမျှကိုဖန်ဆင်းဖို့ ငွေကိုလိုပေမယ့် အနုအရွအလှလေးတွေ ရင်ထဲက ထွက်ကျမလာနိုင်တော့ခြင်းက ခံစားတတ်တဲ့နှလုံးသား မရှိတော့၍လား။

သီချင်းကောင်းတစ်ပုဒ်ဖြစ်မြောက်ဖို့ သူ့အတွက် လွန်စွာ ခက်ခဲသွားခဲ့ပြီ၊ ဖြစ်လာတဲ့သီကုံးခြင်းတို့က မပီပြင်တဲ့အထဲ လိုအပ်သလောက် ဖန်တီးလို့မရဖြစ်နေခြင်းက အကြီးမားဆုံးအခက်အခဲပင်။

အခု သူ့သီချင်းတွေ ရောင်းအားကျဆင်းနေခဲ့ပြီ။

ဘယ်သွားသွား သူ့မျက်နှာ အရင်လို မော်ကြွားနိုင်ခြင်းမရှိတော့ပါ။ သားအတွက်ဆိုသောအသိနှင့် စားသောက်ဆိုင်တွေမှာ အဆို

ရောအတီးပါ သူကြုံသလိုလိုက်ဆိုရင်း လိုအပ်တဲ့ငွေကို တစ်ဘက်လှည့် ဖန်တီးနေရတဲ့အဖြစ်။

နာမည်ကြီးသီချင်းရေးဆရာ မဏိစည်ဆိုတာကို သိတဲ့လူက လှောင်ပြောင်ကြပေမယ့် မသိတဲ့လူက မသိ။

ဆိုင်တွေမှာ သီချင်းလိုက်ဆိုတော့ ကန္တာဆိုသည့်နာမည်နှင့် သူဆိုခဲ့သည်လေ။ တကယ်လည်း သူ့ဘဝက ကန္တာတစ်ခုလို အဓိပ္ပာယ်မဲ့နေခဲ့သည် မဟုတ်ပါလား။

"ကဲ. . . ဘာဆက်လုပ်ကြမလဲ၊ ကျွန်တော်လည်း ဒီနေ့ ခမ်းနေတယ်၊ အဲဒါ ပြဿနာပဲ၊ ခင်ဗျားကိုမှီပြီး ဆွဲမယ်စိတ်ကူးတာဗျာ၊ ဒုက္ခပဲ"

"မင်းကလည်း ညည်းလိုက်တာကွာ၊ စိတ်ညစ်ရတဲ့အထဲ ရော့. . . လက်ဖက်ရည်သောက်"

မဏိက နှစ်ရာတန်တစ်ရွက် ထုတ်ပေးသည်။

စိန်လွင်က အင်တင်တင်နှင့်လှမ်းယူကာ . . .

"ခင်ဗျားကို ကျွန်တော် အကြံတစ်ခုပေးချင်တယ်"

မဏိက မျက်မှောင်ကုတ်၍ ကြည့်နေသည်။

"ခင်ဗျား. . . သီချင်းရေးတဲ့ဘက်က သိပ်မခိုင်တော့တဲ့အတူတူ ရုပ်ရှင်မင်းသား ဝင်လုပ်ပါလား၊ ခင်ဗျားရုပ်နဲ့ဆို ပီပြင်မယ်သိလား၊ အရပ်လည်းမြင့်တယ်၊ အသားဖြူတယ်၊ မျက်နှာချောတယ်၊ အားလုံး အိုကေပဲ"





"မင်းကလည်း တစ်မျိုး၊ ဟုတ်မလိုလိုနဲ့ အချွန်နဲ့လာမနေပြန်ဗြို"

"အချွန်နဲ့မတာမဟုတ်ဘူး၊ တစ်ခါတည်း ဂေါ်ပြားကြီးကြီးနဲ့ ကော်တင်ပေးနေတာ"

"လုပ်မနေစမ်းပါနဲ့၊ စိတ်မဝင်စားဘူး"

မဏိ ထရပ်လိုက်သည်။

စိန်လွင်က လက်ကို အတင်းလိုက်ဆွဲကာ . . .

"စိတ်မဝင်စားဘဲလည်း ခင်ဗျား အခု သီချင်းရေးနေရတယ် မို့လား၊ ဝါသနာပါခဲ့ပေမယ့် အခုစိတ်မဝင်စားဘဲ လှုပ်ရှားနေရတယ်လေ၊ "သည်းကြွေအုံပုန်း"ကြီး၊ ဟဲ. . . ဟဲ. . . ဒီလိုပဲပေါ့၊ အခုလည်း စမ်းပြီး လှုပ်ရှားကြည့်စမ်းပါ၊ ကျွန်တော်နဲ့သိတဲ့ ထုတ်ဝေရေးတစ်ယောက်က ပြောတယ်၊ သူ့တိုက်ကဒါရိုက်တာက ဇာတ်လိုက်ရော၊ ဇာတ်ရံရော နာမည်ကြီးတွေပဲသုံးနေလို့ စိတ်ညစ်တယ်တဲ့၊ သုံးဖြစ်မယ့် ရုပ်ချောချောနဲ့ အံဝင်ဂွင်ကျဖြစ်နိုင်တာကလေး တွေ့ရင် မင်းသားဇာတ်ရံတစ်ယောက် လိုချင်တယ်တဲ့"

"တော်ပါကွာ၊ အလိုလိုနေရင်း ဒီမှာ ရှုးနေရတဲ့အထဲ"

"ခင်ဗျားကလည်း ဒါမျိုးအခွင့်အရေး လိုချင်ကြလွန်းလို့ ကိုယ့်ငွေနဲ့ကိုယ် မင်းသားဝင်လုပ်နေကြတဲ့အချိန်ကြီးမှာ ခင်ဗျားကျမှ ထွက်ပြေးချင်ရတယ်လို့"

"ငါက သူတို့မှမဟုတ်ဘဲကွ၊ သွားမယ်ကွာ"

"ဟာ. . . ကိုစည်"

"ဘာလဲ"

"ကျွန်တော် တကယ် အတည်ပြောတာနော်"

"မင်းဟာမင်း အတည်ပဲပြောပြော၊ ရယ်ပဲပြောပြော"

"ဘာလဲ. . . အရံမင်းသားဆိုလို့လား"

စကားမပြန်တော့ဘဲ မဏိက ဆိုင်ကယ်ပေါ်ခွလိုက်ပြီး . . .

"မင်းလည်း မဆိုးဘူးဘဲ၊ မင်းဝင်လုပ်ပါလား"

"မဆိုးရုံနဲ့မရဘူးဗျ၊ ချောမှဖြစ်မှာ၊ ခင်ဗျား သေချာစဉ်းစားနော်"

စိန်လွင်က အားမလျှော့ဘဲ လှမ်းအော်လိုက်သေးသည်။

စိတ်ညစ်တဲ့ထဲက ပြုံးလိုက်မိသေးသည်။

နာရီကိုကြည့်တော့ လေးနာရီထိုးတော့မည်။

ဈေးထဲဝင်၍ စားဖို့ တစ်ခုခုဝယ်ပြီး ပြန်ချက်ရအုံးမည်။

သူ ဆိုင်ကယ်ကို ဈေးဘက်ကွေ့ဝင်ခဲ့သည်။

✦ ✦ ✦



## အခန်း (၄)

ဈေးသည်လှမ်းပေးသည့် ကြက်သားထုပ်ကိုယူ၍ ကျွတ်ကျွတ်အိတ်ကြီးထဲထည့်လိုက်ကာ ပိုက်ဆံရှင်းသည်။

ထိုစဉ် သူ့အနားမှာ အမျိုးသမီးတစ်ယောက် လာရပ်၏။

"ဒီကြော်ငြာကြည့်စမ်း မမနု၊ မိုးမြင့်ကောင်းကင် မချောဘူးလား"

ကြက်သားသည်က လက်ကပျာကယာသုတ်၍ လှမ်းယူကြည့်ကာ . . .

"ဟုတ်ပဟယ်၊ အဲဒီမင်းသမီးက ချောကိုချောတာ၊ သူ့အမူအယာလေးကလည်း ဘယ်သူနဲ့မရောဘူး၊ တစ်မျိုးလေးသိလား"

"သူက အိမ်ထောင်ရေးကားတွေဆို သူ့အမူအယာလေးနဲ့ သိပ်လိုက်တာ၊ "တိမ်မျှင်ခိုး"မှာ အကယ်ဒမီရသွားတာ၊ ကြည့်စမ်း၊ တန်တယ်"

မဏိလှမ်းကြည့်လိုက်တော့ ရောင်စုံကြော်ငြာပေါ်မှာ မိုးမြင့်ကောင်းကင်ရဲ့ မျက်နှာတစောင်းကိုအပြည့်ထည့်ကာ ပုံသေးလေးတွေက အောက်နားမှာ။

"မမနု သူက အပျိုဆို"

"ဟုတ်တယ်ပြောတာပဲ၊ မင်းသားမင်းသမီးတွေအကြောင်းက ရေးချင်သလို ရေးနေကြတာပဲအေ. . . မသိပါဘူး"

"ကျွန်မကတော့ မင်းသားဖြစ်ဖြစ်၊ မင်းသမီးဖြစ်ဖြစ် အပျိုလူပျိုလေးတွေပဲ ဖြစ်စေချင်တယ်၊ ကိုယ်နဲ့မဆိုင်ပေမယ့် အိမ်ထောင်ကျသွားပြီဆိုရင် သူတို့သရုပ်ဆောင်တာ ကြည့်ရတာကိုက တစ်ခုခုလို နေသလိုပဲ"

"ဒါကအေ. . . အိမ်ထောင်ကျခဲ့တယ်၊ မကျခဲ့ဘူးဆိုတာ သူတို့ပြောသလို ဖြစ်နေတဲ့ကိစ္စ၊ ဘယ်သူက တပ်အပ်သိမှာလဲ"

"ဘာပဲဖြစ်ဖြစ် သိသာသိ မမြင်စေနဲ့ပေါ့"

မဏိ ကျောခိုင်းလာခဲ့သည်။

မင်း အောင်မြင်ပါစေ ဘန်ဘန်။

ကိုယ်ကြည်ဖြူစွာ ရှိနေပါတယ်။

မင်းရဲ့အောင်မြင်မှု အဓွန့်ရှည်ဖို့ ကိုယ်တို့သားအဖ ပုဆိုးခြုံထဲက မထွက်ဘဲနေပါ့မယ်။

ဝယ်ခြမ်းစရာရှိသေးသည်တို့ကို မဏိ ဘာမှသတိမရတော့ဘဲ ဆိုင်ကယ်ရှိရာ ရောက်လာသည်။ သူ့ရင်ထဲမှာ ဟင်းလင်းပြင်. . .။

✦ ✦ ✦



# အခန်း (၅)

"ကိုမဏိစည်"

ခေါ်သံကြောင့် လှည့်ကြည့်လိုက်တော့ အမျိုးသမီးတစ်ယောက်နှင့် ဆယ်ကျော်သက်အရွယ် ကောင်မလေးတစ်ယောက်။

ကျောင်းမှာ တခါတလေဆုံတတ်ပေမယ့် သိကျွမ်းရင်းနှီးမှုခြင်း မရှိပါ။ ဒါပေမဲ့ ကိုယ့်ရှေ့ရောက်လာပြီမို့ ပြုံးပြလိုက်ရသည်။

"ဝေသီက ဝေသီမြင့်လွန်းပါ၊ မမကြီးက ကေသီမြင့်လွန်း။ ဝေသီတို့က ကိုမဏိစည်ရဲ့ ပရိသတ်တွေပါ"

"ဪ. . . ဟုတ်ကဲ့၊ အားပေးကြတာကို ကျေးဇူးတင်ပါတယ် ဗျာ"

"ကိုမဏိစည်ရဲ့ သီချင်းတွေက မြန်မာသံစဉ်ရော၊ ကော်ပီရော သိပ်ကောင်းတာပဲ၊ ဝေသီတို့ဆို ဘယ်သူဆိုတဲ့သီချင်းဖြစ်ဖြစ် ဘယ်သူရေးတဲ့သီချင်းလဲလို့ အရင်ရှာကြည့်တာ"

တကယ်ပဲ ကျေနပ်သွားမိသည်။

အနုပညာကိုအားပေးကြတဲ့ ယနေ့ပရိသတ်ရဲ့ တိုးတက်မှုပါပဲ။

ဟိုးအရင်ကဆို ရုပ်ရှင်ကြည့်တာ ရုပ်ရှင်မင်းသမီး မင်းသား ဘယ်သူဆိုရုံနှင့် ကြည့်ဖို့ မကြည့်ဖို့ကိုဆုံးဖြတ်ပြီးသား ဖြစ်တတ်ပေမယ့် ယနေ့တိုးတက်ခဲ့တဲ့ ခေတ်မှာတော့ ဒါရိုက်တာဘယ်သူလဲ၊ ဝတ္ထု၊ ဇာတ်ညွှန်းဘယ်သူလဲ စသည့် ဇာတ်ရဲ့အရည်အချင်းထိ လိုက်တတ်လာကြပြီ။ သီချင်းဆိုလျှင် သီချင်းထွက်လာလို့ ဘယ်လောက်ကောင်းတဲ့သီချင်းဖြစ်ဖြစ် နာမည်ကြီးတာက အဆိုရှင်၊ သီချင်းရေးဆရာကို စိတ်ဝင်စားမည့်သူက မရှိသလောက်ရှားခဲ့တာ။

ခုတော့ အားလုံးက တိုးတက်ပြောင်းလဲလာခဲ့လေပြီ။

"ကိုမဏိစည်"

"ဗျာ"

"ကလေးလာကြိုတာလားဟင်"

"ဟုတ်ကဲ့"

"ကလေးက ကိုမဏိစည်ရဲ့ကလေးလား"

"ဟုတ်ပါတယ်၊ ကျွန်တော့်သားပါ"

စကားတွေ သိပ်များလာမှာစိုး၍ ကျောင်းကို မကြာခဏလှမ်းကြည့်နေမိသည်။ သားတို့အတန်းက စာအံသံတွေကြားနေရဆဲ။

ဝေသီမြင့်လွန်းဆိုတဲ့ကောင်မလေးက ကေသီမြင့်လွန်းကို တစ်စုံတစ်ခုပြောဖို့ တို့ဆိတ်သတိပေးနေသလိုလုပ်နေပြီး ခဏကြာမှ





ကေသီမြင့်လွန်း၏ ရှက်ဝဲဝဲသံလေးထွက်လာသည်။

"ကိုမဏိစည် စားသောက်ဆိုင်နဲ့ မင်္ဂလာဆောင်၊ အလှူပွဲတွေမှာ သီချင်းဆိုတယ်နော်"

"ဟုတ်ကဲ့"

"အသံလည်းကောင်းတာပဲ၊ စီးရီးမထုတ်ဘူးလားဟင်"

"မထုတ်တာက ထုတ်ပေးမယ့်လူမရှိလို့ပါ။ ထုတ်လောက်အောင်လည်း မကောင်းလို့ဖြစ်မှာပါ"

"မာနလည်းကြီးပုံရတယ်၊ ကိုယ်ရေးတဲ့သီချင်းတွေကလွဲပြီး အပြင်သီချင်းတွေဆိုတာ မကြားဖူးသေးဘူးနော်"

မဏိ တွေးပြီ. . .

ဒီနှစ်ယောက် သူ့ကို စိတ်ဝင်စားမှုက သေးသေးလေးဟုတ်ဟန်မတူ။ သူ့သီချင်းဆိုတိုင်း နားထောင်မိနေတဲ့ပုံထောက်လျှင်. . .

"မာနကြီးတာမဟုတ်ပါဘူး။ သူ့သီချင်းဆိုရင် သူ့လိုကောင်းမှဖြစ်မှာလေ၊ ကိုယ့်သီချင်းကိုယ်ဆိုတော့ လွတ်လပ်တာပေါ့၊ မဟုတ်ဘူးလား"

"ထားပါတော့၊ ဟော. . . ကျောင်းဆင်းပြီ"

ကျောင်းခေါင်းလောင်းထိုးသံကို နားထဲမှာ နားဝင်ချိုလှပါဘိဟုထင်လိုက်မိသည်။

ဒါတောင် ကလေးတွေ ချက်ချင်းထွက်မလာ။

နိုင်ငံတော်သီချင်း ဆိုနေကြသည်။

ကောသီမြင့်လွန်းက ကျောင်းဆီတစ်ချက်လှမ်းကြည့်၍. . .

"ကလေးက ချစ်စရာလေးနော်၊ ဒါပေမယ့် ကိုမဏိစည်နဲ့ မတူဘူး၊ မအေတူတာ ဖြစ်မယ်"

လှည့်လာပြန်ပြီ။

ကလေးရဲ့အမေနဲ့ ပတ်သက်လို့ကတော့ သူ ဘာမှ ဖြေလိမ့်မည်မဟုတ်။

"သားလာပြီ"

စကားရှေ့ဆက်မည်စိုးကာ သားဆီကို မျက်နှာမူလိုက်ရသည်။

မင်းဘဏ္ဍာက မျက်နှာကြီးပုတ်သိုးကာ သူနဲ့ဟိုနှစ်ယောက်ကို မကြည်ကြည့်နဲ့ကြည့်၏။

"သား. . . မင်းကလည်းကွာ၊ စောစောလာကြိုနေပြန်တော့ ...ည်း မကြည်ပါလား၊ မျက်နှာကြီးက စူပုတ်နေတာပဲ"

သူထိုင်ပြီးတော့ မင်းဘဏ္ဍာက ဘာမှမပြောဘဲ ဆိုင်ကယ်ပေါ် ...ဆောင့်ဆောင့်လေးတက်လိုက်သည်။

အိမ်ပြန်ရောက်လာတဲ့အထိ တိတ်ဆိတ်နေပြီးမှ . . .

"ဖေကြီး"

အိမ်ပေါ်ရောက်တော့ လွယ်အိတ်ပင်မဖြုတ်ရသေးဘဲ. . .

"ဖေကြီး အဲဒီမိန်းမကြီးတွေနဲ့ ဘာဖြစ်လို့ခေါ်တာလဲ"

"ဟင်. . . ဘာဖြစ်လို့လဲ"

"အဲဒီမိန်းမကြီးတွေကို သားသား မုန်းတယ်"





"ဟော. . . ဘာဖြစ်လို့လဲကွ၊ ပြောစမ်းပါအုံး"

မင်းဘဏ္ဍာက ပြန်တွေးပြီးဒေါသထွက်နေပုံမျိုးနှင့် အသက်ရှုပြင်းနေသေးသည်။

"အဲဒီ ဆံပင်တိုတိုနဲ့အန်တီက သားသားကို ဖေကြီးသား မဟုတ်ဘူးတဲ့"

"ဟာကွာ"

"ဖေကြီးက သားသားကိုမွေးစားထားတာနေမှာတဲ့၊ ကိုမဏိစည်က အိမ်ထောင်ကျဖူးတဲ့ပုံစံ မဟုတ်ဘူးတဲ့၊ လူပျိုတဲ့"

"ပြဿနာပဲကွာ"

"ဟိုတစ်ယောက်ကလည်း သားသားကို နင့်အဖေက ကိုမဏိစည်ဆိုရင် မေမေက ဘယ်သူလဲတဲ့"

မဏိ ထိတ်ခနဲဖြစ်သွားမိသည်။

ဒီမအေကိစ္စ နေ့တိုင်းပြဿနာရှင်းနေရတာ မလွယ်ပါလား။

"အဲဒါ သား ဘာပြောလိုက်လဲ"

"မေမေက ဖေကြီးနဲ့စိတ်ဆိုးလို့ ကွဲနေတာလို့ ပြောလိုက်တာပေါ့"

"ဘာလို့ အဲဒီလိုပြောရတာလဲ သားရဲ့။ ခရီးထွက်နေတယ် ပြောလိုက်ရင်ပြီးတာပဲကွာ"

"ခရီးထွက်နေတာမှမဟုတ်တာ ဖေကြီးရဲ့ ခရီးထွက်တဲ့လူက ဒီလောက်အကြာကြီး ထွက်နေတယ်ဆိုရင် သူတို့က ဘယ်လိုလုပ် ယုံ

မှာလဲ''

မဏိ ခေါင်းကုတ်မိလေသည်။

''ဖေကြီး''

''ဟင်''

''အဲဒီမိန်းမကြီးတွေက သားသားလေးမှာ မေမေမရှိရင် သူတို့က မေမေလုပ်မလို့နေမှာ၊ ဖေကြီးကိုပဲ ချောတယ်လှတယ်နဲ့ ချစ်နေကြတာ''

''ဟာကွာ. . . ဒီကောင်''

''နောက်ပြီးတော့ပြောသေးတယ်၊ ကလေးမျက်နှာကချောပေမယ့် ကိုမဏိစည်မျက်နှာနဲ့မတူတာ ကြည့်ပါလားတဲ့၊ သူ့မအေနဲ့တူတာ နေမှာပေါ့တဲ့''

''ဟုတ်တယ်လို့ သားက ပြောလိုက်ပါလား''

မင်းဘဏ္ဍာက လွယ်အိတ်ကိုဖြုတ်ချ၍ ဆက်တီမှာ ထိုင်ချလိုက်ကာ. . .

''ဘယ်လိုလုပ်ပြောရမှာလဲ၊ သားသားမှ မေမေ့ကိုမမြင်ဖူးတဲ့ဟာ၊ ဖေကြီးက သားသားကို ဖွတ်ညာခိုင်းနေတာပဲ၊ သားသား မညာချင်ဘူး၊ သူတို့ကိုပြန်ပြောနိုင်အောင် ဖေကြီး မေမေ့ကို ပြထားပါလား''

အမဲလေး တတ်လိုက်ပါတဲ့ သူကောင်းသားရယ်။

ချည်ပြီးတုတ်ပြီးပြောချလိုက်တဲ့ မင်းဘဏ္ဍာရဲ့စကားပြောထဲမှာ မဏိ ချောင်ပိတ်သွားသည်။

(ဇွန်းစာပေ)



ဒီလိုမေးခွန်းတွေဟာ တစ်နေ့ထက်တစ်နေ့ တစ်စထက်တစ်စ ပို၍တိုးပွားလာမည်သာ ရှိတော့သည်။

သူ ဘယ်လို ဘယ်အတိုင်းအတာထိ ရှောင်နိုင်မှာလဲ။

✦ ✦ ✦

## အခန်း (၆)

ဓါတ်ပုံထဲမှာတော့ ကိုယ့်ကို ငဲ့ကြည့်နေသည့်မျက်နှာမှာ မျက်လုံးတို့က ချစ်ရည်ရွှန်းလျက်ပြုံးနေတဲ့ နှုတ်ခမ်းတို့မှာ နူးညံ့ကြင်နာမှုတွေ အပြည့်။

ရင်ခွင်ထဲမှာနေရင်း မော့မော့လေးငေးကြည့်ပြုံးနေသည်။ ကိုယ့်မျက်လုံးအပြုံးတို့သည်လည်း ရင်ခုန်သက်ဝင်နေလေသည်။

ရွှေကြုတ်လေးက သေးငယ်ပေမယ့် မျက်နှာပြင်လေးတွေချည်း ထည့်ရိုက်ထားတာမို့ ရှင်းရှင်းကြည်ကြည်မြင်နေရသည်။

ဒီမျက်နှာတွေမှာ အချစ်တွေ ရှိနေသတဲ့လား။

ရင်ထဲမှာ နာကျည်းနေပါလျက် ဒီကြုတ်လေးကို မကြာခဏ ဖွင့်ကြည့်မိခဲ့သည့်အခါတိုင်း နှလုံးသားက တဆတ်ဆတ်ခါနေတာ နာကျည်းတာပဲဖြစ်ပါစေ။

(ဗျူးတာပေ)



သစ္စာမရှိ ပေါ့ပျက်သောဒီလိုလူမျိုးကို ကိုယ်က လွမ်းနေသင့်သလား။

''ဘန်''

နောက်ကခေါ်သံ။

ကြုတ်ကလေးကို အသာပြန်ပိတ်၍ ဗူးထဲပြန်ထည့်လိုက်သည်။ ပြီးတော့မှ ဗူးကို အံဆွဲထဲထည့်၍ ဒီဘက်လှည့်၏။

''ကိစ္စရှိရင် အပြင်ကစောင့်လေ၊ ဘန်လာခဲ့ပါမယ်''

ငြိမ်းဟန်စိုးက မျက်မှောင်တစ်ချက်ကုတ်လျက် တစ်ခုခုပြောတော့မည်ဖြစ်ပြီးမှ ချာခနဲလှည့်ထွက်သွားသည်။

ထင်သည့်အတိုင်းပင် သူ့ရှေ့မှာ ခင်ဘဏ္ဍာဝင်ထိုင်လိုက်သည်နှင့်. . .

သူ့ဘက်က မကျေနပ်မှုကို စတင်သည်။

''နိုင်ငံကျော်မင်းသမီးတစ်ယောက်ဆီ ဗျူးဖို့လာတဲ့ ဂျာနယ်သမားတစ်ယောက်လို ဘန် ကိုယ့်ကိုဆက်ဆံတာတော့ သိပ်အဆင်မပြေဘူးကွ''

''ဒါ. . . ဘာဆိုင်လဲ ကိုကြီး၊ ကိုကြီးဘယ်အဆင့်ပဲရှိရှိ ဘန်နဲ့ဘယ်လောက်ပဲရင်းနှီး ရင်းနှီး အိပ်ခန်းထဲမှာ လက်ခံတွေ့ဆုံဖို့ထိ ဘန်ဘယ်တော့မှ စဉ်းစားမှာမဟုတ်ဘူး။ သင့်လည်း မသင့်တော်ဘူး''

''မှန်ပါတယ်၊ ဒါကို ကိုကြီးတွေးမိတယ်၊ ဒါပေမဲ့ ဘန့်မျက်နှာက အဲဒီစကားလုံးတွေထက် ပိုပြင်းတယ်''

(ဗျူးတာပေ)

"ဘန် နေတတ်သလိုနေတာပါ"

ငြိမ်းဟန်စိုး မကျေနပ်သေးပေမယ့် ခေါင်းညိတ်ရသည်။

"ကောင်းပြီလေ၊ ကိုကြီးအပေါ် ဘန် အဲဒီလို တစိမ်းပြင်ပြင် သဘောထားနေတာ ကိုကြီး မခံစားနိုင်တဲ့တစ်နေ့ ဘန့်ကို သိမ်းပိုက်ဖို့ ကြိုးစားမိမှာပဲ၊ ဒါပေမဲ့ ဘဝအပိုင်ယူတာမျိုးကို ကိုကြီးမလုပ်ချင်လို့ လူကြီးတွေ ဘယ်လောက် ကြိုစည်တိုက်တွန်းကြပစေ နားမထောင်ဘဲ ဘန့်ကို အလှကြည့်နေခဲ့တာ"

"မငြိမ်းခြောက်ပါနဲ့ ကိုကြီးရယ်၊ ဘန် အိမ်ထောင်ကျခဲ့ဖူးပါတယ်၊ ကလေးပျက်ခဲ့ဖူးတယ်ဆိုတာတွေကို လက်မခံနိုင်လို့ အချိန်နဲ့ ကုစားရင်း စောင့်နေခဲ့တယ်ဆိုတာလည်း ထည့်ပြောလိုက်ပါ"

နိုင်ငံခြားသစ်ကိုယ်စားလှယ် အရာရှိကြီးရဲ့မျက်နှာ နီရဲသွားသည်။

"ကိုကြီးရဲ့ဂုဏ်တွေ၊ ပါဝါတွေ ပျက်ကုန်မှာစိုးလို့ ညှိုးနွမ်းမခံနိုင်လို့ဆိုတာ မပြောပေမယ့် သိသာပါတယ်"

"ဒါဖြင့်. . . ကိုကြီး ဘန့်ကို အခုလက်ထပ်မယ်"

"တော်ပါကိုကြီးရယ်၊ ဗိုက်ကလည်းဆာ၊ ပဲကလည်းနပ်ပြီ၊ ဒါကို ဗိုက်ဆာလို့သာ စားရတာပါလို့ တစ်ခြမ်းကပ်ပြီး အနိုင်မယူပါနဲ့၊ ခုချိန်မှာ ဘန် ဘယ်လိုယောကျ်ားမျိုးကိုမှ လက်ထပ်ဖို့စိတ်မကူးဘူး"

ခင်ဘဏ္ဍာက အပြတ်ပြောသည်။

"ဘယ်တုန်းကမှလည်း လက်ထပ်ဖို့ မင်း စိတ်မကူးခဲ့ပါဘူး





ဘန်၊ တကယ်တော့ စိတ်နာတယ်ပြောနေတဲ့ မင်းနှလုံးသားက သူ့ကို တိုးတိတ်တမ်းတနေတာပါ"

"ဟုတ်ပါ့မလား။ ဘန် ကိုယ့်ကိုယ်ကိုတောင် အဲဒီလောက်ထိ စိတ်မဝင်စားဘူး"

ခင်ဘဏ္ဍာကလိသမျှ ငြိမ်းဟန်စိုး မခံမရပ်နိုင်ဖြစ်နေလိုက်တာ နေမထိထိုင်မသာ။

"ဟော မောင်စိုးရောက်နေတာကိုး. . ."

ဒေါ်စိန်မမရောက်လာသည်မို့ စကားစစ်ထိုးပွဲလေးက မတင်မကျနှင့် ငြိမ်သက်သွားသည်။

"ကိစ္စရှိလို့လား. . . သား"

"ဟုတ်ကဲ့၊ ဘန့်အတွက် နောက်ထပ် ဇာတ်ကားလေးကား စချုပ်လိုက်တဲ့အကြောင်း လာပြောတာပါ"

"ဘာ"

ခင်ဘဏ္ဍာ မျက်နှာတင်းသွားသည်။

"အဲဒါ ဘန် လုံးဝမကျေနပ်ဘူး ကိုကြီး။ ရုပ်ရှင်နဲ့ပတ်သက်သမျှ ဘန့်ရဲ့လူကြီးတစ်ယောက်အဖြစ် ရှေ့က ဒိုင်ခံပြေးရှင်းပြေးနေတာ စေတနာသန့်သန့်နဲ့လား။ ငါတင်ပေးတဲ့မင်းသမီးဆိုတဲ့ ပါဝါလိုချင်တာလား"

"ဟာ. . . ဘန်"

"ဘယ်လိုပြောလိုက်တာလဲ သမီးရယ်"

"ကိုကြီးစေတနာကို ဒီလောက်မစော်ကားနဲ့ ဘန်၊ မင်းကို အောင်မြင်တဲ့ အနုပညာသမားတစ်ယောက်ဖြစ်အောင် ကိုယ်နဲ့ လုံးဝ အံမဝင်ဂွင်မကျတဲ့ လုပ်ငန်းတစ်ခုကို ကိုကြီး စွန့်စားပြီးလုပ်ခဲ့တာ"

အတိတ်မေ့နေတဲ့ တစ်ခုလပ်မလေးရဲ့ အသည်းကွဲသောကကို ပြေပျောက်ပါစေတော့လို့ စေတနာပိုခဲ့တဲ့အကြောင်း သူဖန်တီးပေးခဲ့တာကို ငြိမ်းဟန်စိုးက ပုံကြီးချဲ့ပြောပြနေသည်။

"လုပ်မနေနဲ့ကိုကြီး၊ အဲဒီအလုပ်ကို အတိတ်မေ့နေခဲ့တဲ့ဘဝက ပျော်မွေ့ခဲ့တာ ဖြစ်ချင်ဖြစ်မယ်၊ ခု ဘန် လုံးဝစိတ်ပျက်နေပြီး အောင်မြင်တဲ့ အနုပညာသည်တစ်ယောက်ရဲ့ အနှောင်အဖွဲ့ကို မလိုချင်ဘူး၊ ဘန် လွတ်လပ်ချင်တယ်၊ သွားလာခံစားချင်တယ်၊ နောက်ထပ် ကားရိုက်ဖို့ကိစ္စကိုလည်း ကိုယ့်ရဲ့စိတ်ဝင်စားမှု အတက်အကျအပေါ်မူတည်ပြီး ဆုံးဖြတ်ချင်တယ်၊ အခု ကိုကြီးလုပ်ခဲ့တာ ဘန်မကျေနပ်ဘူး"

"ခက်တာပဲ ဘန်ရာ"

"စကားကို ပြင်ပြောစမ်းဘန်၊ ဒါ ဝါသနာပါလို့ ဖဲကစားနေတာ မဟုတ်ဘူး၊ နိုင်ငံနဲ့ချီပြီး အလုပ်လုပ်နေတာ၊ သမီး မောင်စိုးကိုစကားပြောတာ သိပ်ကလေးဆန်နေတယ်"

သူ့ရဲ့ ပင်ကိုယ်ဝသီအတိုင်း ဒေါ်စိန်မမရဲ့မျက်လုံးတို့က စိန်ရောင်နဲ့အပြိုင် လက်လာကြသည်။

ဒီလိုဖြစ်လာလျှင် ဘယ်သူ ဖီဆန်ကန့်ကွက်ရဲခဲ့လို့လဲ။

ခင်ဘဏ္ဍာမျက်ရည်ဝဲ၍ စေ့စေ့ကြည့်နေသည်။

(ဗျူးစာပေ)



"သမီးရှေ့ရေးအတွက် သူစဉ်းစားပေးနေတာ၊ သူ့အကျိုးအမြတ် ဘာရှိသလဲ၊ ရလာသမျှ ဝင်လာသမျှငွေအားလုံး ဘဏ်မှာ သမီးနာမည်နဲ့ စာရင်းအတိအကျ သူသွင်းပေးထားတာပဲမို့လား"

"ငွေ. . . ဘာလုပ်ဖို့လဲ အဲဒီငွေ၊ မေမေ. . . ဘန် ဟန်မဆောင်ချင်တာ၊ အများရဲ့ရှေ့မှာ ဟန်ဆောင်ငိုနေရယ်နေရတာ ဘန်မလုပ်ချင်တော့တာ၊ ကြာလာတော့ ကိုယ်တကယ်ငိုချင်တာတောင် အတုလား အစစ်လား ခွဲခြားနေရတဲ့အဖြစ်"

"ဘာပဲဖြစ်ဖြစ် ကိုယ်ကစခဲ့ပြီး ဆုံးအောင်ကရမှာပဲ၊ ဒီလောက်အောင်မြင်နေတာကို ညည်းမို့ ခေါင်းခါရက်တယ်"

"ကဲ. . . ရုပ်ရှင်မရိုက်ချင်ဘူးဆိုတော့ ဘန်က ဘာလုပ်ချင်လို့လဲ၊ ကိုကြီးကို ပြောပါအုံး"

ခင်ဘဏ္ဍာက မျက်နှာလေးကိုမော့ကာ. . .

"ခရီးထွက်ပြီး လွတ်လပ်ခြင်းရဲ့သုခကို အပြည့်အဝခံစားချင်တယ်"

"မဏီစည်ကို ရှာချင်တာများလား ဘန်ရယ်"

"ကိုကြီး. . . ဒါကို ဘာဖြစ်လို့ ခဏခဏ ထည့်ပြောနေရတာလဲ"

"စိုးရိမ်တယ် ဘန်၊ ကိုကြီး မင်းကို ဒီဘဝထဲဆွဲထည့်ပေးတာ အနုပညာနဲ့ပြည့်သူတွေထဲမှာ မင်းလုံးထွေးပြီး အတိတ်ကိုမေ့သွားစေချင်လို့"

(ဗျူးစာပေ)

ခင်ဘဏ္ဍာက အံကလေးကြိတ်သည်။

"ဘန်. . . ဒီဘဝထဲကိုရောက်ခဲ့တာ အတိတ်မေ့ဝေဒနာသည် ဘဝကပါ၊ နဂိုစိတ်နဲ့ဆို ဘန် ဘယ်လိုမှ စိတ်ကူးမိမှာမဟုတ်ဘူး"

"ဒီစကား ဒီမှာပဲထားစမ်း ဘန်၊ ဒါတွေအပြင်မှာ ပေါက်ကြား ကုန်ရင် အာလုံးရှုပ်ကုန်မှာပဲ၊ ညည်း ဘာမှ စောဒကမတတ်ရဘူး၊ ဘဝရဲ့ရှေ့ပိုင်းမှာ ကိုယ်လုပ်ချင်တာလုပ်ခဲ့လို့ မှားခဲ့ပြီးပြီ၊ ဒီနောက်ပိုင်း ဘဝမှာ ညည်းကိုယ်ပိုင် ဘာမှဆုံးဖြတ်ခွင့်မရှိဘူး"

"မေမေ"

ဒေါ်စိန်မမက ဂရုမစိုက်စွာ။

"လုပ်စရာရှိတာ ဆက်လုပ်မောင်စိုး၊ အန်တီက လုပ်ပိုင်ခွင့် အားလုံး မင်းကို လွှဲထားပြီးသား"

✦ ✦ ✦



## အပိုင်း (၇)

"ဟော. . . လာပါပြီ၊ ကလေးအဖေ အဆိုတော်ကြီး"

ညဘက်သီချင်းဆိုထွက်တိုင်း သားကိုခေါ်ခဲ့၍ နောက်ခန်းထဲမှာ ထားခဲ့ရသည့်သူ့ဘဝ။

ညဘက် အိမ်မှာ ကလေးတစ်ယောက်တည်း သိပ်ထားခဲ့ဖို့ လည်း စိတ်မချနိုင်။

ဒါ့ကြောင့် မင်းဘဏ္ဍာလေးက လူပေါင်းစုံလက်ပေါ်မှာ ကြီး ပြင်းလာရလျက် လူသွက်လူကဲလေး ဖြစ်နေခဲ့ခြင်းပင်။

ဆိုင်ကယ်တစ်စီး ကျောမှာဂစ်တာနှင့် ရင်ခွင်ထဲမှာ ကလေး တစ်ယောက်ဆိုတာ မဏိစည်ရဲ့အသိုင်းအဝိုင်းကတော့ သိနေပြီးသား။

ဒါပေမဲ့ . . .

"မသိတဲ့လူက ရှိတယ်လေကွာ၊ တချို့ကောင်မလေးတွေဆို မင်းနောက်ကျရင် မင်းဝင်လာမယ့်နောက်ပေါက်က လာစောင့်ကြတာ၊

လာမယ့်လာတော့ ကလေးကတစ်ဖက်နဲ့ အနုပညာသမားဟာ ပျို့တာအံတာနဲ့ မဆိုင်ဘူးဆိုပေမယ့် သိသာသိစေ၊ မမြင်စေနဲ့ပေါ့ကွာ၊ မင်းရဲ့အောင်မြင်မှု ပိတ်ဆို့မှုဖြစ်သလို ငါတို့အတွက်လည်း နည်းနည်းတော့ ထိခိုက်တာပဲ''

ဟိုတယ်ပိုင်ရှင် ဦးလှမင်းက စကားစလာသည်။

''ခုလည်း ကလေးက ကြီးပြီပဲ၊ အိမ်မှာ အိမ်ဖော်နဲ့ သိပ်ထားခဲ့ပေါ့''

''အိမ်ဖော်မရှိဘူး ဦး''

''မရှိရင်ထားပေါ့ကွာ၊ မင်းလည်း ဝင်ငွေမဆိုးဘူးပဲ၊ အိမ်ဖော်တစ်ယောက်ရှာပြီး ကလေးကိုထားပေါ့၊ တစ်ညထဲ မင်း သီချင်းလှည့်ဆိုနိုင်ရင် ငွေက သဲ့ယူရုံပဲ''

''ကလေးက မအေရှိတာမဟုတ်ဘူး ဦးရယ်၊ ဖအေနဲ့လည်း တစ်နေကုန် မဆုံရဘူးဆိုရင် ဒီကလေးရဲ့စိတ်တွေ စာရိတ္တတွေ ဘယ်ထိ ရောက်သွားမလဲ''

''ဒါကတော့ ကိုယ်ရှာနိုင်မှ သူစားရမှာကို ထည့်တွက်ရမယ်လေ''

''မှန်ပါတယ်၊ ဒါပေမဲ့ ကျွန်တော် တစ်ည တစ်သောင်းဝင်မယ့် ငွေဟာ တစ်ထောင်လောက်ပဲရရင် တော်ပြီ၊ နောက်ပိုင်း ဘာနဲ့မှ ဆယ်ယူလို့မရနိုင်တော့မယ့် သားရဲ့အနာဂတ်ကောင်းဖို့ကိုပဲ ကျွန်တော် ငွေနဲ့လဲယူရတော့မှာပဲ''





ဦးလှမင်း ခေါင်းတယမ်းယမ်းနှင့် ထွက်သွားသည်။

အလှည့်ကျ ကျေညာသံပေါ်၍ ဂစ်တာဆွဲကာ သူ စင်ပေါ်တက်လာခဲ့လျှင် ရောင်စုံဆလိုက်မီးတို့က သူ့ကိုယ်ပေါ် ဖြာကျလာကြ၏။

သီချင်းဆုံးလျှင် လက်ခုပ်သံတွေ ဆူညံသွားသည်။

သူ့လည်တိုင်မှာ ပန်းကုံးသုံးကုံးနှင့် လက်ထဲမှာ ပန်းစည်းလက်ဆောင်တစ်ခု။

သူ စတိတ်ချ်ကဆင်းလာသည်နှင့် သီတာခန့်က တအံ့တသြ

''ကိုစည်ကို သီချင်းတောင်းထားတာရှိတယ်လေ၊ မဆိုဘူးလား''

''မဆိုတော့ဘူး သီတာ၊ မနက် သားစာမေးပွဲရှိတယ်၊ ညဥ့်နက်လို့မဖြစ်ဘူး''

ပြောကြရင်း နောက်ခန်းထဲ ရောက်လာကြသည်။

မင်းဘဏ္ဍာကို စိမ်းပြာလင်းက စာပြပေးနေလို့. . .

''သားက တော်တယ်ကွာ၊ ခဏလေးကျက်တာနဲ့ အကုန်ရတာပဲ၊ အင်္ဂလိပ်စာဆိုတာလည်း အရမ်းပီတာပဲ''

သူတို့ အနားရောက်လာကြသည်နှင့် . . .

''ဖေကြီး''

''ဟင်''

''သားသား စာရပြီ၊ ဖေကြီး သီချင်းဆိုလေ၊ ပြီးပြီလား''

''ပြီးပါပြီ သားရယ်၊ ပြန်မယ်''

"ဟုတ်"

မင်းဘဏ္ဍာက ကုလားထိုင်ပေါ်မှ ဖျတ်ခနဲခုန်ဆင်း၍ စာအုပ်တွေသိမ်းသည်။

ဖအေ သီချင်းဆိုတဲ့နေ့ဆို နောက်မှာ မင်းဘဏ္ဍာစာကျက်ရင်းစောင့်ရသည်က အဆန်းမဟုတ်တော့ပေ။

"အန်တီ. . . တာ့တာ"

ခင်မင်နေကြသည်မို့ မင်းဘဏ္ဍာက နှုတ်ဆက်သည်။

အပြန်အလှန်လက်ပြ၍ နှုတ်ဆက်ကြပြီး သူတို့ရဲ့ဆိုင်ကယ်လေးဟိုတယ်နောက်ပေါက်မှ ဝေါခနဲကွေ့အထွက်တွင် အနက်ရောင်မှန်လုံကားလေးတစ်စင်းနှင့် ကပ်ဖြတ်သွား၏။

"ဟင်"

ခင်ဘဏ္ဍာ ကားကို တုန်ခါသွားတဲ့အထိ ဘရိတ်ဆောင့်အုပ်ပစ်လိုက်သည်။

မှန်တွေချနေဖို့ထိ စိတ်ကမအားဘဲ တံခါးကို ဖျတ်ခနဲဖွင့်ကာ ခြေထောက်တစ်ဖက်ချ၍ ကိုယ်တစ်ပိုင်းအပြင်ထွက်ကာ လိုက်ကြည့်မိ၏။

ထွက်သွားသည့်ဆိုင်ကယ်ပေါ်မှာ သူလား။

မဏီစည်. . .။

မြင်လိုက်ရသည့်ကျောပြင်ပြပြက မသဲကွဲတော့ ဖွေးခနဲမြင်လိုက်ရသည့် မျက်နှာအောက်မှာ မျက်နှာလေးတစ်ခု။

ဟုတ်တယ်၊ ရင်ခွင်ထဲမှာ ကလေးလေးရှိနေတယ်။





ဩော်. . . သူက ကလေးတောင်မှ ရနေပြီပဲ။

တစ်စုံတစ်ခု လှုပ်ခါလိုက်သည့်နှယ် ရင်ထဲမှာလှိုက်ဟာ၍ပြင်းထန်စွာ ရိုက်ခတ်သွားသည်။

မောင်. . . မောင်ဆိုသည့်အခေါ်ဝေါ်လေးတစ်ခုကို **နာကျင်**တမ်းတစွာ တွေးမိ၏။

သူနဲ့ကိုယ် လမ်းခွဲခဲ့ကြတာ အပြစ်ရှိတဲ့သူက **ဘယ်သူလဲ။**

ရှင် ဖြေရှင်းဖို့ မကြိုးစားခဲ့ဖူးပေါ့။

တကယ်ဆို ကျွန်မ လက်ခံနိုင်လောက်တဲ့ ဖြေရှင်းချက်**တစ်**ခုခုကို ကျွန်မ ရှင့်ဆီကစောင့်ခဲ့တာ။

ကားတံခါးကို ငြိမ့်ခနဲဆောင့်အပိတ်မှာ မျက်ရည်နှစ်စက်စွန်းထင်းလေသည်။

ကင်မရာရှေ့မှာ ကျတဲ့မျက်ရည်နဲ့ မတူပါဘူး မဏီစည်။

ခပ်ပေါ့ပေါ့ ဂတိလွယ်တဲ့ရှင့်လိုလူ သိပ့်မလား. . .။

✦ ✦ ✦

## အခန်း (၈)

“ဖေကြီး

“ဘာတုံးကွ”

“တီဗီကြည့်မယ်”

“ကြည့်လေ”

“သားသားတစ်ယောက်တည်း ပျင်းတယ်”

“ဟာကွာ. . . သားကလည်း ဒီမှာ ဖေကြီး သီချင်းရေးနေတယ်၊ မနှောက်ယှက်ရဘူးလေ”

မင်းဘဏ္ဍာက သူ့လက်ထဲကဘောလ်ပင်ကို ဆွဲယူ၍ နောက်ဆုတ်ရပ်လိုက်သည်။

“ညဘက် တီဗီကြည့်တိုင်း သားသားတစ်ယောက်တည်းပဲ၊ မရဘူး။ ခု. . .ဖေကြီးနဲ့တူတူကြည့်မယ်”





“ပြောရင် နားလည်သားနဲ့ သားရယ်၊ ဖေကြီးသီချင်းရေးမှ ပိုက်ဆံရမှာပေါ့ကွ၊ ပြီးတော့ ဖေကြီးလာမယ်ဟုတ်လား၊ သွားကြည့်နေနော်”

“ဟာ. . . မရဘူး. . . မရဘူး. . . ဖေကြီး သီချင်းသွားဆိုတော့ သားသား တကောက်ကောက်လိုက်ရတာပဲ၊ ဟိုလိုက်စာကြည့်၊ ဒီလိုက်စာကြည့်နဲ့၊ သားသား စာကျက်ပျက်ရတာပဲ၊ ဖေကြီးလည်း သားသားနဲ့ တီဗီလာကြည့်ရင်း . . . ရေး”

“ဖေကြီးအလုပ်က အဲသလိုမရဘူးကွ၊ တစ်ယောက်တည်း ရေးမှရတာ၊ ပြောရင်နားလည်စမ်းကွာ”

မလည်ဘူး. . . ဖေကြီးလိုက်ကြည့်”

“သားနော်”

“ဖေကြီးနော်. . . လိုက်ကြည့်မှာလား၊ မကြည့်ဘူးလား၊ ဒီဘောလ်ပင် သားသားလွှင့်ပစ်လိုက်မှာ”

ပြောရခက်လှသည့် ကလေးပါလားဆိုသည့် ဒေါသကပါလာသည်။ စားဝတ်နေရေး မပြေလည်တာ စိတ်ညစ်ရတာက တမောင့်။

“သားနော်. . . ဖေကြီးစိတ်ဆိုးအောင်မလုပ်နဲ့၊ မဟုတ်တာကို အလကား ပြဿနာလာရှာနေတယ်၊ ပေး. . . ဘောလ်ပင်”

“မပေးဘူး”

ပြောပြောဆိုဆို မင်းဘဏ္ဍာက ဘောလ်ပင်ကို ဆတ်ခနဲ လွှဲပစ်လိုက်သည်။

"ဟာ. . . ဟိတ်ကောင်"

ကြည့်စမ်း. . . တားတဲ့ကြားက မလေးမစား။

ဒေါသက ရုတ်တရက် ဆောင့်တက်လာသည်။

မင်းဘဏ္ဍာရဲ့လက်တစ်ဖက်ကို ဆွဲကာ ဖင်လေးကို ဖြန်းခနဲ ဖွဲ့ရိုက်ချလိုက်၏။

"အား. . . ဖေကြီး"

"ဘာ. . . ဖေကြီးလဲ၊ မင်း ဒီလောက်ဆိုးရသလား၊ ငါ စားဖို့ ရှာနေတာ မင်းငတ်မှာစိုးလို့. . . သိလား၊ ကဲ. . . ဆိုးအုံး. . . အဲဒါ ဆိုးအုံး"

"အား. . . ကြောက်ပါပြီ ဖေကြီးရဲ့"

နှစ်ချက်သုံးချက် လွှဲ၍ ရိုက်ပစ်လိုက်မိသည်။

သူ့တင်ပါးလေးကို ဆတ်ဆတ်ခါအောင်ဖိပွတ်၍ မင်းဘဏ္ဍာ ဒူးထောက်လေး ညွတ်ကျသွားသည်။

နာလွန်းသဖြင့် ရှိုက်သံက ရုတ်တရက်မထွက်။

"ကြောက်. . . ကြောက်ပါပြီ. . . သားသားကို မရိုက်. . . ပါ . . . နဲ့. . . ဟီး. . . ဟီး"

ကလေးရဲ့ရှိုက်သံထွက်လာမှ တစ်ကိုယ်လုံး ဖျင်းခနဲဖြစ်သွား၏။

မင်းဘဏ္ဍာသည် တင်ပါးလေးကို ဖိပွတ်နေဆဲ။

သူ လက်သီးဆုပ်၍ စားပွဲကို ထုပစ်လိုက်သည်။





သားလေးရယ်။

ရင်ထဲမှာ ခံရတဲ့သူထက် ပိုနာသွားသည်။

ဆက်တီနောက်မှီမှာ မျက်နှာလှန်ချကာ မျက်လုံးတွေမှိတ်ပစ်လိုက်မိ၏။

တလောကလုံး ပြေးကြည့်မှ ဒီသားနဲ့ဖအေ နှစ်ယောက်ထဲ။

မွေးချင်းမောင်နှမမရှိ၊ မအေမရှိရှာသော သားလေးဘဝ အထီးကျန်ရှာမှာပါ။

အမြဲတမ်းလည်း ဒီလိုပဲနေလာခဲ့တဲ့ထဲက ဒီနေ့မှ ဖအေကို ပြင်းပြင်းထန်ထန်လာခေါ်တာ၊ သူ့ခံစားချက်လေးတွေ ပွင့်ထွက်လာတာ ဖြစ်မည်။

ဒါကို ကိုယ်က ဘာလို့ မသိနိုင်ခဲ့တာလဲ။

မှိတ်ထားသည့်မျက်လုံးထဲမှာ ကျခွင့်မရသော မျက်ရည်စတို့က ထွက်လာသည်။

"ဖေကြီး"

သူ မျက်လုံးဖွင့်ကြည့်လိုက်တော့ မျက်ရည်အရွဲသားနှင့် ဘော့လ်ပင်လေးကို ကမ်းပေးနေသည့် မင်းဘဏ္ဍာ။

"ဖေကြီးကို သားသား နောက်တစ်ခါ တီဗီကြည့်ဖို့ ဘယ်တော့မှ မခေါ်တော့ပါဘူး၊ သားသားကို နောက်တစ်ခါ ဒီလိုနာနာကြီး ရိုက်နဲ့နော်"

"သားရယ်"

သားကို ရွှေ့ခနဲပွေ့ယူကာ ရင်ခွင်ထဲမှာ တင်းနေအောင်ဖက်ထားလိုက်မိသည်။

မျက်ရည်စက်တို့သည် သားပခုံးပေါ်သို့ စွန်းထင်ကုန်၏။

"ဖေကြီး မရိုက်ပါဘူးသားရယ်၊ သားကို ဖေကြီး မရိုက်ချင်ပါဘူး"

သားမျက်နှာလေးကို သူ့ပါးနှင့်ပွတ်တိုက်၍ မျက်ရည်ကြောင်းတွေကို ခြောက်သွေ့စေလိုက်သည်။

"ဖေကြီးရင်ထဲမှာ ဘာတစ်ခုမှ အကောင်းတိုင်းမရှိတော့ဘူး။ ဖေကြီး ဘာမှ ထုတ်ညှစ်ခံစားလို့မရဘူး။ အဲဒီဒုက္ခတွေထဲမှာ သားလေးမျက်နှာမငယ်အောင် ဖေကြီး တွေးနေရတယ်၊ ရေးနေရတယ်၊ မင်းနားလည်စမ်းပါ သားရယ်"

သူ့ရင်ထဲမှာ နေဆယ်စင်းလိုက္ကျမ်းလောင်နေတာ ဘယ်သူသိလို့လဲ၊ မုန်းနေတဲ့မိန်းမကို သူချစ်နေမိသည်။

ပြေးနေတဲ့သူကို ပြန်လာနိုးနဲ့ မျှော်ကိုးနေတာ၊ သူ အရှုံးလား။ တကယ့်ကို ရှုံးချင်နေတဲ့စိတ်ကိုသာ သူ ဖြတ်ဆက်ပြန်ကူးလုပ်ထားခဲ့ရတာ။

သူ မလွှမ်းလည်းရှိပါစေ။

သားမျက်နှာလေးတစ်ခုတည်းနှင့် အရာအားလုံးကို ရင်ဆိုင်နေခဲ့တာ ဒီနေ့ထိ၊ ခုတော့ မိခင်ရင်ခွင်မဲ့ခဲ့တဲ့ သားကို သူ မညှာမတာ ရိုက်နှက်ခဲ့မိပြီ။

(ဇျူးတာပေ)



မိဘနှစ်ပါးရဲ့ မညီညွတ်မှုကြားမှာ သားက တန်ဆာခံဖြစ်သင့်သလား။

"ဖေကြီး"

"ဟင်"

"မငိုပါနဲ့ ဖေကြီးရယ်၊ သားသား မငိုတော့ဘူး"

သားက ပြန်ချော့သည်။

ပါးပြင်မှာ မျက်ရည်စဲခဲ့ပေမယ့် နှလုံးသားထဲမှာ ပွက်ပွက်ဆူနေဆဲ. . .။

✦ ✦ ✦

## အခန်း (၉)

ကားရိုက်ရမယ့် ကုန်တိုက်ကြီးရဲ့ရှေ့ကို သူမရောက်သေးခင် အဝေးကလှမ်းမြင်လိုက်ရကတည်းက စိတ်ပျက်သွားမိသည်။

အုံးအုံးထနေသည့် လူအုပ်ကြီးက မနည်းမနော။

"စိတ်ပျက်သွားလား ဘန်၊ ကားခဏရပ်လိုက်၊ ကိုကြီး လမ်းသွားရှင်းပေးထားမယ်"

ဒရိုင်ဘာက ကားရပ်ပေးတော့ ငြိမ်းဟန်စိုး ဆင်းချသွားသည်။

မှန်အလုံပိတ်ကားထဲမှာ နေလျက် ခင်ဘဏ္ဍာ သက်ပြင်းလေး ချနေမိတော့သည်။

အနားက ကိုယ့်ရဲ့မိတ် ၊ပ်ဆရာမက သဘောတွေကျလျက်။

(ဗျူးတာပေ)



"ဟော. . . ဟော. . . ပြေးလာတဲ့လူက လာပြီ၊ မင်းသမီးကို မျှော်နေကြတဲ့လူတွေက လာကုန်ကြပြီ"

"စိတ်ပျက်လိုက်တာ မမထွန်းရယ်၊ ဘန်တို့ဘဝက လူတွေနဲ့ ဘဝခြားနေသလိုကြီးပဲ၊ ဝမ်းနည်းတယ်"

"အမလေးလေး. . . ဒါ ဝမ်းသာစရာလေ၊ ငှူသူချင်းအတူတူ ကိုယ့်ကို သူတို့ကလာကြည့်ရတာ နည်းတဲ့ကုသိုလ်လား"

ကားက တရွေ့ရွေ့တိုးဝင်သွားသလိုလို ကားနားမှ လူတွေများလာ၏။

"ဒီမှာပဲရပ်တော့ ကိုအေးသိန်း"

သူ့ကား ရောက်လာတာမြင်လျှင် ငြိမ်းဟန်စိုးပြေးလာကာ လူတွေကို ရှင်းသည်။

"ခဏလေး. . . ခဏလေးဖယ်ပေးပါဗျာ၊ ဟိုမှာ အားလုံး အဆင်သင့်ပြင်ထားတာမို့လို့ပါ၊ အော်တိုရေးခိုင်းတာလေးတွေ ခဏလေးစောင့်ပါနော်"

"ဟာ. . . မရဘူး၊ ပြီးတော့လည်း ဒီလိုပဲ ထွက်ပြေးမှာ"

"မရဘူး၊ မမိုးမြင့်ကောင်းကင် ရေးပေးပါ"

ကားပေါ်က ခြေတစ်ဖက်ချရုံရှိသေး။

လူတွေက စုရုံးတိုးကပ်လာသည်။

ငြိမ်းဟန်စိုးနဲ့ လူတွေ လုံးထွေးနေဆဲ။

"ဘန်ဘန်. . . ဘန်ဘန်မဟုတ်လားဟင်"

(ဗျူးတာပေ)

လက်မောင်းကို တစ်စုံတစ်ယောက်က မရဲတရဲဆုပ်ကိုင်လာ၏

"ဟင်"

လှည့်ကြည့်လိုက်တော့ ဒေါ်ချယ်ရီ။

ခင်ဘဏ္ဍာ ဘာမှပြန်မပြောရသေးဘဲ ကြည့်နေမိဆဲ။

"တူပါတယ်လို့ ကြည့်နေတာသမီးရယ်၊ မောင်စည်တို့သား အဘတော့ သနားစရာပါကွယ်၊ သူတို့ခမျာ. . ."

"ဖယ်ပေးကြပါဗျာ၊ ကျွန်တော် တောင်းပန်နေတာပါ"

ငြိမ်းဟန်စိုးက ကြားထဲဝင်ရပ်ကာ တွန်းထုတ်လိုက်တဲ့အုပ်စုထဲ ဒေါ်ချယ်ရီပါသွားသည်။

သူ့မှာလည်း ပြောစရာမကုန်သေး။

ခင်ဘဏ္ဍာလည်း ဘာမှပြန်မပြောရသေးဘဲ တစ်ယောက်ကို တစ်ယောက် ငေးကြည့်ကာ ဝေးကွာသွားလေသည်။

"လာ. . . လာ. . . ဟိတ်ကောင်တွေ မင်းသမီးကို ကာထား"

သူ့ကို ဘယ်သူတွေလာဆွဲခေါ်သွားမှန်း မသိ။

မျက်ဝန်းထဲမှာ ဒေါ်ချယ်ရီပုံရိပ် ကျန်နေခဲ့သည်။

နားထဲမှာ စကားလုံးတွေ စွဲထင်နေ၏။

"မောင်စည်တို့သားအဖ သနားစရာ. . . တဲ့"

ဘာဖြစ်လို့လဲ။

သူတို့သားအဖ၊ သူတို့အိမ်ထောင်ကျတာ ကိုယ်နဲ့ဘာဆိုင်လို့လဲ၊ ဒါဆို မဆိုင်ဘဲ ဒေါ်ချယ်ရီ ဘာလို့ လာပြောတာလဲ။

(ဖျူးတာပေ)



ဒီလိုရော သူပြောပါ့မလား။

ဒါ. . . ဒါဖြင့် . . .

"ဟာ. . . မင်းသမီး လိုက်လေ၊ ဟာ. . . သွားပြီကွာ"

ဒါရိုက်တာအော်သံကြားမှ သတိဝင်လာ၏။

အနားမှာ လာကပ်ပြောခဲ့သမျှ သူ ဘာမှ နားထဲမဝင်ပါလား။

ရိုက်ရမယ့်အခန်းထဲက ချစ်သူပျောက်လို့ ရှာဖွေစုံစမ်းရင်း တိုက်ရဲ့ အပေါ်ထပ်၊ အောက်ထပ်တွေမှာ အမှတ်တမဲ့ ချစ်သူကို လှမ်းမြင်လိုက်ပြီး အောက်ထပ်သို့ တအားပြေးဆင်းရမယ့် အခန်း။

မနေ့က မင်းသားရဲ့အခန်းက သပ်သပ်ရိုက်သွားပြီးပြီ။

ဒီနေ့ သူ့အခန်း။

ဒါရိုက်တာ ညည်းညည်းညူညူနှင့် ရိုက်ချက်ကို ပြန်စဖို့ လုပ်နေသည်။

ငြိမ်းဟန်စိုးကတော့ သူ့ကို တကြည့်ကြည့်နှင့်။

သူ့ရဲ့ (အရိပ်အငွေ့လေးသော်မှ ကိုယ့်မှာ ထိခိုက်ခံစားနေရဆဲပါလား။)

✦ ✦ ✦

(ဖျူးတာပေ)

## အခန်း (၁၀)

''ဟုတ်ပြီ. . . ဆင်း. . . အောက်ကိုဆင်းပြေး. . . လွတ်ပြီ. . . ပြန်တက်. . . ပြန်တက်၊ ဒေါင့်မှာကပ်ပိတ်ပြီး. . . တစ်လုံးချ. . . နောက်ပြန်ဆုတ် . . . မြန်မြန်ဆုတ်. . . ဟာ. . . သေပြီ''

အုန်းခနဲထကွဲကာ ခေါင်းပြတ်ပုံလေးပေါ်သွားတော့ မင်းဘဏ္ဍာ ဟီးခနဲရယ်၍ချွေးသုတ်သည်။

ဒီနေ့မှာ တီဗီဂိန်းစက်လေး သားအတွက် ဝယ်လာပေးခဲ့သည်။

သားအဖနှစ်ယောက် ဆော့နေကြကာ ထမင်းစားဖို့ပင် သတိမရကြ။

သားရဲ့ နားချိန်လေးတွေမှာ ဘာကိုမှသတိမရ၊ အားငယ်ချိန်မရ,ရအောင် သူကြံဖန်၍ ဖန်တီးနေခဲ့ခြင်းပင်။

(ဖျူးစာပေ)



ကလေးပျော်နေတာကို ကြည့်၍ သူမှာ ကျေနပ်မဆုံး။

"ဟဲ့. . . အသံတွေကြားပြီး တစ်ယောက်မှလည်း မတွေ့ပါလား"

အပြင်ဘက်က လှမ်းသံကြား၍ မဏိ ထရပ်လိုက်သည်။

"တစ်ယောက်တည်းဆော့နှင့်ကွာ၊ ဖေကြီး ညည်းသည် သွားတွေ့လိုက်ဦးမယ်"

"ဟုတ်"

မဏိ ညည်းခန်းထဲထွက်လာတော့ ဒေါ်ချယ်ရီထိုင်နေတာတွေ့၏။

"ဟာ. . . ပျောက်ချက်သားကောင်းလှချေလား ဒေါ်လေး"

"ပျောက်ချက်သားကောင်းဆို ဒီတစ်ခေါက် အမြှတ်လေးကျန်တာနဲ့ နောက်ပြန်မလှည့်ဖြစ်ဘဲ ခရီးပဲဆက်ထွက်နေတာကိုး"

ဒေါ်ချယ်ရီက ကပ်လျက်ခေါင်းရင်းအိမ်က ဖြစ်သည်။

ဟိုးအရင် မင်းဘဏ္ဍာလေးငယ်ငယ်ကဆို သူပဲ ကျွေးမွေးထိန်းကျောင်းပေးခဲ့တာ၊ ခုနောက်ပိုင်းကျမှ သားလုပ်သူကလည်း အိမ်ထောင်ကျ၍ လက်လွှတ်သွားပြီမို့. . .။ သူက တစ်ကိုယ်ရေတကာယဖြစ်ကာ အိမ်တံခါးပိတ်၍ အညာဒေသသို့ ငပိ၊ ငါးခြောက်တွေ တင်သွင်းလိုက်၊ ဟိုမှာ ပေါ်ကုန်တွေယူလာလိုက်နှင့် တစ်ခေါက်တစ်ခေါက်ဆို တစ်လခွဲနှစ်လလောက် ကြာတတ်သည်။

တခါတလေ နှစ်ဝက်လောက်ကြာမှ ပြန်လာတတ်၏။

(ဖျူးစာပေ)

"ဟဲ့. . . ကလေးရော"

"ဒေါ်လေးရီမြေး ဆော့နေတယ်"

"နေကောင်းတယ်မို့လား"

"ကောင်းတယ်. . . ဒေါ်လေးရီ"

ဒေါ်ချယ်ရီက အိမ်တောင်ပြန်ရောက်သေးဟန်မတူဘဲ ဆွဲခြင်းထဲက စားစရာလက်ဆောင်ထုပ်ကို ထုတ်ပေးသည်။

"ဒီမှာ ကလေးအတွက် မန္တလေးကြိုးသိုင်းဖိနပ်ကလေး"

ဒေါ်ချယ်ရီပြန်လာတိုင်း ကလေးအတွက်တော့ တစ်ခုမဟုတ်တစ်ခုပါလာမြဲ။

"ဟဲ့. . . နင့်ကို ဒေါ်လေးပြောချင်လွန်းလို့ အိမ်တောင်မဝင်ဘဲတက်လာတာ"

"ဘာလဲ ဒေါ်လေး"

"နင့်မိန်းမက ရုပ်ရှင်မင်းသမီးတောင် ဖြစ်နေပါလား၊ နင်သိရဲ့လား"

မဏိ မျက်နှာပျက်သွားသည်။

ဒီအကြောင်းကို သူမပြောချင်။

ဒေါ်ချယ်ရီက သူ့မျက်နှာကို အကဲခတ်၍ သဘောပေါက်သွားသည်။

"ငါလေ မြို့ပေါ် ·ကော· ·ချောက်ချင်း ကုန်တိုက်ကိုဝင်တော့ မိုးမြင့်ကောင်းကင် ရုပ်ရှင်လာရက်တယ်ကြားလို့ သူများတိုးသလို ကိုယ်





လည်းတိုးကြည့်မိတာပေါ့၊ ငါဖြင့်ဟယ်. . . ဘန်ဘန်ဖြစ်နေလို့ အံ့ဩသွားပြီး ရုတ်တရက် သတိမေ့သွားသလိုပဲ"

မဏိ လက်တစ်ဖက်နှင့် မျက်နှာကိုပွတ်ကာ ခပ်လွှဲလွှဲနေလိုက်သည်။

ဒေါ်ချယ်ရီကတော့ ပြောမနာဆိုမနာလူတွေမို့ သူ့ကို ဂရုစိုက်မနေပါ။

"တော်တော်လည်းချောလာတယ်၊ နုလည်းနုသွားတယ် သိလား၊ မျက်နှာမှာလေ ဘာမှလိမ်းထားတယ်မထင်ရဘဲ မှုံနေအောင်ကိုလှတယ်၊ ထိရက်စရာမရှိဘူး၊ ဘဏ္ဍာလေးနဲ့လည်း တအားတူတာပဲ၊ ကလေးကို နင်_ခုထိ ဖွင့်မပြောဘူးလား"

"ပြောလို့ဘယ်ဖြစ်မလဲ ဒေါ်လေးရယ်၊ ကလေးက မအေတော်နေရှာတာ၊ မိုးမြင့်ကောင်းကင်ဆိုတာ သူ့မအေမှန်းသိရင် ဒီလိုတယ်နေမလဲ"

"ငါ သူ့ကိုသွားခေါ်တော့ သူလှည့်ကြည့်တယ်၊ အတိတ်မေ့နေတာမဟုတ်တော့တာ သေချာတယ်၊ သူ ဒေါ်လေးကိုမှတ်မိတယ်၊ ဒေါ်လေးလို့ခေါ်တော့မလို ပါးစပ်လှုပ်သွားတာ သေသေချာချာကို မြင်လိုက်ရတာ၊ စကားဆက်ပြောလို့မရဘဲ ရုပ်ရှင်ရိုက်တဲ့လူတွေက လာဆွဲခေါ်သွားလို့ စကားပြတ်သွားတာ"

မဏိက အခန်းထဲကို တစ်ချက်ပြန်ကြည့်ကာ အသံကိုနှိမ့်၍

"ဒီအကြောင်းတွေ ဒီ့ပြင် ဘယ်တစ်ယောက်ကိုမှ သွားမပြောပါနဲ့

ဒေါ်လေးရယ်၊ သူ့ဘဝနဲ့သူ့အနုပညာကို ကျွန်တော်တို့သားအဖကြောင့် အနှောက်အယှက်မဖြစ်စေချင်ဘူး။ နောက်ပြီး သူ့အောင်မြင်မှုကို မက်မောလို့ တွဲခိုလိုက်တဲ့ကောင်မျိုး ကျွန်တော် အဖြစ်မခံနိုင်ဘူး''

''မထားသင့်တဲ့မာနတွေ မထားပါနဲ့ကွယ်၊ ကလေးမျက်နှာက ရှိသေးတယ်လေ''

''အဲဒီကလေးကိုတောင် သူ ဂရုမစိုက်လို့ ခုလိုနေတာပဲ ဒေါ်လေးရာ''

''ဘယ်ဟုတ်မလဲ၊ ဒီကလေးကို မင်းခေါ်လာတော့ သူက သူ့ကိုယ်သူတောင် ဘာမှန်းသိတာမှမဟုတ်တဲ့ဟာ၊ ဒီကလေးကိစ္စ လူကြီးတွေက သူ့ကို ဘယ်လိုပြောထားလဲလို့ တို့သိနိုင်မလား''

ဘယ်လိုနည်းနဲ့ဖြစ်ဖြစ် ဒါကို သူမခံစားနိုင်ဆုံး။

ကိုယ်နဲ့ပတ်သက်လို့ သူအလုပ်သွားသွား ချစ်လျက်ချစ်ဆဲရှိနေပေမယ့် သားကိုရက်စက်တာ သူမခံစားနိုင်။

''ကဲ. . . ကဲ. . . ဒေါ်လေးလည်းသွားအုံးမယ်၊ မနက်ဖြန်တနင်္ဂနွေဆိုတော့ ကလေး ကျောင်းပိတ်တယ်မို့လား၊ ငါမြေးနဲ့ငါ ရုပ်ရှင်သွားကြည့်မယ်''

ပြော၍ ဒေါ်ချယ်ရီ ဆင်းသွားသည်။

မင်းဘဏ္ဍာခမျာလည်း ဒေါ်ချယ်ရီနဲ့ကျမှပဲ လည်ရပတ်ရရှိတတ်တာ။

မဏိ တောင်တွေးမြောက်တွေးနှင့် အတန်ကြာမှ သားအတွက် ဖိနပ်ကလေးကို ယူပြီး အခန်းထဲဝင်လာခဲ့၏။





''ဟင်'' တီဗီရှေ့ခုံလေးပေါ်မှာ မင်းဘဏ္ဍာမရှိ။

နောက်ကို ချာခနဲလှည့်ကြည့်လိုက်တော့ တံခါးရွက်ကြားထဲလေးမှာ တောင့်တောင့်လေးရပ်နေသည့် မင်းဘဏ္ဍာကို တွေ့လိုက်ရသဖြင့် မဏိ ထိတ်ခနဲဖြစ်သွားမိသည်။

''သား. . . မင်း. . . မင်း. . . ဒီမှာ ဘာလုပ်နေတာလဲ''

''ဖေကြီး''

မပြောမဆိုနှင့် မင်းဘဏ္ဍာက သူ့ခြေထောက်ကိုပြေးဖက်ကာ ...းခနဲငိုချလိုက်လေသည်။

မဏိ မှုဆိုးဒူးထောက်ထိုင်လိုက်၍ မင်းဘဏ္ဍာရဲ့ပခုံးလေး ...နှစ်ဖက်ကို ခပ်ဖိဖိဆုပ်ကိုင်လိုက်၏။

''သား. . . မင်း. . . ဖေကြီးတို့ပြောနေတာတွေကို ခိုးနား ...ထောင်တယ်ပေါ့၊ ဟုတ်လား''

မင်းဘဏ္ဍာက ခေါင်းလေးတွင်တွင်ယမ်းလျက် . . .

''သားသား ခိုးနားထောင်တာမဟုတ်ပါဘူး၊ တီဗီဂိန်းဆော့ရင်း ...အရုပ်တွေပျောက်ကုန်လို့ ဖေကြီးကိုခေါ်ဖို့ ဒီနားရောက်လာတာ၊ အဲ့ဒါ ...အဲဒါ. . . ဟီး. . . ဟီး''

မအေကို သိသွားသည့်အဖြစ်အတွက် သား အဘယ်ကြောင့် ...ငိုပါသနည်း။

ဝမ်းသာလွန်းလို့လား၊ ခိုးနားထောင်တဲ့အဖြစ်အတွက် ရှက်မှာ ...းလို့လား။

ဆူမှာစိုးလို့ မဖြစ်နိုင်ပါ။

မင်းဘဏ္ဍာဟာ ကြိုတင်တွေးကြောက်နေတတ်တဲ့ ကလေးမျိုးမှမဟုတ်ဘဲ။

"ဖေကြီး"

မင်းဘဏ္ဍာ သူ့မျက်နှာကို လက်ကလေးနှစ်ဘက်နှင့်ညှပ်ကိုင်၍ ခေါ်သည်။

"မေမေက သားသားကို မခေါ်ချင်ဘူးတဲ့လားဟင်၊ သားသားကို မချစ်ဘူးတဲ့လား"

မဏိ ဘယ်လိုပြောရမှန်းမသိ။

"မေမေက ရုပ်ရှင်မင်းသမီးမို့လို့ သားသားတို့ကိုမခေါ်တာလား။ မေမေ့ကို သားသားက ဘယ်တော့မှ မခေါ်ရတော့ဘူးလားဟင်၊ ဖေဖေက မခေါ်ခိုင်းဘူးလား"

"မင်းပဲ မေမေ့ကိုသိရရင် တော်ပြီဆို၊ ခု . . . သိရပြီမဟုတ်လား။ တော်ပြီပေါ့ကွာ"

တစ်ခုခု ထပ်ပြောလာမည်စိုး၍ သားကို ပခုံးပေါ်ထမ်းချီ၍ ဝမ်းပမ်းတနည်း ငိုတဲ့ကလေး။

တကယ်လို့ ရင်ဆိုင်တွေ့ကြပြီး ဟိုကများ တစ်ခုခုတုံ့ပြန်လိုက်မယ်ဆိုလျှင် ဘယ်လို ခံနိုင်ရည်ရှိပါ့မလဲ။

ရှောင်ရမည်။

ကလေးနဲ့မအေမတွေ့ဖို့ သူ ရှောင်နိုင်သမျှ ရှောင်ရပါမည်။

✦ ✦ ✦



## အခန်း (၁၁)

"ဘန်ဘန် . . . ဘာစားချင်လို့လဲ ကလေး"

ခင်ဘဏ္ဍာ ထမင်းစားခန်းထဲ ဝင်လာတာမြင်လျှင် ဒေါ်ပုံက ဆီးမေးသည်။

တခါတလေ စားချင်တာလေးတွေ ဒေါ်ပုံကို ခင်ဘဏ္ဍာ ဒီလိုပဲ ဝင်ဝင်ပြောတတ်သည်ကိုး။

"ဘာမှ မစားချင်ပါဘူး ပုံပုံရယ်၊ ပုံပုံကို ဘန် မေးစရာရှိလို့"

"မေးလေ . . . ဘာလဲ"

ဒေါ်ပုံက ကျက်နေပြီဖြစ်သည့် ငရုတ်သီးဆီသတ်အိုးထဲကို ငါးသလောက်တုံးတွေ အသာထည့်ကာ လှည့်မကြည့်နိုင်သေး။

"ပုံပုံ"

"ပြော"

"ဘန်. . . မေမေတို့ဆီ **ပြန်ရောက်**လာတော့လေ"

"အင်း"

"ဘာတွေဖြစ်ခဲ့သလဲ. . . **ဟင်**"

ဒေါ်ပုံ ဖျတ်ခနဲလှည့်ကြည့်ကာ **ပြည့်လှည့်**လိုက်ပုံက မလုံမလဲ။

"ပြောလေ. . . ပုံပုံရဲ့"

"မောင်မဏိစည်နဲ့ကလေး ရန်ဖြစ်ပြီး ဒဏ်ရာရနေလို့ ခေါ်လာတာလို့ပြောတာပဲ"

စကားကို မြန်မြန် အဆုံးသတ်ချင်နေတဲ့ပုံ။

ခင်ဘဏ္ဍာ မျက်မှောင်လေးကုတ်လျက်။

"မဟုတ်ဘူး။ မောင်နဲ့ဘန် စိတ်ဆိုးကြတာ မှန်တယ်၊ ဒဏ်ရာက မောင့်ကြောင့်ရတာ မဟုတ်ဘူး"

ဒေါ်ပုံက ခုမှသိရသောစကားအတွက် ဖျတ်ခနဲ လှည့်ကြည့်ပြန်သည်။

"ငါ့သမီးကို သွေးထွက်သံယို ရိုက်နှက်ထိုးကြိတ်ထားခဲ့ပြီး ဟိုကောင်က ထွက်သွားတာ၊ အိမ်စုတ်ကြီးထဲမှာ တစ်ယောက်တည်း ဖြစ်ချင်တိုင်းဖြစ်နေတာ၊ ငါ **အရောက်မြန်**လို့" တဲ့. . . ။

ဘန်ဘန့်ကို ဆေးရုံတင်ထားခဲ့ပြီး ပျာယီပျာယာပြန်လာလျက် တိုက်ဝကဝင်လာကတည်းက အပေါ်ထပ်ရောက်တဲ့အထိ အော်ပြောသွားတာ အဲဒီစကားလုံးတွေပဲ။





"ပုံပုံ"

"ဟင်"

ဟင်းအိုးကိုလည်း မကျိုးနှစ်ထည့်လိုက်ပြီ။

အဖုံးပြန်အုပ်၍ ဒီဘက်လှည့်ဖို့အလုပ်ပဲ ရှိတော့ပေမယ့် ဘန်ဘန့်ကို ဒေါ်ပုံ ရင်မဆိုင်ချင်ပေ။

သူမဖြေနိုင်တာတွေ ဒီကလေးမေးတော့မှာ။

"ဘန်လွယ်ထားခဲ့ရတဲ့ ရင်သွေးလေး ဆုံးသွားတယ်ဆိုတာ ကယ်လားဟင်"

"ဒေါင်"

ဒေါ်ပုံလက်ထဲက စတီးဇွန်းကြီး လွတ်ကျသွားသည်။

နှစ်တွေအကြာကြီး ငြိမ်သက်စွာနေလာခဲ့ပြီးမှ ဘန်ဘန် ခုမှ ယ်ကအိပ်မက်တွေထမက်၍ မေးနေပါသနည်း။

ခင်ဘဏ္ဍာက မူပျက်နေသည့်ဒေါ်ပုံကို အမိအရ အကဲခတ် နေသည်။

ဒေါ်ပုံသည် ခင်ဘဏ္ဍာတို့ငယ်ငယ်ကတည်းက ဒီအိမ်မှာ ဝန်ကျေပွန်ခဲ့တဲ့ သူ၊ နာမည်အပြည့်အစုံက နော်အဲပုံ။

မြန်မာစစ်စစ်မဟုတ်ဘဲ ကရင်သွေးစပ်ကာ ဝဖိုင့်ဖိုင့်၊ အသား ဖြူကြီးမို့ ဒီကိုယ်လုံးကြီးကိုပွေ့ဖက်၍ ငယ်ငယ်ကတည်းက ကိုယ့်ရဲ့ တားဖော်လို ခင်ဘဏ္ဍာ ငယ်တာခဲ့ရ၏။

ဒေါ်ပုံက ပွင့်လင်းသလောက် ဟန်ဆောင်မှုကင်းတဲ့သူ။

ခုလည်း ဟန်မဆောင်တတ်တဲ့ မျက်နှာကြီးက နီမြန်းမြန်းနှင့် ခင်ဘဏ္ဍာမျက်လုံးတွေကို ရှောင်ရှားကာ ဟိုလှဲ့ ဒီလှဲ့။

"ပုံပုံ"

"ဟင်"

"ပြောလေ"

"တ. . . တကယ်ပေါ့ကွယ်၊ ဒါ. . . လိမ်လို့ရတဲ့ကိစ္စလား"

ဒေါ်ပုံအသံက အဖျားခတ်တုန်ယင်လျက်။

"ပုံပုံ"

"ရော်. . . ခက်ပါလား"

ဘန်ဘန့်ဆီက ပုံပုံခေါ်သံ တစ်ခါကြားတိုင်း သူ့မှာ ဒိန်းခနဲ တစ်ခါဖြစ်လျက် . . .

"ဘန်ဘန့်စိတ်ထဲ ထင်နေတယ်၊ ဘန်လွယ်ထားခဲ့ရတဲ့ ကိုယ် ဝန်ဟာ မောင်နဲ့ ဘာမှမဖြစ်ကြခင်အထိ ဘယ်လိုအထိခိုက် အနာမဆ မှ မရှိခဲ့ဘူး၊ မွေးဖွားတဲ့အချိန်မှာ ဘာဖြစ်လို့ အဖတ်မတင်ရတာလဲ"

ဒေါ်ပုံက ပုဂံတွေကိုထပ် မ၍ အပြင်ထွက်ဖို့ပြင်သည်။

ခင်ဘဏ္ဍာက ဖမ်းဆွဲထားကာ . . .

"နေပါအုံး ပုံပုံရဲ့၊ မေမေမရှိတုန်းလေး ဘန် ဒီကိုလာခွင့် တာ၊ မဟုတ်ရင် ပုံပုံနား ဘန်လုံးဝမကပ်ရဘူး"

"ခုလည်း မကပ်ပါနဲ့ကလေးရယ်၊ တော်ကြာ မမကြီးမြင်သွား လို့ တောင်ထင်မြောက်ထင် ဖြစ်သွားပါအုံးမယ်"

(ဖူးစာပေ)



"တောင်ထင်မြောက်ထင် ဖြစ်စရာကိစ္စတွေ ရှိနေလို့လားပုံပုံ၊ ပုံပုံနဲ့မေမေက စည်းဝါးကိုက်ပြီး ဖုံးကွယ်ထားတာမျိုးရှိလို့လား"

အမလေး ခုခေတ်ကလေးတွေများ တယ်လည်ပါလား။

ဒေါ်ပုံ ထွက်ပေါက်မရှိဖြစ်နေဆဲ. . .

"ဘာလုပ်နေတာလဲ သမီး"

ထုံးစံအတိုင်း ဒေါ်စိန်မမလေးသံက မာသည်။

မျက်လုံးတို့က စူးရှနေ၏။

"ဘာမှမလုပ်ပါဘူး မေမေ၊ ငါးသလောက်ကို ချဉ်ချဉ်လေးချက် ပေးဖို့ ပြောနေတာပါ"

ခင်ဘဏ္ဍာ မှိန်ဖျော့သောမျက်ဝန်းတို့နှင့် တစ်ချက်ကြည့်ကာ မေမေ့ရှေ့က ထွက်လာခဲ့သည်။

ဘယ်မှာ ဘယ်လိုပဲရင်ဆိုင်ခဲ့ပါစေ၊ မေမေ့ရှေ့မှာ သူ ရှုံးနိမ့် ရမြဲ၊

ဒေါ်စိန်မမက ခင်ဘဏ္ဍာကျောပြင်လေးကို မျက်စိဆုံးအောင် လိုက်ကြည့်နေပြီးမှ ဒေါ်ပုံ့ကို လှည့်၍ . . .

"သူ. . . ဘာတွေမေးနေတာလဲ မပုံ"

"ဘ. . . ဘာမှမမေးပါဘူး မမကြီး၊ သူ ပါးစပ်မကောင်းလို့ ဟင်းအိုးကို အချဉ်ထည့်ပေးဖို့ လာပြောတာပါ"

တစ်စွန်းတစ်စကြားလိုက်ရပြီးပြီမို့ ဒေါ်စိန်မမက လက်နှစ် ဖက်ပိုက်၍ ဒေါ်ပုံကို ကျောခိုင်းရပ်လိုက်သည်။

(ဖူးစာပေ)

"ကလေး ဘယ်လိုပဲမေးမေး ဘယ်လိုအကြောင်းနဲ့မှ မပုံ မပြောမိဖို့ကြိုးစားပါ၊ တကယ်ဆို အဲဒီအတိတ်ကို တူးဖော်နိုင်တဲ့ တစ်ယောက်ယောက်မှန်သမျှကို ကျွန်မ ရှင်းပစ်ချင်တာ၊ ဒါပေမဲ့ အဝေးထုတ်ပစ်လိုက်တာထက် ကိုယ့်နားမှထားတာက ပိုအဆင်ပြေမယ် ထင်ပြီး မပုံကို ဒီမှာဆက်ထားခဲ့တာ"

ဒေါ်စိန်မမ ဖျတ်ခနဲ လှည့်ကြည့်သည်။

"ဒီကိစ္စတွေ မပုံပါးစပ်ကြောင့် ကလေးသိသွားခဲ့တယ်ဆိုရင် ကျွန်မ လုံးဝခွင့်လွှတ်မှာမဟုတ်ဘူး၊ အဲဒါ မှတ်ထားပါ"

ဒေါ်ပုံ ပင့်သက်ရှိုက်၍ ကျန်ခဲ့လေသည်။

တစ်သက်လုံး ဖုံးကွယ်ထားလို့ရတဲ့ အမှန်တရားဆိုတာ ရှိ သလား။

ရှိမြဲနေရာမှာ ရှိနေတဲ့အရာတစ်ခုကို အနားမနေဘဲ တွေ့ အောင်ရှာနေတယ်ဆိုရင် တစ်နေ့ မတွေ့ဘဲနေမှာတဲ့လား။

ဒေါ်စိန်မမရဲ့အတ္တက သူလုပ်သမျှဖြစ်လာဖို့. . .။

✦ ✦ ✦



## အခန်း (၁၂)

"ဘန် ဘယ်လိုနေသေးလဲ အန်တီ"

"ကိုယ်ပူတော့မရှိတော့ပါဘူး၊ ဒါပေမဲ့ ခေါင်းတွေ ကိုက်နေ သေးတယ်တဲ့"

ငြိမ်းဟန်စိုးက ဆိုဖာမှာဝင်ထိုင်ကာ လက်ကိုင်ပုဝါထုတ်၍ မျက်နှာတစ်ပြင်လုံးကို ပွတ်ပစ်လိုက်သည်။

"အရေးကြီးနေလို့လား မောင်စိုး"

"ကြီးတာပေါ့ အန်တီ၊ အခုကျန်နေတာတွေက ဇာတ်သိမ်း ခန်းတွေချည်းပဲ၊ ဇာတ်သိမ်းဆိုတော့ မင်းသားသပ်သပ် မင်းသမီးသပ်သပ် ရိုက်လို့မရဘူး၊ မင်းသားကလည်း ကိုယ်လိုလို့ ခေါ်တိုင်းရတာမဟုတ်ဘူး၊ ခုတော့ မင်းသားရှိတော့ မင်းသမီးကမရှိ၊ မင်းသမီးရှိတော့ မင်းသား ကမအား ဒါရိုက်တာ တော်တော်ညည်းနေပြီ"

ဒေါ်စိန်မမ နှုတ်ခမ်းအစုံတင်းတင်းစေ့လျက် အတန်ကြာ ငြိမ်သက်သွားသည်။

"ဘန်က အစကတည်းက သိပ်စိတ်ပါတာမဟုတ်တော့ ခုလို ဖြစ်တာကို သူ သဘောကျနေမှာပဲ၊ ပရိသတ်ကလည်း သူမှသူပဲ အန်တီ၊ အောင်မြင်ချင်နေတော့ မိုးမြင့်ကောင်းကင် ဘာလုပ်ပြပြ သဘောကျနေကြမှာပဲ"

ဟောလစ်ကချိုနေ၍ နည်းနည်းပြင်ခိုင်းချင်တာနှင့် ဖန်ခွက် လေးကိုင်၍ထွက်လာသည့် ခင်ဘဏ္ဍာခြေလှမ်းတွေ ရပ်သွားသည်။ ဖန်ခွက်ကို ရှိုးကေ့စ်ပေါ်အသာတင်လိုက်ပြီး ဒရင်းဘက်၌ ပြန်လှဲနေ လိုက်မိသည်။

ခေါင်းထဲကတင် မဟုတ်ပါ။

ရင်ထဲမှာရော တစ်ကိုယ်လုံးရော ဘာတွေဘယ်လိုဖြစ်နေမှန်း ကိုယ့်ကိုယ်ကိုပင် မသိ။

အချိန်ရှိတိုင်း ဒေါ်ချယ်ရီရဲ့စကားသံကသာ နားမှာ ကြီးစိုး နေသည်။ မောင်နဲ့သူ အတူတူနေထိုင်ကြစဉ်က ဒေါ်ချယ်ရီသည် တကယ့် အိမ်နီးချင်းကောင်း။

ဒီကလေးဟာ ကိုယ်နဲ့မဆိုင်ဘဲ ဒီစကားကို တကူးတက လာပြောမယ်တဲ့လား။

ပြီးတော့ ဟိုတစ်ညက မောင့်ရင်ခွင်ထဲမှာ ကလေးလေးတစ် ယောက်ကို သူကိုယ်တိုင်မြင်ခဲ့တာ။

(ဖျူးတာပေ)



ကလေးရဲ့အရွယ်ဟာ သူမွေးဖွားခဲ့စဉ်ကလောက်နှင့် တစ်ရွယ် တည်း။

ကိုယ်ကြားခဲ့၊ ကိုယ်ကြည့်ခဲ့ဖူးတဲ့ အဖြစ်အပျက်တွေကို မေမေ နဲ့ဒေါ်ပုံ သူ့အပေါ် တစ်စုံတစ်ရာ ကြံစည်ခဲ့လေသလား။

တစ်ဦးတည်းသော သမီးလေးရယ်လို့ လူမှန်းသိတတ်စ အရွယ်ကတည်းက မှတ်မိသလောက်ပြောရလျှင် ခုချိန်ထိ မေမေ့မျက်နှာ မှာ နူးညံ့သိမ်မွေ့တဲ့အပြုံးကို ခင်ဘဏ္ဍာ မတွေ့ခဲ့ဖူးပါ။

လိုအပ်လို့ နှုတ်ခမ်းကပြုံးထားရသည်ရှိလျှင်တောင် မေမေ့ မျက်လုံးထဲမှာ အမိန့်တွေရှိနေသည်။

ပြုံး၍ပဲဆိုဆို ခင်ဘဏ္ဍာ ရှင်သန်ခဲ့ရသည်။

မေမေ့ရဲ့အမိန့်ကို လွန်ဆန်ဝံ့ခဲ့သောသတ္တိ တစ်ကြိမ်သာ မွေးခဲ့ဖူးပါသည်။

အဲဒီအချိန်ဟာ မဏီစည်ဆိုသော လူတစ်ယောက်အပေါ် အရူးရူးအမူးမူး စွဲလမ်းခဲ့မိတဲ့အချိန်။

✧ ✧ ✧

(ဖျူးတာပေ)

## အခန်း (၁၃)

စိတ်၏ ဆက်သွယ်ချက်တို့သည် တကယ်ပဲ အစွမ်းသတ္တိတွေပြည့်နေသည်ဆိုပါလျှင် ကိုယ် သူ့ကို ထူးခြားစွဲလမ်းစွာ သတိတရဖြစ်နေမိတဲ့အချိန် သူလည်း ကိုယ့်ကို သတိတရဖြစ်နေပါစေ။

မဏိ ဂစ်တာကို ရင်ခွင်ထဲမှာပွေ့ပိုက်ရင်း ဆက်တီမှာ လျော့လျဲလျဲမှီထိုင်ကာ နောက်မှီမှာ ခေါင်းကို လှန်တင်ထားလိုက်၏။

လက်ထဲက စီးကရက်က တငွေ့ငွေ့လောင်မြိုက်ကုန်ဆုံးနေသလို စိတ်တို့က အတိတ်ရဲ့ပုံရိပ်မှာ မောလျစွာ လူပ်ရှားပြေးလွှားနေလေသည်။

စီးကရက်တိုက လက်ကိုပူလာစေမှ သတိရ၏။

တစ်ချက်မျှရှိုက်ဖွာကာ တည့်တည့်က ပြတင်းပေါက်ဆီသို့ တောက်ထုတ်ပစ်လိုက်သည်။





ပြီးတော့ နေမြဲအတိုင်း မော့ငေးနေလျက် မြင်ကွင်းထဲက ခေါင်မိုးမျက်နှာကျက်မှာ လှပစွာမှုတ်ထုတ်လိုက်တဲ့ စီးကရက်မီးခိုးငွေ့လေးတွေက နတ်ဒေဝီမယ်လေးတစ်ပါး ယိမ်းနွဲ့လှုပ်ရှားနေသည့်နှယ်မြိုး တငွေ့ငွေ့ လွင့်ပါးပျောက်ကွယ်သွားကြသည်။

သူ့မှာ ဂစ်တာတစ်လက်ရယ်၊ ဆိုင်ကယ်တစ်စီးရယ်၊ ချစ်သူတစ်ယောက်ရယ်။

မဏိစည်ဆိုတဲ့ကောင်လေးမှာ အဲဒီလောက်သာ ပိုင်ဆိုင်မှုရှိခဲ့ပေမယ့် ကိုယ့်ဘဝသည်သာ အပြည့်ဝဆုံးလို့ ထင်ခဲ့တဲ့အထိ ဂစ်တာက တစ်ဖက် ချစ်သူကတစ်ဖက်နှင့် သူပျော်ခဲ့သည်။

ဒီအိမ်ကြီးထဲမှာပဲလေ။

ချစ်သူနဲ့အတူ နိဗ္ဗာန်ဘုံကလေးတစ်ခု တည်ဆောက်ခဲ့ဖူးသည်။ အုပ်ထိန်းသူမဲ့သော ရေနံချေးဝနေသည့် ဒီအိမ်အိုကြီးထဲက တစ်ကောင်ကြွက်ကောင်လေး မဏိစည်ဆိုတဲ့ ဂီတရူးလေးရဲ့ရင်ထဲကို ခင်ဘဏ္ဍာဆိုသော မာနကြီးကြီး သူဌေးသမီးတစ်ယောက် ဝင်လာခဲ့သည့်ကာလများသည် . . .။

✦ ✦ ✦

## အခန်း (၁၄)

"ဟ. . . ဟာ"

"သွားပြီ"

ဘယ်လိုအခုန်အပျံတွေနဲ့ ရှောင်လို့မှမလွတ်။

ဝေါခနဲကပ်ဖြတ်သွားသည့် ကားဘီးအောက်က ခုန်ပေါက်ထွက်လာသည့် ရေနီများက ရှုံးစမိုးအပြည့်နှင့် ချီတက်လာကြသည့် သူတို့သုံးယောက်ရဲ့ ရင်ဘတ်တွေပါမကျန် အောက်ပိုင်းများအားလုံး ပေတံလူးဖြစ်ကုန်လေသည်။

"တောက်. . . ရိုင်းလိုက်တာကွာ"

ဂျစ်တူးက ခြေတစ်ချက်ဆောင့်၍ ကားရဲ့နောက်မြီးကို လှမ်းကြည့်ကာ ခပ်တိုးတိုးဆဲသည်။





တင်မောင်လွန်းက မျှော်လင့်ချက်သေးသေးလေးနှင့် ကိုယ်ပေါ်က အစွန်းအထင်းတွေကို ကွာကျနိုးနိုး ထောက်ထုတ်နေသည်။

မဏိ ရင်ဘတ်ထဲမှာထည့်ထားသည့် သီချင်းစာရွက်ကလေးကို စိုးရိမ်တကြီးထုတ်ကြည့်လိုက်တော့ ပါးလျားသည့်ရုပ်အကျီကို ထွင်းဖောက်ကာ ရေနီတို့က စာရွက်ကလေးကို ရန်စသွားခဲ့လေပြီ။

"တောက်"

စာရွက်ကိုကြည့်၍ တက်ခေါက်မိသည်။

အဝေးဝေးကွာသွားသည့် ကားနီနီလေးက တအိအိ နောက်ပြန်ဆုတ်လာတာမြင်လျှင် သုံးယောက်သား လှမ်းကြည့်လိုက်မိကြတာဖြိုင်တူ။

ကားက သူတို့နှင့် မြင်သာထင်သာအလွတ်ဘက်မှာ ရပ်သွားသည်။

သူတို့ထင်သလို တောင်းပန်မည့်သူ တစ်စုံတစ်ယောက် ဆင်းလာတာမဟုတ်ဘဲ ဘေးမှန်တံခါးတွေကျသွားသည်။

ဘယ်လောက်ထိရည်မှန်းမသိဘဲ ဖားလျားချထားသည့် ဆံပင်တွေကြားမှ ဖြူဝင်းသောမျက်နှာလေးတစ်ခုက မှန်တံခါးပေါ်မှာ တံတောင်ဆစ်လေးထွက်တင်၍ သူတို့ဆီ ခပ်စောင်းစောင်းငဲ့ကြည့်သည်။

တပ်ထားသည့်မျက်မှန်နက်ကို လွန်စွာကြည့်ကောင်းသည့်ဆိုင်လ်တစ်မျိုးနှင့် လှလှပပလေးချွတ်ကာ လေးကိုင်းသဏ္ဍာန် ပြည့်တင်းနီထွေးနေသော နှုတ်ခမ်းက ပြုံးသယောင် တွန့်ခနဲဖြစ်သွားလေ

သည်။

စိတ်ညှို့ခံထားရသူတွေလို သူတို့ လှုပ်ရှားဖို့သတိမရကြ။ ဖယ်ရှားသွားသည့်မျက်မှန်နောက်က မြင်လိုက်ရသည့်မျက်လုံးတို့သည် နက်မှောင်စူးလက်နေလျက် နှုတ်ခမ်းနှင့်အပြိုင် ရီဝေညို့ငင်လေသည်။

မျက်မှန်ကိုပြန်တပ် လှစ်ခနဲပြုံး၍ ကားကို သိမ့်ခနဲထွက်သွားလေမှ သူတို့ကို တမင်သက်သက် ပညာပြသွားတာမှန်း သိလိုက်ကြ၏။

"ဒါ. . . ဘာလုပ်သွားတာလဲ"

"စိန့်ခေါ်သွားတာ"

"ငါ. . . ဖိုက်မယ်"

သူတို့ မဏီကို လှည့်ကြည့်ကြသည်။

"မင်း. . . ရုပ်ချောတာမှန်တယ်၊ ခင်ဘဏ္ဍာကိုတော့ မှန်း မနေပါနဲ့ကွာ"

"ခင်ဘဏ္ဍာတဲ့လား"

"ဟုတ်တယ်၊ သူ့အမေက ဒေါ်စိန်မမတဲ့၊ ဖအေက ဦးရတီ တဲ့၊ ဒါပေမဲ့ ဖအေကမရှိတော့ဘူး၊ အားလုံး စိန့်ရဲ့ကိုယ်စားလှယ်တွေ ချည်းပဲနော်၊ သမီးက ခင်ဘဏ္ဍာတဲ့၊ အဲဒီမိန်းကလေးက သူတို့ရဲ့ ဘဏ္ဍာလေးပဲ၊ အဘွားကြီးက ယောကျ်ားမရှိတော့ပေမယ့် ရတနာ လောကမှာ ခုချိန်ထိ ဘုရင်တစ်ဆူပဲ၊ ဩဇာလည်းညောင်းတယ်၊ စကား ပြောလည်း ရင့်တယ်"

"ဒါတွေက ကိုယ်နဲ့မဆိုင်ပါဘူးကွာ"

"သူ့သမီးက သူ့ရဲ့ကကြိုးရုပ်ကွ၊ မအေ ပုံသွင်းထားတဲ့ အတိုင်းပဲ၊ သိပ်ဘဝင်မြင့်တာ၊ ခုချိန်ထိ ဘယ်ယောကျ်ားမှ သူနဲ့တန် တယ်ထင်တာမဟုတ်ဘူး"

"မင်းက သိလှချေလား"

"သိတယ်လေ၊ တို့လမ်းထဲကပဲ၊ ဒါ့ထက် ပိုသိရတဲ့အကြောင်း က ငါတို့ညီအစ်ကို သူ့ကို ကြိုးစားခဲ့ဖူးတယ်"

သူတို့သုံးယောက်ထဲမှာ တင်မောင်လွန်းက ချမ်းသာဆုံး။

တိုက်တာခြံမြေနှင့် ကိုယ်ပိုင်ကားစီးနိုင်သူ။

ဂျစ်တူးလေးကျတော့ ဖအေက အရက်သောက်သလို မအေက ါးစိမ်းသည်။

မွေးချင်းတွေ တစ်ပြုံတစ်မကြီးနှင့် ကလေးပီစီကွေးလေးက အစ ငွေရှာနိုင်ရမည်ဆိုသည့်ဝါဒကို လက်ကိုင်ထားကြသူတွေ။

မဏီက တစ်ကောင်ကြွက်။

ကဗျာလေး၊ သီချင်းလေးရေးလိုက်၊ လက်ဖက်ရည်ဆိုင်ထိုင် လိုက်၊ သူ့လက်ထဲမှာမြဲတာက ဂစ်တာပဲဖြစ်သည်။

မိဘလက်ထက်ကကျန်ခဲ့သော ပုံနှိပ်တိုက်ကလည်း ကချောက် ကချက်နှင့် ရပ်ဆိုင်းထားရသည်။

လိုအပ်လာလျှင် ဒီထဲက ဟိုဟာဖြုတ်ရောင်း၊ ဒီဟာဖြုတ် ရောင်းလုပ်တတ်သည်မို့ ပုံနှိပ်တိုက်က အခွံချည်းသာကျန်တော့သည့်

အဖြစ်။

ဒါပေမဲ့ သုံးယောက်တူသည်က ပညာဆုံးခန်းမတိုင်တာရယ်၊ အလုပ် လက်ကြောမတင်းကြတာရယ်။

အလုပ်မရှိပေမယ့် လက်ဖက်ရည်သောက်ဖို့တော့ အချိန်မှန်ကြသည်။

သုံးယောက်ချိန်း၍ဆုံကြလျှင် တင်မောင်လွန်းက ကားနှင့် မဏိက ဆိုင်ကယ်လ်။

ဂျစ်တူးက ကုန်းကြောင်း။

ပြန်တော့ ဂျစ်တူးကို ကြုံတဲ့လူက တင်ခေါ်သွားတာပဲဖြစ်သည်။

သူတို့ရဲ့ ဘဝပေးကုသိုလ်တွေက ခြားနားကြပေမယ့် ငယ်ပေါင်းသူငယ်ချင်းတွေလိုပဲ တစ်ယောက်ကိုတစ်ယောက် တွယ်တာခဲ့ကြသည်။

အခက်အခဲဖြစ်လျှင် ကူညီခဲ့ကြ၏။

"ငါတို့ထဲမှာ မင်းကသူဌေးပဲ၊ ဒါတောင် ခင်ဘဏ္ဍာဆိုတာကို ရအောင်မကြိုးစားနိုင်ဘူးလား၊ ခုန မင်းကို သက်သက်ဖြုတ်သွားတာဖြစ်မယ်"

"မဟုတ်ပါဘူးကွာ၊ ငါ့လိုကောင်က သူ့အတွက်ပဲမှားပါ။ ငါတို့တွေ ဒေါသဖြစ်ကုန်ကြမှန်းသိလို့ ဂရုမစိုက်တဲ့ပုံ တမင်လုပ်ပြသွားတာ။





တင်မောင်လွန်းက ပြည့်စုံပေမယ့် ရုပ်ကမဆိုးသော်ငြား အရပ်က ပုချင်သည်။

ယောကျ်ားချင်းယှဉ်လျှင် သူ အမြင်နိမ့်နေသည်ချည်းသာ။

"မဏိ"

ဂျစ်တူးက မဏိကို မျက်စပစ်ပြသည်။

မဏိက ဂျစ်တူးကို ခပ်စွေစွေငဲ့ကြည့်ကာ လမ်းသွားရင်း ရှေ့ကခဲလုံးလေးကို ခြေဦးနှင့်လှဲ၍ ကန်ထုတ်ပစ်လိုက်သည်။

"မင်းက မဏိကို မြှောက်ပေးနေပြန်ပြီ၊ တော်ကြာ မဏိ ရာဇဝင်မှာ အသည်းကွဲဇာတ်လမ်းကြီးတစ်ပုဒ် ရာဇဝင်တွင်ကျန်ခဲ့တော့မှာပဲ"

သုံးယောက်ထဲမှာ ရုပ်ချောဆုံးဟု သမုတ်ခံထားရသူ မဏိသည် လိုတရမင်းသားတစ်ပါးလို သူရွယ်လိုက်သည့်ပန်းဟာ လက်ထဲ အရောက်ကြွေခဲ့သည်သာ ရှိဖူးသည်။

တပ်ခေါက်ပြန်ခဲ့ရပါသည်ဆိုတာ မရှိခဲ့။

"တင်မောင်လွန်း မင်းက. . . ငါ့ကို မခံချင်ပြီး တစ်ခုခု ထလုပ်အောင် ဆွပေးတာလား၊ တကယ့်ကိုပဲ အဲသလိုဖြစ်မှာပဲလို့ ထင်ထားတာလား"

မဏိက ခြေလှမ်းရပ်၍ တင်မောင်လွန်းရှေ့ကပိတ်ရပ်ကာ မေးသည်။

"မဖြစ်နိုင်လို့ပေါ့ကွာ၊ သူငယ်ချင်းအချင်းချင်း မြှောက်ပေး

စရာလား၊ ခင်ဘဏ္ဍာက မင်းတွေ့ဖူးတဲ့မိန်းမတွေနဲ့ မတူဘူး''

''ထားပါတော့၊ ဒါပေမဲ့ အဲဒီ့မတူတာကို ငါရအောင် ကြိုးစားမယ်ဆိုရင် မင်းယုံလား''

''မယုံဘူး''

''ဒါဆိုရင် လောင်းကွာ၊ ပြိုင်ပွဲလုပ်၊ ငါက ဒိုင်လူကြီး''

ဂျစ်တူးက လောင်းကစားဝါသနာပါသူပီပီ ဩဘာပေးလေသည်။

မဏိက ခပ်ပြုံးပြုံးနှင့် ကြည့်နေသည်။

တင်မောင်လွန်း ခဏမျှတွေဝေနေသေးသည်။

ပြီးမှ . . .

''လုပ်စမ်းကွာ၊ မင်း. . . ရကိုမရစေရဘူး''

''ဒါဆို. . . မင်းက မရစေ့ရဘူးဆိုတဲ့ လောင်းကြေးထည့်''

''သူရသွားရင် ငါးသောင်းလျော်မယ်''

''မဏိ ဘယ့်နှယ့်လဲ''

မဏိက ပခုံးတွန့်၍မဲ့သည်။

''ဒီမိန်းမ မင်းပြောသလောက်တန်ဖိုးကြီးနေရင် ဒါကို ဖြစ်မြောက်အောင်လုပ်ဖို့ ငါ့ဘက်က အတော်ရင်းရမှာ''

''နည်းလို့လား၊ တစ်သိန်းကွာ''

''အပျော်ပဲကွာ၊ မင်းက ဒီလောက်ဆိုကျေနပ်ပေါ့''

ဂျစ်တူးက ပြိုင်ပွဲဖြစ်ဖို့ကို တာဆူနေတော့သည်။





''နေပါဦး၊ မင်းကရော မရခဲ့ရင် ဘယ်လိုလုပ်မလဲ''

''ငါက လောင်းကြေးထည့်ဖို့ မလိုပါဘူး၊ မင်းဆီက ယူရုံပဲ''

''ဟာ. . . ဒီလိုမရေရာတာ မပြောနဲ့လေ''

''ဟုတ်တယ်လေကွာ၊ မင်းကလည်း စည်ကမ်းအရ လုပ်ရမှာပေါ့''

''ကောင်းပြီ. . . ငါ့ဘက်က ပုံနှိပ်စက်နဲ့ အလုပ်ခန်းအားလုံးရဲ့ စာရွက်စာတမ်းတွေ မင်းကို ပုံပေးလိုက်မယ်''

''ဘယ်လို''

''ဟာ. . . မဏိ လက်လွတ်စပယ်မပြောနဲ့လေ''

သိန်းဂဏန်းများစွာတန်သည့် အလုပ်ခန်းမနှင့် စက်ပစ္စည်းတွေကို ရဲရဲတင်းတင်းပေးမယ်ပြောတော့ ဂျစ်တူးကပါ ဝင်တားသည်။

မဏိက မဏိဆိုတဲ့အတိုင်း ဆုံးဖြတ်ချက်သည် ပျော့ပျောင်းခြင်းမရှိ။

''အချိန် ဘယ်လောက်ယူမလဲ''

တင်မောင်လွန်း မခံချင်ဖြစ်နေမိတာအမှန်။

ဘယ်လောက်ပဲခင်မင်ပါစေ နှလုံးသားရေးရာမှာ ခံနိုင်ရည်မရှိ။ ကိုယ်အံ့ခဲ၍ အလံလှဲခဲ့ရသည့်ပွဲကိုမှ သူက အောင်လံထူမည်ဆိုတာကို ကိုယ့်သိက္ခာကို သက်သက် အလဲထိုးတာပဲလို့ မြင်သည်။

ပြီးတော့ ရုပ်ရည်ပြေပြစ်ခြင်းကို သူကိုယ်သူ အထင်ကြီးနေတာဆိုသည့်အတွေးနှင့် ခင်ဘဏ္ဍာရဲ့ရှေ့မှာ လှလှပပကြီး ကျဆုံးစေ

ချင်မိသည်။

"အချိန်သတ်မှတ်လို့မရဘူး၊ မနက်ဖြန် မင်းတို့ရှေ့ခေါ်လာ ပြရင် ပြမယ်၊ ကြာချင်လည်းကြာသွားနိုင်တယ်"

"အကန့်အသတ်တစ်ခုခု မထားလို့တော့မရဘူး"

မဏိ တော်ကြာ မင်းက ဒူးထောက်ခြေသလုံးဖက်ပြီး တရော် ကြီးလို နှစ်နဲ့ချီပြီး ကပ်ချွဲနေရမှာကို ငါတို့က မှိုင်တွေချပြီး ဆံဖြူ သွားကျိုးတဲ့အထိ စောင့်နေရမှာလား"

"ဟား. . . ဟား. . . ဟား"

မဏိ ခေါင်းမော့၍ အူလှိုက်အသည်းလှိုက် ရယ်သည်။ ကိုယ့် ကိုယ်ကို ယုံကြည်ချက်အပြည့်နှင့်ရယ်ပုံက တစ်ဖက်ကို လှောင်နေ သည့်နှယ်။

တင်မောင်လွန်း မျက်နှာပျက်နေသည်။

ဂျစ်တူးက တင်မောင်လွန်းခံစားချက်ကို အကဲခတ်မိ၏။

မဏိက ဂရုမစိုက်။

"တစ်လပြည့်တဲ့နေ့ ဆီဒိုးနားဟိုတယ် ပထမထပ်မှာ ဆုံ မယ်"

"မင်းပြောတာနော်"

"မဏိ. . . သုံးလ၊ နှပ်လပြောလေကွာ၊ ပိုပိုလိုလို"

ဂျစ်တူးက မဏိရဲ့စွမ်းရည်ကို ယုံကြည်သူ။

နိုင်လည်း နိုင်စေချင်သည်။

(ဗျူးစာပေ)



သူတို့ထဲမှာ တင်မောင်လွန်းကချမ်းသာသူမို့ မဏိကသာနိုင်၍ လောင်းကြေးကို မဏိရစေချင်သည်။

ဒါပေမဲ့ မနိုင်နိုင်ခဲ့လျှင် မဏိလောင်းထားတဲ့တန်ဖိုးက မနည်း လှတာကိုလည်းသိနေသဖြင့် မဏိရှုံးမှာကို ကြောက်နေမိသည်။

မဏိကတော့ ပြောသမျှစကားတိုင်းကို ဒုတိယမွှ ပြင်ဆင်ခြင်း မပြုခဲ့ပါလေ။

✦ ✦ ✦

(ဗျူးစာပေ)

## အပိုင်း (၁၅)

ရုပ်ရှင်ပြဖို့ မီးတွေအားလုံး မှောင်ကျသွား၏။ ဘေးကခုံလွ
နှစ်ခုံမှာ ယောကျ်ားနှစ်ယောက်လာထိုင်လိုက်တာကို မျက်ဝန်းထောင့်
သိလိုက်ပေမယ့် လှည့်မကြည့်မိခဲ့။

ဘယ်လောက်မှ မကြာလိုက်သေးဟု ထင်သည်။

ခေါင်းကို တစ်စုံတစ်ယောက် လှမ်းတို့လိုက်သလို ထိခတ်
သည်မို့ ဒီဘက်ကို ဆတ်ခနဲလှည့်ကြည့်လိုက်မိ၏။

"ဟင်"

ခေါင်းမှာပန်ထားခဲ့သည့် ကံ့ကော်ပန်းလေးက ဘေးက
လက်ထဲမှာ။

"ရှင်... ရှင်... ဒါ ဘာလုပ်တာလဲ... ဟင်"





ဒေါသကြောင့် တအားအော်ပစ်ချင်ပေမယ့် ရုပ်ရှင်ရုံထဲမှာမို့ သွားကြိတ်သံနှင့် ခပ်အုပ်အုပ်သာပြောရသည်။

သူက ခပ်တည်တည်နှင့် မျက်နှာစောင်းသည်ဆိုရုံလေး စောင်းငဲ့ကာ . . .

"မင်းရဲ့ပန်းနံ့ကို မကြိုက်လို့လေ"

"ဘာပြောတယ်"

ခင်ဘဏ္ဍာ လက်တန်းကို ကျင်ခနဲဆုပ်၍ သူ့ဘက်ကို ကိုယ်တစောင်းလေးလှည့်ပစ်လိုက်သည်။

"ရှင့်ဟာရှင် အနံ့မခံနိုင်ရင် ထသွားပါလား၊ ဒီလောက်တောင် ရိုင်းစိုင်းရသလားဟင်၊ လက်ရဲဇက်ရဲနိုင်လှချေလား"

"ရုပ်ရှင်ကြည့်ချင်လို့ လာတာပဲကွာ၊ ဘယ်ကိုထသွားရမှာလဲ၊ မင်းကို နှင်လွှတ်လို့လည်းမဖြစ်ဘူး၊ ဒါကြောင့် ဖြစ်တဲ့ဟာကို ဖယ်လိုက်တာ"

"တောက်"

"ဘန်ဘန်. . . ဘာဖြစ်တာလဲဟင်၊ ဘာဖြစ်လို့လဲ"

သူငယ်ချင်းတွေမေးကြတော့ ခင်ဘဏ္ဍာ ဘာမှမဖြေနိုင်။ အဲဒီ မထီမဲ့ပြုံးနှင့်မျက်နှာကို ကုတ်ဖဲ့ထုရိုက်ပစ်ချင်သော မျက်လုံးများနှင့်သာ။

"ကဲပါ. . . ဘန်ဘန်ရယ်၊ ရုပ်ရှင်ရုံထဲမှာ၊ လာ. . . ဒီဘက် လာထိုင်"

နေရာလွှဲထိုင်လိုက်ကြသည်။

မဏိ ပန်းကလေးရှ၍ ကျိတ်ပြုံးမိသည်။

ကြားထဲမှာ တစ်ယောက်ခြားသွားသည့်အထိ ခင်ဘဏ္ဍာရဲ့ အရောင်တလက်လက်ထွက်နေသည့် မျက်လုံးလေးတွေက သူ့ဆီသို့ အခဲမကျေနိုင်စွာ ဝေ့ဝဲနေဆဲရှိနေတာကို လှည့်မကြည့်ဘဲသိနေသည်။

အဲဒါ နှလုံးသားထဲက နိဒါန်းအလင်္ကာတစ်ပုဒ်။

မင်းရဲ့ နှလုံးသားတံခါးနားမှာ ကိုယ်ရပ်တယ်

ဘာသံမှ မကြားရဘူး

ပင့်သက်ရှိုက်လို့ ကိုယ် သီချင်းလေးညည်းခဲ့တယ်

တံခါးရှေ့မှာရပ်လို့ မခေါ်ဘဲ သီချင်းဆိုပြီးထွက်သွားတဲ့ သီချင်းသည်ရဲ့အသံကြောင့် မျက်မှောင်တွန့်တွန့်နဲ့ မင်း ခေါင်းထောင်ကြည့်ခဲ့တယ်လေ

ညှို့သည့်မလုပ်ဘဲ အိမ်ကိုလာတာ ဘယ်သူလဲ

မင်းတွေးနေဆဲ

စိတ်တွေရှုပ်လို့ ဒေါသထန်ဆဲ

ဒေါသများနဲ့ တွေးနေဆဲလေ. . .

✦ ✦ ✦

(ဖျူးစာပေ)

## အခန်း (၁၆)

''တကယ်ပြောတာ၊ လုံးဝ အပိုမပါဘူး၊ စေ့စေ့ကြည့်လေ ချောချောလေပဲ၊ အဲ့ဒီလူလက်ထဲမှာ နှင့်ခေါင်းကပန်းကိုတွေ့တော့ အံ့ဩလွန်းလို့ ရုပ်ရှင်သာကြည့်နေရတယ်၊ စိတ်က နှင့်တို့ ဘာဖြစ် ကြတာလဲလို့ချည်း တွေးနေမိတာ၊ မကြာခဏလည်း အဲဒီလူကို လှည့် ကြည့်မိတာပေါ့၊ သူက လုံးဝဂရုမစိုက်ဘူး''

''ဟုတ်တယ်၊ ရုပ်ရှင်ပြီးတော့ ငါလည်း ဖြူလေးပြလို့ အပြင် ရောက်တဲ့အထိ သေချာလိုက်ကြည့်လိုက်တယ်''

''အေးလေး. . . မချောဘူးလား''

''ချောတယ်၊ ချောတာမှ အရပ်နဲ့အသားဖြူပုံနဲ့ နှာတံစင်း ပုံက အမေရိကန် မင်းသားလေးကျနေတာပဲ၊ တကယ့်ဟဲဗီး''

(ဖျူးစာပေ)

"မျက်လုံးမျက်ခုံးကဆို ထင်းနေတာပဲ၊ ဘန်ဘန် နင်နဲ့ သိပ်လိုက်တာပဲဟယ်"

"ဟုတ်တယ်၊ ခုမှ ငါတို့မိန်းမနဲ့ ရှေ့သွားနောက်လိုက်ညီတဲ့ အတွဲအစစ်အမှန်ကိုတွေ့တာ"

တစ်ယောက်တစ်ပေါက် ပြောနေကြကာ ကားပေါ်ရောက်တာတောင် ကားမောင်းဖို့ သူတို့ သတိမရကြ။

"ဟဲ့. . . ဘန်ဘန်"

"ဘာလဲ"

"ငြိမ်လှချေလား၊ ဝန်လည်းမခံ၊ ငြင်းလည်းမငြင်း၊ ထောက်ခံနေတာလား၊ ကန့်ကွက်နေတာလား"

"ငါ စဉ်းစားနေတာ"

"ဟော. . . စလာပြီ"

"သူ့ကို ငါ တွေ့ဖူးသလိုပဲ"

"ဟုတ်ပါ့မလား၊ ဒီလို စင်းလုံးချောကို"

"တူတာမဟုတ်ဘူး၊ သူ့ကိုပဲတွေ့ဖူးတာ၊ ဘယ်မှာမှန်း မသိဘူး"

"နင်. . . သူ့ကို ရုံထဲကကိစ္စ ရန်သွားမစချင်ဘူးလား"

"အစကတော့ ရုံပြင်ရောက်မှ အကြောင်းသိမယ်လို့ တေးထားမိတာ"

"ဘာဖြစ်လို့လဲ"





"သူက ငါ့ကို လုံးဝမှ ဂရုမစိုက်တော့တာ"

လူချင်းနေရာလဲထိုင်ပြီးကတည်းက ကိုယ်ကသာ ဒေါသနှင့်ကြာခဏကြည့်ဖြစ်ပေမယ့် သူက ခပ်လျှော့လျှော့မှီထိုင်ကာ လက်ပိုက်ျက် တင်လောကလုံးကို ရှိတယ်မထင်တဲ့ပုံစံနှင့်။

"ကိုယ်ကသွားစရင် ကြောင်တာပေါ့"

"ဒါ. . . ဟုတ်တယ်၊ သူ့ပုံစံက ဘယ်သူ့မှ ဂရုမစိုက်သလိုနတာကိုပဲ စိတ်ဝင်စားဖို့ကောင်းတဲ့ စတိုင်လ်တစ်မျိုးဟ"

ဟန်နီက ကားကို ပါကင်နေရာမှ အသာထွက်ယူကာ လမ်းကြောင်းပေါ်ရောက်အောင် မောင်းသည်။

ပြီးမှ ဒီဘက်လှည့်၍ . . .

"ဘန်ဘန်ရေ ကျောင်းတုန်းက ရည်းစားမထားခဲ့ဘူးနော်၊ ကျောင်းပြီးမှ ကံစမ်းမဲပေါက်နေဦးမယ်"

"လုပ်မနေစမ်းပါနဲ့၊ ဇာတ်လမ်းက ဒီမှာတင်ပြီးပြီးသား၊ စိတ်င်စားဘူး"

"ငါတို့ကတော့ သူ ဘယ်လိုလူမှန်းမသိပေမယ့် နင်နဲ့နောက်ကိုက်ညီတာကို အရမ်းသဘောကျတယ်"

သူငယ်ချင်းတွေပြောတာကို ပက်ခနဲ ပက်ခနဲရန်ပြန်တွေ့ဖို့ံးပယ်ဖို့တောင် ခင်ဘဏ္ဍာသတိမရ။

ဒီနေ့ချိန်ထိ ကိုယ့်အသားကို ထိရဖို့မပြောနှင့် ပခုံးချင်းယှဉ်က်ဝံ့တဲ့ယောကျ်ားမျိုး ရှိမလာအောင် မာနကြီးနေပြခဲ့တဲ့ ကိုယ်။

သူက ခေါင်းကပန်းကိုမှ ပိုင်စိုးပိုင်နင်းဖြုတ်ယူသွားတာ ဒါကို ဒေါသဖြစ်ရတာတနံ့နံ့။

ကိုယ့်ကိုမြင်လျှင် အရူးအမူးခစားကြတဲ့ ယောကျ်ားတွေပဲ တွေ့ခဲ့ရလျက် သူကတော့ လုပ်ချင်ရာကို ဆိုးဆိုးဆတ်ဆတ် လုပ်ပစ်လိုက်ပြီး သူ့ပဲ အပြစ်မရှိသလို ဘယ်သူ့ကိုမှ ဂရုမစိုက် ခပ်တည်တည်။

ဒါကိုလည်း ကိုယ့်မာနက လက်မခံနိုင်။

မိန်းကလေးအတော်များများဟာ လှအောင်ပြင်ကြသလို ကိုယ်လှနေတာကို ဂုဏ်ယူတတ်သည်။

ကိုယ့်အလှကို သူ့မှာ တိမ်းမူးသွားမှ ကြိုက်တဲ့အမျိုး။

ဒီလူလုပ်သွားပုံက ကြည့်။

ခင်ဘဏ္ဍာဆိုတာကို ရှိသည်လို့ပင် မမှတ်တဲ့ပုံ။

“ဘန်ဘန်”

သူ့အကြောင်း တွေးနေလား”

“ဟုတ်တယ်”

“ဒေါသဖြစ်နေတာမဟုတ်လား”

“အင်း”

“ဒါ. . . အစပဲရှိသေးတယ်”

“ငါထင်တယ်သိလား၊ ဒီလူ ဘန်ဘန့်ကို သိရင်သိနေမှာ၊ နင်စဉ်းစားကြည့်လေ၊ သူ့လိုပဲ ဘန်ဘန်လိုရုပ်မျိုး တူတာရှိနိုင်ပါ့မလား၊ ဒီလောက်လှတဲ့မိန်းကလေးကို နှစ်ခါပြန်မကြည့်ဘူးဆိုတာ တမင်ထိန်း




ထားတာ မဖြစ်နိုင်ဘူးလား”

“မဖြစ်နိုင်ဘူး၊ အပြင်မှာ တောက်လျှောက် လုံးဝကိုဂရုမစိုက်တာ အစအဆုံးငါမြင်လိုက်တယ်”

ဖြူလေးပြောတော့မှ ခင်ဘဏ္ဍာရင်ထဲမှ မာနက ပိုလို့အုံကြွလာသည်။

ဤဒေါသစိတ်သည် အိမ်ရောက်လို့ အိပ်ယာဝင်တဲ့အထိ နှိပ်စက်လို့ ခင်ဘဏ္ဍာ အိပ်ယာပေါ်မှာ လူးလူးလိမ့်လိမ့်။

✦ ✦ ✦



## အပိုင်း (၁၇)

မိုးက ဝုန်းဝုန်းဒိုင်းဒိုင်းရွာနေရာမှ နည်းနည်းစဲသွားပေမယ့် မိုးဖွားလေးတွေ ကျနေဆဲ။

လမ်းထိပ်တင်ပဲဆိုပြီး ကားအပါ ထီးမယူမိဘဲ မိုးတွေညို့နေတာကိုပဲ ရေတွက်မိတာကိုက ကိုယ့်အမှား။

မိုး လုံးဝတိတ်အောင်စောင့်နေလျှင် မိုးချုပ်သွားတော့မှာမို့ ခင်ဘဏ္ဍာ ထရပ်လိုက်သည်။

"မိုးမတိတ်သေးဘူးလေ သမီးရဲ့ မစောင့်တော့ဘူးလား"

ဗီဒီယိုခွေအငှားဆိုင်က ဒေါ်ဒေါ်နွဲ့က လှမ်းပြောသည်။

"မစောင့်တော့ပါဘူး ဒေါ်ဒေါ်နွဲ့ရယ်၊ တော်ကြာ မေမေပြန်ရောက်လာရင် ကားမပါဘဲ အပြင်ထွက်ရမလားဆိုပြီး ဆူမှာ၊ မေမေမရောက်ခင် ပြန်မှဖြစ်မယ်"





သေချာထုပ်ပိုးပေးတဲ့ အိပ်ကလေးကို ရင်ခွင်ထဲမှာပိုက်၍ လမ်းမပေါ်လျှောက်ထွက်လိုက်လျှင် မိုးစက်လေးတွေ၏ထိတွေ့မှုက မ့ိခနဲအေးသွားသည်။

လွတ်လပ်ခြင်းရဲ့အရသာက ဒါလား။

နေရာတကာ ဒရိုင်ဘာနှင့်ကားနှင့်။

ဝေးဝေးသွားသွား၊ နီးနီးသွားသွား လမ်းလျှောက်ချင်ပါတယ် ဆိုတာတောင် မရ။

မေမေက အဲဒီလောက်ထိတင်းကျပ်သည်။

ကျောင်းတက်တုန်းကရော။

"မေမေကလည်း ကျောင်းမှာ ကိုအေးသိန်းကြီးကို အတန်းဝအထိ လာမစောင့်ခိုင်းပါနဲ့၊ ကားထဲမှာစောင့်နေရင် ပြီးတာပဲဟာ"

"ဘာဖြစ်လဲ၊ သူ့ဒြေးကို ဒါရိုင်ဘာကလာကြိုတာလေ၊ ထမ်းပဲခေါ်ခေါ်ပေါ့၊ ကားနဲ့အတန်းနဲ့ကြားမှာ သမီးနားကိုကပ်ပြီး စကားလုံးပေါင်းများစွာ ကပ်ပြောလာလို့ရတယ်၊ အဲဒီအခွင့်အရေး မေမေ မပေးနိုင်ဘူး၊ ပညာသင်ချိန်မှာ လုံးဝ ရည်းစားမထားရဘူး၊ ဖိုဆို ယင်ဖိုတောင်မသမ်းရဘူး၊ သမီးရဲ့အိမ်ထောင်ရေးထိ မေမေ တန်ဖိုးရှိရှိ စီစဉ်သွားချင်တယ်"

ကျောင်းတက်တုန်းကတည်းက မေမေ့ရဲ့ အဲဒီလိုစည်းမျဉ်းထဲမှာ ခင်ဘဏ္ဍာ နေသားကျခဲ့ရသည်။

မေမေ့ပို့ချချက်တွေ ဝင်ဖို့ မာနလည်းကြီးတတ်သည်။

ချစ်သူ**ရည်းစား**ဆို စိတ်ကူးထဲထည့်ဖို့ မစဉ်းစားခဲ့။

ခုလို မှော**င်နို်သ**မ်းတဲ့ ဆိတ်ငြိမ်လမ်းထဲမှာ မိုးစက်လေးတွေကြားထဲ ခင်ဘဏ္ဍာ**တစ်ယော**က်တည်း ဖြတ်လျှောက်နေတာများ မေမေသိခဲ့လျှင်. . .။

အ**တွေးလေးနှင့်** ပြုံးမိဆဲ။

**နားထဲမှာ** ကားသံသဲ့သဲ့အကြား. . .

လှ**ည့်ကြည့်**ချိန်ပင်မရလိုက်မီ . . .

**"ဟယ်"**

**ရွှံ့**ဗွက်တွေ. . .။

နောက်ဆုတ်ရှောင်လိုက်တာ လမ်းဘေးအုတ်တံတိုင်းတွေနားထိတောင်။

ဒါပေမဲ့ မလွတ်ဘဲ သခွားရောင်ဝတ်စုံလေးမှာ ဆေးဆိုးပန်းရိုက်လိုက်သလို ညစ်ပတ်ပေကျံသွား၏။

"တောက်"

နောက်ဆုတ်လာသည့်ကားကို လှမ်းကြည့်၍ ဒေါသက နှုတ်ခမ်းလေးတွေ တလွန့်လွန့်ဖြစ်လာရတဲ့အထိ။

ကားက အနားထိပြန်ဆုတ်လာ၍ ရပ်သွားသည်။

တံခါးပွင့်သွား၍ ငုံ့ထွက်လိုက်သည့် မြင့်လွန်းသည့်အရပ်တစ်ခု။

"ဟင်"

တစ်ကိုယ်လုံး ဖျင်းခနဲဖြစ်သွားသည်။





ဒီလူ. . .။

ဒါ. . . တိုက်ဆိုင်တာ ဖြစ်နိုင်ရဲ့လား။

အဖြစ်တို့ကိုစုပေါင်း၍ ဒေါသက ပို၍အားကောင်းလာ**သည်**။

"သူက ဘောင်းဘီဘေးအိတ်တွေထဲ လက်နှစ်ဖက်သွ**င်း၍** ခင်ဘဏ္ဍာရှေ့ထိ လျှောက်လာသည်။

"ခုမှ ပိုလှသွားတာကွ. . . ဟင့်"

စကားလုံးက တစ်ဖက်ကဒေါသကို ဂရုမစိုက်စွာ။

သူက ခင်ဘဏ္ဍာ့ကို ခပ်ရဲရဲစိုက်ကြည့်၍ . . .

"ကားမစီးနိုင်လို့ လမ်းဘေးမှာလျှောက်နေကြရတဲ့ လူတွေရဲ့ ဒုက္ခကို မင်း ကိုယ်ချင်းစာတတ်အောင်လို့လေ၊ ဘယ့်နှယ်လဲ",

ဒေါသက အစွမ်းကုန်သွားပြီ။

ခင်ဘဏ္ဍာ ထိတ်ခနဲဖြစ်၍ နောက်ခြေတစ်လှမ်းဆုတ်လိုက်မယ့် . . .

"ကိုယ်လဲ အဲဒီလိုလူစားပဲ၊ မင်း. . . သိလား"

"အို. . . လွှတ်"

သူ့အင်္ကျီရင်ဘတ်စကို ဆုပ်ဆွဲလိုက်မိကာ အတင်းတွန်း၍

ရှန်းပေါ်လည်း ရန့်တစ်မျိုးနှင့် နွေးသောရင်ခွင်ကျယ်မှာ ခင်ဘဏ္ဍာ

တုပ်နှောင်ပြီးသားဖြစ်သွားသည်။

မျက်နှာချင်းခွာ၍ စေ့စေ့ကြည့်ကာ. . .

''မင်းမကျေနပ်ရင် ထပ်ရိုက်မလား''

''ရှင်. . . ရှင်. . . ဟင့်''

ဒေါသတွေလည်း ဘယ်ရောက်ကုန်မှန်းမသိ။

တစ်ကိုယ်လုံး လေဟာနယ်ထဲလွင့်မျောသွားသလို ကျင်

အေးစက်၍ ကတုန်ကယင်ကြီးဖြစ်ကာ အရှက်သည်းသောမျက်နှ

တို့က ကြွေဆင်းလာ၏။

''ကိုယ် စော်ကားတာမဟုတ်ဘူးနော် ခင်ဘဏ္ဍာ၊ ချစ်တာ

နားသယ်ဆံစပ်လေးနားမှာ •သူ့နှုတ်ခမ်းတို့ကပ်၍ ပြောက

အတင်းဖက်ထားသည့်လက်တို့ကို ဖြေသည်။

''မိုးချုပ်နေပြီ၊ မင်း. . . သွားတော့''

ခင်ဘဏ္ဍာ လွတ်ကျသွားခဲ့သည့်အိတ်ကို ပြန်မကောက်တေ

ဘဲ အတင်းပြေးထွက်ခဲ့မိသည်။

သူ ရပ်ကြည့်နေခဲ့သလား။





မကြည့်နဲ့၊ အို. . . သူ့ကို ဘန်ရှုံးခဲ့ပြီ။

ဟင့်အင်း. . . ဟင့်အင်း. . . မဟုတ်ဘူး။

✦ ✦ ✦

## အခန်း (၁၈)

"ရိုက်. . . ရိုက်လိုက်လေ. . . ဟာကွာ"

"ဘယ်လိုဖြစ်တာလဲ မင်းသမီးရယ်"

ရိုက်ကွင်းတစ်ခုလုံး ဆူသွားသည်။

တကယ်ပြင်းထန်ပေါက်ကွဲလောက်အောင် အကျင့်ယုတ်တဲ့ လူကြမ်းကို ချစ်သူတစ်ယောက်လို အငေးသားကြောင်ကြည့်ကာ မင်းသမီး ဘာတွေမှင်တက်မိသွားပါလိမ့်ဟု အားလုံးမျက်နှာက အတွေးတို့ကြောင့် ပြုးစိစိ။

အဲဒီဇာတ်ဝင်ခန်းကို နှစ်ခါပြန်ရိုက်မှ အဆင်ချောခဲ့လေသည်။

"ဒီနေ့ နားပါရစေဆရာ၊ ဘန် သိပ်နေမကောင်းလို့ပါ"

ဒါရိုက်တာက မျက်နှာမကောင်းလှပေမယ့် မင်းသမီး စိတ်မပါတာကိုလည်းသိ၍ ခေါင်းညိတ်လိုက်ရသည်။

(ဗျူးတာပေ)



"ဘယ်လိုဖြစ်တာလဲ ဘန်ရယ်၊ ခုတလော ဘယ်ကားရိုက်ရိုက် ဘန် အလွဲလွဲအချော်ချော်တွေ ဘာလို့ဖြစ်ရတာလဲ"

ကားမောင်းနေရင်း ငြိမ်းဟန်စိုးက ညည်းညူသလိုပြောသည်။

"တစ်နေ့ကို နာရီပိုင်းလေးအတွင်း ကားတွေ ဒီလောက်ဆက်တိုက်ရိုက်နေရတာ ရောကုန်တာပေါ့၊ စိတ်လည်းမပါတော့ဘူး"

နှုတ်ခမ်းစူနေသည့် ခင်ဘဏ္ဍာကို ငဲ့ကြည့်ကာ. . .

ဒါလည်းဟုတ်တာပဲဟု ငြိမ်းဟန်စိုးတွေးသည်။

"ဒါဆိုလည်း တစ်ပတ်လောက် ဘန် အနားယူလိုက်လေ၊ နောက်ဒါမျိုးတွေ ဆက်တိုက်ဖြစ်လာရင် ရေရှည်မကောင်းဘူး၊ ဦးကျော်ဆေးတဲ့ သဘောပေါ့"

"အဲဒါကောင်းတယ်၊ မေမေ့ကို ကိုကြီးပြောပေးလေ"

"အင်းပါ"

ခင်ဘဏ္ဍာ့မျက်နှာလေး ချက်ချင်းကြည်သွားတာကို မှန်ထဲကနေ ကြည့်၍ သူပါ ပြုံးလိုက်မိသည်။

တစ်ဖက်သတ် ချစ်ကြရတဲ့သူတိုင်း ဒီလိုပဲလား။

"ဘန်"

"ရှင်. . . ပြောလေ ကိုကြီး"

"ကိုကြီးတို့ လက်ထပ်ကြရအောင်"

ခင်ဘဏ္ဍာ မျက်နှာလေးပျက်သွား၏။

"ဘန်က အပျိုမဟုတ်တာရယ်၊ ရုပ်ရှင်မင်းသမီးဖြစ်နေတာ

(ဗျူးတာပေ)

ရယ် ကိုကြီးမိဘတွေက သဘောမကျဘူးဆိုတာ ဘန်သိတယ်''

''ဒါပေမယ့် ကိုကြီး မင်းအတွက် မင်းဆီမှာပဲ အချိန်တွေ မျှော်လင့်ချက်တွေအားလုံး နှစ်မြှုပ်လုပ်ကိုင်ပေးနေတာကို သူတို့ မတားကြပါဘူး ဘန်ရယ်၊ ဒါတွေထောက်ထောက်ပြပြီး မင်း သက်သက်ရှောင်နေတာပါ''

ငြိမ်းဟန်စိုးတို့အသိုင်းအဝိုင်းက တကယ့် အမြင့်စားတွေပင်။ ငြိမ်းဟန်စိုးကိုယ်တိုင် ခင်ဘဏ္ဍာ့ကို ရူးမလောက်ချစ်ပေမယ့် သူနဲ့ သူ့အသိုင်းအဝိုင်းရဲ့ဂုဏ်ကြောင့် ဒီနေ့ထိ လက်ထပ်ခွင့် ပြန်မတောင်းခဲ့သေးတာ အဲ့ဒါကြောင့်။

ခုတော့ ချီးမွမ်းခုနစ်ရက်၊ ကဲ့ရဲ့ခုနှစ်ရက်။

ပတ်ဝန်းကျင်ဝေဖန်သံတွေ တိတ်သွားခဲ့ပြီ။

မိဘတွေ ဒီ့ပြင်တစ်ယောက်နှင့်စီစဉ်တာကို ဖွတ်ပယ်ချ၍ ခင်ဘဏ္ဍာအတွက် သူ နှစ်များစွာ ကြိုးစားလုံးပမ်းခဲ့တာကိုလည်း အိမ်သားတွေ မတားနိုင်တော့ဘဲ လက်လျှော့ခဲ့ပြီ။

သူ့ဘက်က အဆင်သင့်ဖြစ်ပြန်တော့လည်း ခင်ဘဏ္ဍာက လှည့်ပတ်ရှောင်တိမ်းနေဆဲ။

''ကိုကြီးက မင်းထက် ရှစ်နှစ်လောက်ကြီးတယ် ဘန်၊ လက်ထပ်သင့်တဲ့အရွယ်ကို လွန်တောင်နေပြီ၊ ကိုကြီး မင်းကို ချစ်လွန်းလို့ မိဘစီစဉ်သမျှကို အားလုံးငြင်းပစ်ခဲ့တာ၊ ကိုကြီးအချစ်ကို မင်း ဒီလောက်ဆို အသိအမှတ်ပြုသင့်ပြီ ထင်တယ်''





''ပြုပါတယ် ကိုကြီးရယ်၊ ဒါပေမဲ့ ဘန်က အပြစ်ရှိခဲ့တဲ့ ဆိုတော့''

''အဲဒီအပြစ်ကို ကိုကြီး ခွင့်လွှတ်ထားတာပဲ''

''ဘန် အားငယ်တယ်၊ ဒါတွေကို လုံးဝမေ့အောင် ကြိုးစား ရစေအုံးနော်''

ကားလေးက လမ်းဘေးသစ်ပင်ရိပ်မှာ ထိုးရပ်သွားသည်။

''မေ့ဖို့ကြိုးစားရင်း အဟောင်းတွေပြန်ပေါ်လာရင် ဘယ်လို ယ်မလဲ ဘန်''

''ကိုကြီး. . . ဘာကိုပြောတာလဲ''

ငြိမ်းဟန်စိုး သက်ပြင်းချ၍ နှုတ်ဆိတ်သွားလေသည်။

ရင်ထဲမှာ ပြောချင်တာတွေအများကြီးပေမယ့် ပြောလို့မထွက်။

မဏိဆိုတဲ့ နာမည်တစ်လုံး ဟိုတစ်စဒီတစ်စထွက်လာတာ ကြားနေရသည်။

စားသောက်ဆိုင်တွေမှာ သီချင်းဆိုသည်တဲ့။

အသံကောင်းတာ၊ ချောတာ စုံအောင်ကြားနေရသည်။

တစ်နေ့ သူတို့ချင်းမတွေ့ဘူးလို့ ပြောနိုင်မလား။

သူတို့ ရင်ဆိုင်တွေ့ခဲ့ကြလျှင် . . .။

မသေချာသော ကိုယ့်ဘက်က ဘာမှ ကာကွယ်စရာမရှိ လား။

ချစ်ခြင်းကို ဖန်တီးယူလို့သာရမည်ဆိုပါလျှင် ခင်ဘဏ္ဍာရဲ့

အချစ်ကို သူ ဘာနဲ့ပဲချိန်ဝယ်ယူရယူရ ရအောင်ယူပါမည်။

ခုတော့ . . .

ခင်ဘဏ္ဍာ တွေးနေငေးနေတဲ့အရိပ်တွေမှာ အဲ့ဒီအတွေး

ကို ဆုပ်ဖမ်းယူကြည့်လို့လည်းမရပါဘဲ သူ့ဘေးကနေ နေမထိ

မသာ။

မိဘအားကိုးနှင့် မရရအောင် ယူလိုက်ပြန်လျှင်လည်း အချ

မပါတဲ့ဗလာကိုယ်ကို သူမမက်မော။

တကယ်လိုချင်တာက အချစ်။

ဒါကိုရဖို့ သူ့မှာ အခွင့်အရေးရှိပါ့မလား။

✦ ✦ ✦



## အခန်း (၁၉)

"ဘာဖြစ်သွားတာလဲ ဖေကြီး"

"မသိဘူးကွ၊ အောက်ခဏဆင်းအုံး"

မင်းဘဏ္ဍာ ဆိုင်ကယ်ပေါ်ကနေ လွှားခနဲခုန်ဆင်းသည်။

မဏိက ဆိုင်ကယ်ကိုဒေါက်ထောက်ကာ စက်ထဲကိုငုံ့ကြည့်၏။

"ဖေကြီးရာ. . . ဖေကြီးဆိုင်ကယ်ကြီးက မဂွတ်ပါဘူး၊ ဂွတ်ဒ်

လေးနဲ့ လဲစီးဖို့ကောင်းနေတာ ကြာပြီ"

"အံမာ ချွေးကောင်"

လူကြီးလေသံလေးနှင့် ပြောနေသည့် မင်းဘဏ္ဍာခေါင်းလေး

ကို ချစ်စနိုး လှမ်းပုတ်လိုက်မိသည်။

"ဟာ. . . ဖေကြီး. . . ဖေကြီး ဟိုမှာကြည့်စမ်း။ လူတွေ အများ

ကြီးပဲ၊ ဘာလုပ်နေကြတာလဲမသိဘူး"

ကန့်သာယာပန်းခြံလေးထဲမှာ ရုပ်ရှင်ဗီဒီယို တစ်ခုခုရိုက်နေတာ

ဖြစ်ပါလိမ့်မယ်။

"ဟင်. . . ဖေကြီး၊ အဲဒါဘာလဲ"

"ရုပ်ရှင်ရိုက်နေတာ နေမှာပေါ့ကွာ"

"သားသား သွားကြည့်မယ်"

"ဟာ. . . မသွားရဘူး"

"ဖေကြီးကလည်း ဖေကြီးဆိုင်ကယ်ပြင်နေတုန်း သားသားက

ဒီတိုင်းထိုင်နေရမှာ"

"ထိုင်နေပေါ့၊ ဟိုမှာ လူကရှုပ်ရှုပ်နဲ့"

"နီးနီးလေးဟာကို ဖေကြီးကလည်း"

ပူဆာလွန်း၍လွှတ်လိုက်ရပေမယ့် စိတ်ကမချတာနှင့် ဆိုင်ကယ်

ပြင်နေရတာ မဖြောင့်။

ပြီးသွားသည်နှင့် မင်းဘဏ္ဍာကို သူသွားခေါ်သည်။

လူတွေကြားထဲမှာ ကျောင်းစိမ်း ဘောင်းဘီအစိမ်းအကျီအဖြ

လေးနှင့် ကျောပိုးအိတ် အပြာရောင်လေးလွယ်ထားသည့် မင်းဘဏ္ဍာက

ခပ်လှမ်းလှမ်းကတည်းက မြင်ရ၏။

"ဘယ့်နှယ်လဲ၊ ဘာတွေမြင်ရသလဲ"

"လက်သီးထိုးကြမှာ ဖေကြီးရ၊ မင်းသမီးလည်းမပါဘူး"

သားကို သူ ကောက်ချီလိုက်သည်။

"ခဏကြည့်အုံးမယ် ဖေကြီးရာ"





"ကျောင်းမမီဘဲနေမယ်ကွာ၊ မကြည့်နဲ့တော့"

မြင်ကွင်းကြောင့် ခင်ဘဏ္ဍာတစ်ကိုယ်လုံး ဆတ်ခနဲဖြစ်သွားသည်။ ဘေးမှာ မေမေပါတာကိုလည်း သတိမရ။

ဘေးကမှန်ကို ချက်ချင်းချပစ်လိုက်မိသည်။

တကယ့်ကိုနီးနီးလေးမို့ မဏိ ကားဆီကို ဖျတ်ခနဲ အကြည့်ရောက်သွားကာ ခြေလှမ်းတုံ့သွား၏။

အံ့ဩလိုက်ခုန်သော အကြည့်ကနေ အေးစက်သွားသည့်ပြောင်းလဲခြင်းကို မဏိ သတိထားမိလိုက်သည်။

ခင်ဘဏ္ဍာရဲ့မျက်ဝန်းတို့က ချီထားသည့်ကလေးဆီ ရွေ့လျားသွားလေသည်။

ဒေါ်စိန်မမ၏မျက်ဝန်းများက မင်းဘဏ္ဍာဆီမှာ စူးနစ်ပြင်းထန်စွာ။

သုံးစုံသောမျက်ဝန်းတို့ တဒင်္ဂမှင်တက်မိလျက် ဆုံဆည်းကြလေသည်။

မဏိက ခင်ဘဏ္ဍာရဲ့နောက်က ဒေါ်စိန်မမထံ အကြည့်တစ်ချက်ရောက်ကာ ချာခနဲလှည့်ထွက်လာခဲ့သည်။

"ဖေကြီး"

"ဟင်"

"ကားပေါ်ကဟာ မိုးမြင့်ကောင်းကင်မဟုတ်လားဟင်၊ သားသားရဲ့မေမေမဟုတ်လား"

"ဟုတ်တယ်"

သူ သံပြတ်နှင့်ပြော၍ သားကိုချကာ ဆိုင်ကယ်ဒေါက်ဖြုတ်သည်။ မင်းဘဏ္ဍာ ဖအေ့မျက်နှာကို တကြည့်ကြည့်နှင့် ဘာမှလည်း ဆက်မမေးရဲတော့ဘဲ ငိုမဲ့မဲ့လေးဖြစ်လာသည်။

ကျောဘက်ဆီက အင့်ခနဲ သားရဲ့ရှိုက်သံလေးကြားလျှင် မဏိ အံကြိတ်လိုက်မိသည်။

ခင်ဘဏ္ဍာ သားပေါ်မှာတုံ့ပြန်တဲ့ မင်းရဲ့မေတ္တာက ဒါပဲလား။

နှလုံးသားက ဆတ်ဆတ်တုန်လျက်. . .။

✦ ✦ ✦



## အပိုင်း (၂၀)

"ဟော့ကောင် မဏိ"

"ဟား. . . မိုးမလင်းသေးဘူး၊ ညှော်သည်ကလာပြီ၊ သားရေ ထမင်းအိုးအုပ်ထား"

"ဒီမှာ အပြည့်ပါတယ်၊ သဘောပေါက်"

တကယ့်ကိုပြောင်းလဲသွားသော ဂျစ်တူးပုံစံက ပြောင်လက်သောရှူးဖိနပ်နှင့် သားရေအကောင်းစား ဂျာကင်၊ ဘောင်းဘီရှည်နှင့် လွယ်ထားသည့်အိတ်ကလည်း တန်ဖိုးသေးမှာမဟုတ်။

မဏိက မျက်နှာသစ်ခြင်းကိုအမြန်လုပ်၍ ညှော်ခန်းထဲဝင်လိုက်လာသည်။

"စောစောလာရတာက မင်းကို ဖမ်းမိအောင်လို့လေ၊ ဟိုတစ်ခါ ပါလာတာ မင်းသိလား"

"မသိဘူး"

"တံခါးဖွင့်လိုက်တော့ အပေါ်ကချိန်ထားတဲ့မုန့်ထုပ်ကြီး ဘုတ်ခနဲပြုတ်ကျမလာဘူးလား"

"ဩော်. . . အေး. . . အမှတ်ရပြီ၊ အဲဒါ မင်းထားခဲ့တာလား"

"ဟုတ်တယ်၊ ဘာလဲ ဘယ်သူ့ဟာကြီးမှန်းမသိလို့ မင်းလွှင့်ပစ်လိုက်တယ်ပေါ့"

"ဘယ်ကလာ လွှင့်ပစ်ရမှာလဲ၊ စားပစ်လိုက်တာ"

"ကြည့်စမ်း၊ အဆိပ်ခတ်ထားရင် ဘယ်လိုလုပ်မလဲ၊ တော်တော်ဝေတဲ့ကောင်"

"အေး. . . ငါ့မှာလည်း စားသာစားရတာ၊ ဘယ်တော့ အသက်ထွက်မလဲ ရင်တမမရယ်"

နှစ်ယောက်သား တဟားဟားရယ်ကြသည်။

"မင်းကလည်း နောက်တစ်ခါ ငါမရှိတုန်းလာလို့ စားစရာထားခဲ့ရင် မျိုရတဲ့လူမျိုးလို့ဖြောင့်အောင် စာလေးဘာလေးရေးခဲ့"

"ဩော်. . . အင်း. . . အင်း. . . မှာရှာတယ်နော်"

သူတို့ စကားပြောနေတုန်း မင်းဘဏ္ဍာလေးဝင်လာသည်။

"ဟာ. . . သားသား လာပါဦးကွ၊ ငါ့တူကြီးက ချောလိုက်တာကွာ၊ အဖေကချော၊ အမေကငါးရှဉ့်ဆိုတော့ သားက မှန်း. . . ကိုင်လို့မှရရဲ့လား"

မင်းဘဏ္ဍာကို ပေါင်ပေါ်ကောက်တင်၍ ဂျစ်တူးက ရယ်စရာပြောသည်။





"ဂျစ်တူး"

"ဟေ"

"မင်း. . . ဘာတွေလုပ်နေလဲ"

"အရောင်းအဝယ်လုပ်နေတာ"

"မနောက်နဲ့ကွာ"

"တကယ်ပါဆို"

ဂျစ်တူးမျက်နှာက တကယ်ပြောနေတာမှန်း သိသာသည်မို့ မဏိ စိတ်မကောင်းဖြစ်သွားသည်။

"အဲဒါတွေ မင်းမလုပ်ပါနဲ့ကွာ၊ နံရံလေးဘက်ထဲရောက်သွားရင် ဘဝဆုံးနိုင်တယ်"

"ငါသိပါတယ် မဏိရာ"

"လုပ်တဲ့လူတိုင်း သိသိနဲ့လုပ်နေကြတာပဲ၊ အချိန်တန်တော့ ဖြစ်ကုန်ကြတာပဲ"

"ငါက ဒီတစ်ခါပွိုင့်တစ်ခုပြီးရင် တော်ပြီ၊ တစ်သက်လုံးလုပ်ဖို့ မရည်ရွယ်ပါဘူး"

"တော်ပြီပေါ့ကွာ၊ မင်းလည်း အခု စိုပြေနေပြီပဲဟာ"

"မခိုင်သေးဘူးကွ၊ နည်းနည်းလိုသေးတယ်၊ မပူပါနဲ့ သူငယ်ချင်းရာ၊ နောက်တစ်ခေါက် မင်းဆီကို ပြုံးပြုံးလေးပြန်လာမှာပါ၊ ထာဝရ. . . ထာဝရ. . . ဟဲ. . . ဟဲ"

မဏိက စိတ်မသက်သာသလို ကြည့်နေသည်။

"သား. . . ကျောင်းသွားရမှာ၊ အဝတ်သွားလဲလေ"

"ဟုတ်"

မင်းဘဏ္ဍာ ဆင်းသွားသည်။

ဂျစ်တူးက မင်းဘဏ္ဍာကိုလိုက်ကြည့်နေ၍ . . .

"အမေနဲ့ ချွတ်စွတ်ပဲကွာ၊ ဒီကောင်နဲ့သူ့အမေ မဆုံဖြစ်ဘူးလား၊ ကလေးက အမေကို ခုထိမသိသေးဘူးလား၊ မင်းက မပြောသေးဘူးလားကွာ"

"ဟား. . . ဘာကစပြောရမှန်းတောင် မသိတော့ဘူး၊ ဖြည်းဖြည်းမေးပါဟ"

"သိချင်လို့ပါကွ"

မဏိက အမေကို မင်းဘဏ္ဍာသိသွားတဲ့အကြောင်း ပြောပြ၍ စီးကရက်ထုတ်ကာ မီးညှိသည်။

ဟိုနေ့က မျက်နှာချင်းဆိုင်ခဲ့ဆုံမိတဲ့အကြောင်းတော့ မပြောဖြစ်ပါ။

ပြောမိလျှင် ရင်နာရဦးမှာ။

"မင်း. . . သူ့အမေနဲ့ကလေးကို တွေ့ပေးသင့်တယ်၊ ပြီးတော့ အခု ခင်ဘဏ္ဍာ စိတ်ပြန်ကောင်းသွားပြီဆိုတာမှန်ရင် မင်းအဖြစ်မှန်ကို သွားရှင်းပြရမှာ"

မဏိက စီးကရက်မီးခိုးတွေကို မှုတ်ထုတ်ပစ်ကာ . . .

"မနေ့တစ်နေ့ကကိစ္စမှ မဟုတ်တာကွာ၊ ဒါတွေ တကယ်ဖြစ်ခဲ့





ရင်တောင် သူ ငါ့အပေါ် တကယ်ချစ်ခဲ့တာမှန်ရင် အထင်လွဲတာက သတ်သတ်၊ သတိရတာ လွမ်းတာလေးတော့ရှိရမှာပေါ့"

"ဒါကို မင်းက သူ့ရင်ထဲဝင်ကြည့်လို့သိသလား၊ သူလည်း တမ်းတချင်တမ်းတနေမှာပေါ့၊ မင်းဖြေရှင်းတာကို စောင့်ချင်စောင့်မှာပေါ့"

မဏိက ခေါင်းခါသည်။

"ငါ မကြိုးစားချင်ဘူး၊ မိဘလက်အောက်ခံဘဝတုန်းကတောင် သူ့သမီးကို ငါနဲ့ ခါးခါးသီးသီးဖြစ်ခဲ့တာ၊ အခု သူက သိန်းပေါင်းများစွာရှိနိုင်နေတဲ့ ခင်ဘဏ္ဍာဖြစ်သွားပြီ၊ ဒေါ်စိန်မမဆိုတဲ့ မိန်းမကြီးရဲ့ အပြောတွေကို ငါ ဒုတိယမ္ပိမခံချင်တော့ဘူး"

"မင်းကလည်းကွာ၊ ကိုယ့်ချစ်သူနဲ့ ကိုယ်နဲ့ပေါင်းရမှာ၊ သူနဲ့ကိုယ် ချစ်ဖို့ပဲအရေးကြီးတာပါ၊ အဘွားကြီးပန်းကုံးစွပ်မှ မင်းက လက်တွဲရမှာလား"

"မင်းမသိပါဘူး ဂျစ်တူးရာ၊ တစ်ချိန်က သားကိုမွေးပြီး သူ့အာဏာစက်အောက်မှာ ငါ အလူးအလဲရှုံးနိမ့်ခဲ့ရတာ"

"ဒါတွေ ခင်ဘဏ္ဍာသိခဲ့လို့လား"

"သူ့ကြောင့် ဖြစ်ခဲ့တာပါ"

ဂျစ်တူး ဟူးခနဲသက်ပြင်းချသည်။

"ငါလည်း မင်းတို့ကိစ္စနဲ့ပတ်သက်ပြီး တင်မောင်လွန်းကို အဆက်ဖြတ်ပစ်လိုက်တာ ကြာပြီ၊ ဒီလိုကောင်မျိုး အပေါင်းအသင်း

မလုပ်ထိုက်ဘူးကွ''

''ဒါပေမဲ့ မင်းအပေါ် သူ ကူညီခဲ့ဖူးတယ်မဟုတ်လား၊ ငါ့ကြောင့် အမုန်းမခံပါနဲ့''

''အေး. . . အဲဒီလို သူနဲ့မကင်းခဲ့လို့လည်း မတရားသဖြင့် သူပြောသမျှ ငါ ဘာမှဝင်မပြောဘဲ ငုတ်တုတ်ထိုင်ကြည့်နေခဲ့ရတာပေါ့၊ ဒီကိစ္စ ငါ့တာဝန်မကင်းတာလဲ ပါတယ်၊ မင်းတို့နှစ်ယောက်ကြား ငါ ဝင်ချင်တယ်''

''ဘာမှလုပ်မနေနဲ့၊ အားလုံး သူ့အတိုင်းသူ ရှိနေတာပဲ ကောင်းတယ်''

''ဟုတ်တယ်လေ၊ ခုရှိနေတာက သူ့အတိုင်းသူမှမဟုတ်ဘဲ၊ မင်းဘေးမှာလည်း ကွက်လပ်ကြီးနဲ့၊ သူ့ဘေးမှာလည်း ကွက်လပ်ကြီးနဲ့၊ ကလေးက မအေမရှိဘူး၊ ဒါကို သူ့အတိုင်းပြန်ဖြစ်အောင် မင်းလုပ်ရမှာ''

''တခါတလေ ရှင်းတာကပိုရှုပ်တယ်''

''မရှင်းလို့မသိရင် အမြဲ ဒီအတိုင်းပဲ ပြီးသွားမှာပေါ့ကွ၊ ခင်ဘဏ္ဍာ့စိတ်ထဲမှာ မင်းကို လူယုတ်မာလို့ထင်နေတာ၊ မင်း ဒီတိုင်းဆက်နေရင် ဝန်ခံနေရာမရောက်ဘူးလား''

မဏိ ငြိမ်သွားသည်။

''ပြီးတော့ မင်းအခု ဒီအရွယ်ဒီရုပ်ရည်နဲ့ ကလေးကိုဖက်တွယ်ပြီး အသစ်မရှာခဲ့တာ ဘာဖြစ်လို့လဲ၊ သူ. . . ခုထိ အရင်က သတင်းသဲ့သဲ့ထွက်ခဲ့တဲ့ တိုင်းဦးစီးမှူးရဲ့သား ဟိုကောင်နဲ့ မယူဖြစ်သေး





ာ ဘာကြောင့်လဲ၊ ဒါတွေဟာ မသိစိတ်က သစ္စာတရားတွေပေါ့၊ င်းတို့ချင်း သိပ်ချစ်ကြတာကွာ၊ ဟိုကြောင့်ဒီကြောင့်နဲ့ မာနထား နေကြပါနဲ့၊ အချိန်တွေ နှမြောစရာကောင်းပါတယ်၊ ကိုယ်ကယောက်ျား ၊ မိန်းမဆိုတာ အချော့ကြိုက်တဲ့အမျိုးပါ''

ဂျစ်တူးက တရားဟောကောင်းနေသည်။

''ဖေကြီးရေ သွားမယ်''

''အေး. . . လာ ဂျစ်တူး၊ ငါတို့ အပြင်မှာ မနက်စာတစ်ခုခု ားစားမယ်''

ခါတိုင်းလည်း သားအဖ အပြင်မှာစားသောက်ပြီးမှ ကျောင်းကို ားကြတာ၊ ဂျစ်တူးက ကလေးကိုကောက်ချီကာ . . .

''သနားပါတယ်ကွာ၊ သူ့ခမျာ ဒီအရွယ်ထိ မအေမဲ့ခဲ့ရှာတာ''

ဂျစ်တူး တကယ့်ဝမ်းနည်းသံကြီးနှင့် ဆိုလေသည်။

✦ ✦ ✦

## အပိုင်း (၂၁)

"ဘာ. . . ဘာပြောတယ် သမီး၊ မေမေ့ကို ညည်းက သံသ

ရှိနေတဲ့သဘောလား"

"မေမေ့ကို မကောင်းထင်တာမဟုတ်ပေမယ့် ဘန့်စိတ်ထဲ

တစ်ခုခုကိုသိနေသလိုပဲ၊ ဘန်မွေးခဲ့တဲ့ကလေးဟာ"

"တော်စမ်း"

ဒေါ်စိန်မမက လုံးဝအပြောမခံ။

"ဒီလောကကြီးမှာ စိန်မမရဲ့သွေးဟာ ခင်ဘဏ္ဍာဆိုတဲ့ ညည်း

တစ်ယောက်ပဲရှိတယ်၊ အဲဒါ ညည်းသဘောပေါက်၊ ဒီလောက် ရှုပ်

ထွေးတဲ့ကောင်၊ ရုပ်ကလေးဘန်းပြပြီး လုပ်စားနေတဲ့ကောင်မှာ ကလေး

တစ်ယောက်ရှိနေတာ ဆန်းသလား၊ ဒါကိုမြင်ပြီး သက်သက် အရှုပ်

မရှာနဲ့"





"မဟုတ်ဘူးမေမေ၊ ကလေးက ဘန်နဲ့ တအားတူနေတာ"

"ခင်ဘဏ္ဍာ"

ဒေါသဖြစ်လာပြီဆို ဒေါ်စိန်မမနှုတ်ခမ်းမှာ နူးညံ့ခြင်းတို့ မရှိတော့ပါ။

"ငါ နောက်ဆုံးပြောမယ်၊ ဒီသားအဖအကြောင်း ညည်း နောက်တစ်ခါထပ်ပြောရင် မိုးမချုပ်ခင် မောင်စိုးနဲ့ လက်မှတ်ဆွဲထိုးပေးလိုက်မယ်၊ မလုပ်ဘူးမထင်နဲ့"

ပြတ်ပြတ်ပြော၍ လှည့်ထွက်သွားတော့ ခင်ဘဏ္ဍာ အတင်းလိုက်ဆွဲထားကာ . . .

"မေမေ. . . ဘန်လေ၊ ဘန် သူ့ကို တကယ်စိတ်နာတာပါ၊ လုံးဝစိတ်မကူးပါဘူး မေမေရယ်၊ ကလေးကိုတော့"

"တော်လို့ပြောနေတယ်နော်၊ ကလေကချေ အုတ်ကြားမြွတ်ပေါက် ကလေး"

ပြောရက်လိုက်တာ။

ခင်ဘဏ္ဍာ နားနှစ်ဘက်ပိတ်၍ ငိုရှိုက်လျက်ကျန်ခဲ့လေသည်။

ဟုတ်တယ်ဆိုတဲ့ ဝန်ခံချက်တစ်ခုမရှိခဲ့ပေမယ့် ဒီကလေးမျက်နှာကို မြင်လိုက်ကတည်းက နှလုံးသားက ခံစားခဲ့မိပြီ။

ဒါ. . . ဘန့်ရဲ့သားလေးပဲနေမှာပါ။

ကျန်ခဲ့တဲ့အတိတ်ကို အစဖော်ပေးနိုင်မယ့်သူ ဘယ်သူမှမရှိတော့ဘူးလား။ ဘန့်ကို ရှင်းပြမယ့်သူ ဘယ်သူမှမရှိကြတော့ဘူးလား။

ခင်ဘဏ္ဍာ တအားငိုရှိုက်၍ နေရာမှာပင်ထိုင်ချလိုက်မိသည်။

ကြမ်းပေါ်မှာ ပုံပုံ့လေးထိုင်၍ မဆုံးနိုင်တဲ့မျက်ရည်စက်တွေကို ရပ်မိုးငုံ့ကြည့်လာသူက ဒေါ်ပုံ။

ခင်ဘဏ္ဍာမော့ကြည့်ပြီး ဖျတ်ခနဲကျုံးထသည်။

ပြီးတော့ ဒေါ်ပုံ့ရင်ခွင်ထဲတိုးဝင်ကာ ထပ်၍ ရှိုက်ငိုမိပါသည်။

ဒေါ်ပုံက ခင်ဘဏ္ဍာ့ကျောပြင်လေးကို ကြင်နာစွာထွေးဖက်၍

"ဂတိတစ်ခုရှိထားလို့ ပုံပုံမပြောနိုင်ပေမယ့် ပြောနိုင်တဲ့သူ ရှိတဲ့နေရာကို ပုံပုံ လမ်းညွှန်လိုက်မယ်"

"ဟင်"

ခင်ဘဏ္ဍာ့မျက်နှာလေး မျှော်လင့်ချက်တို့နှင့်ဝင်းလက်ကာ ချက်ချင်း အငိုတိတ်သွား၏။

"ဘယ်သူလဲဟင် ပုံပုံ၊ ဘယ်ကိုသွားရမလဲ၊ ပြောပြပါ ပုံပုံရယ်"

"သမီးမီးဖွားတဲ့အချိန်မှာ သမီးနားမှာ နေ့ရောညရောစောင့်ပေးခဲ့တဲ့ သူနာပြုဆရာမလေး ကြည်ပြာလေ၊ သူ သမီးနဲ့သမီးရဲ့ ကလေးအကြောင်း ပြောပြနိုင်ပါလိမ့်မယ်၊ အဲဒီကို သမီးသွား၊ သူရှိတဲ့ နေရာ ပုံပုံသိတယ်"

"ဝမ်းသာလိုက်တာ ပုံပုံရယ်၊ ဘာန်ဝမ်းသာလိုက်တာ၊ မေမေရောဟင်"

"မမကြီး အပြင်ထွက်သွားတယ်"

(ဖျူးစာပေ)



"ဒါဆို ဘာန် ခုပဲသွားမယ်၊ လိပ်စာပြောပါ ပုံပုံ"

ဒေါ်ပုံက ပြောပြ၏။

ရုပ်ရှင်မင်းသမီးဆိုတဲ့ ကိုယ့်ဘဝကို မေ့သွားသည်။

ကားသော့ပြေးယူကာ ခင်ဘဏ္ဍာ ပြေးထွက်ခဲ့လေသည်။

✦ ✦ ✦

(ဖျူးစာပေ)

ဘန်မွေးထုတ်ခဲ့ရတဲ့ သား။

သူပေးပေး မပေးပေး ရအောင်ပြန်ခေါ်မည်ဟု ဆုံးဖြတ်လိုက်သည်။ အချစ်ကို ရက်ရက်စက်စက် လောင်းကြေးထပ်ကစားခဲ့တဲ့ ယောက်ျား။

ကိုယ့်ဘဝကို ဖျက်ဆီးရုံသက်သက် ကြိုးစားခဲ့တဲ့သူ။

သတိရသလို ဝမ်းနည်းသလိုဖြစ်မိကာရှိပေမယ့် နောက်ကြောင်းတွေကို စေ့စေ့တွေးတိုင်း ရင်နာနေမိတာ ဒီနေ့ထိ။

ကိုယ်က အသည်းနင့်အောင်ချစ်ခဲ့ရတာကိုး။

ကားမောင်းနေရင်း စိတ်တို့က နောက်ကြောင်းပြန်လှည့်ချင်ပြီ။

✦ ✦ ✦



## အခန်း (၂၂)

ကားထက် စိတ်ကစောနေသည်။

မဏိလက်ပေါ်မှာ ချိထားသည့်ကလေးမျက်နှာကို မြင်ယော ကာ ရင်တွေက တအားခုန်နေ၏။

မောင်. . .။

သူရော. . .။

သူ့အကြောင်းသတိရတော့ သတိရတာရော စိတ်နာတာရေ စုပြုံ၍ နှလုံးသားမှာ တင်းခနဲဆို့ကျပ်သွားသည်။

မေ့ထားတာပဲ ကောင်းပါသည်။

အဓိကက သားပဲ။

သားလေးဟာ ကိုယ့်သားလေး တကယ်သေချာတဲ့အချ ရှိလာပြီဆို သားကို ရအောင်ပြန်ခေါ်မည်။

## အခန်း (၂၃)

"ဟင်"

ကားရဲ့နောက်ကြည့်မှန်ထဲက လှမ်းမြင်လိုက်ရသည့် မျက်နှာ
တစ်ခုကြောင့် စိတ်ထဲမှာ ဖျင်းခနဲဖြစ်သွားသည်။ သူများဘေး မွေး
ပုံ့ပုံ့ ကိုယ်သင်းနံ့တစ်ခုကို သတိရကာ တစ်ကိုယ်လုံး ရှိန်းဖိန်းသွားမိ
ကာ လူမသိပေမယ့် ကိုယ့်ဟာကို မလုံလဲ၊ သူက ဆိုင်ကယ်နှင့်ကားကို
ယှဉ်မောင်းကပ်လိုက်၍ ဟဲလ်ပမက်ကာဘာကို လက်တစ်ဖက်နှင့် ပင့်
တင်လိုက်၏။

စူးရဲသောမျက်လုံးတွေကို ခင်ဘဏ္ဍာတစ်ချက်ငဲ့ကြည့်ကာ
မျက်နှာလွှဲလိုက်သည်။

မလိုအပ်ဘဲ စတီယာရင်ကို တအားဖိအုပ်ထားမိသည်က
ရင်ခုန်မြန်လွန်းနေသည်မို့. . .။





"ဘန်ဘန်"

ကြည့်စမ်း ဘန်ဘန်တဲ့။

အိမ်မှာ ဘန်လို့ခေါ်ကြတာ သူသိလို့လား။

မဟုတ်နိုင်ပါဘူး။

ခေါ်လိုက်ပုံက တိုက်တိုက်ဆိုင်ဆိုင် နွေးနွေးထွေးထွေး။

သူက ဆိုင်ကယ်ကို ကားနှင့် အနေတော်ယှဉ်မောင်း၍
ခင်ဘဏ္ဍာ့မျက်နှာကို လှည့်ကြည့်သည်။

"ဘန်ဘန် ခဏလောက်ဆင်းပါလားဟင်၊ မင်းကို မေးစရာ
ရှိလို့ပါ"

"ဘာလို့ဆင်းရမှာလဲ၊ ရှင် လိုက်မနှောက်ယှက်နဲ့နော်"

"ကိုယ့်မျက်နှာက အဲလို ဗရုတ်သုတ်ခရုပ် ပေါက်နေလို့လား"

"ရှင့်ကိုယ်ရှင် သိမှာပေါ့"

ပြော၍ ခင်ဘဏ္ဍာ ကားကို အရှိန်မြှင့်လိုက်၏။

သူကျန်နေခဲ့တာကို လှမ်းမြင်ကာ ပြုံးလိုက်မိသေးသည်။

အို. . .

ပြုံးတာတောင်မှ မပီပြင်သေး. . .။

ရိပ်ခနဲဆို ကျော်တက်သွားတာမြန်လိုက်တာ။

မိုက်တိမိုက်ကန်း ကားရဲ့ရှေ့မှာကန့်လန့်ဖြတ်၍ ပိတ်ရပ်လိုက်
တာ တကယ့်ကပ်ကပ်ကလေး။

"အမလေး"

ခင်ဘဏ္ဍာ လန့်လန့်ဖျန့်ဖျန့်နှင့် ဘရိတ်ကို တအားနင်းပစ်လိုက်မိသည်။

စုံမှိတ်ထားသည့်မျက်စိကို ဖျတ်ခနဲပြန်ဖွင့်လိုက်တော့ သူက ခင်ဘဏ္ဍာ့ဘေးမှာ လက်နှစ်ဘက်ထောက်၍ ငုံ့ကြည့်နေသည်။

''ဟင်. . . ရှင်. . . ရှင် တော်တော် ကြောက်စရာကောင်းတဲ့လူပါလား''

''တရှင်ရှင်နဲ့ကွာ၊ ကိုယ့်နာမည် မဏိစည်တဲ့၊ တကယ့်ကို မေမေက မဏိစည်သူလို့မှည့်တာလေ၊ ဖေဖေက ရာဇဝင်ထဲက သူ့ရဲ့ကောင်းကြီးတွေကို မတုရဘူးလို့တားလို့ 'သူ' တစ်လုံးဖြုတ်ပစ်လိုက်တာတဲ့၊ ဒါပေမဲ့ ကိုယ်လည်း လက်ညှိုးညွှန်ရာရေဖြစ်အောင် မလုပ်နိုင်ပေမယ့် ကောင်မလေးတစ်ယောက်ကိုချစ်ပြီဆို ရကိုရမှ''

''တော်တော်များနေပုံ ရတယ်''

''သိပ်မများပါဘူး၊ မင်းနဲ့ဆို တစ်ရာပြည့်ပဲ''

ပြောပြီး ဟက်ခနဲရယ်သေးသည်။

''ဟော့. . . ဒီမှာကြည့်စမ်း''

ကိုယ်ကလည်း လှည့်ကြည့်လိုက်မိတာပဲ. . .။

''အလကားပြောတာနော်၊ ရည်စားနဲ့ချစ်သူ မတူဘူး၊ အချစ်ဆိုတာ မင်းနဲ့တွေ့မှခံစားတတ်တာပါ''

ဒီစကားဟာ ပြောတိုင်းရပေမယ့် ခင်ဘဏ္ဍာ သူ့စကားကိုတော့ နားထောင်နေမိသည်ပင်။

(ဖျူးစာပေ)



''ဘန်ဘန် အောက်မဆင်းတော့ဘူးလား''

''မဆင်းပါဘူး၊ ရှင့်ဆိုင်ကယ်ကြီးသာ ဖယ်လိုက်၊ မဟုတ်ရင် ဝင်တိုက်သွားမှာ''

''တိုက်လေ၊ ဒီဆိုင်ကယ်က ကိုယ့်ဆိုင်ကယ်ပါ၊ ဟိုနေ့က စီးတဲ့ကားကတော့ ကိုယ့်ကားမဟုတ်ဘူး၊ ဟဲ. . . ဟဲ. . . သူဌေးလို့ထင်ပြီး ပြန်ချစ်လိုက်မှာစိုးလို့ ကိုယ်က အဖြူထည်လေးပဲလိုချင်တာ''

''အံမယ် ရှင့်ကို ဘယ်သူက ချစ်မယ်ပြောလို့လဲ''

''ဒါက ကိုယ့်အပိုင်းပါ၊ ပြောတာမပြောတာက မင်းအပိုင်း၊ ဘန်ဘန်. . .''

''ဘာလဲ''

သူက ပြုံးပြန်သည်။

''ကိုယ် ဒီလိုခေါ်တာ မင်းလက်ခံသွားပြီနော်''

''အိမ်မှာလည်း ဒီလိုပဲခေါ်တာ''

''ဟုတ်လား၊ တူနေတာပေါ့''

''ဒီမှာ ကိုမဏိစည်သူ''

''ဟာ 'သူ'ဖြုတ်ခေါ်ပါ ဘန်ဘန်ရယ်၊ ဘယ့်နှယ် ကိုယ့်ကို ရာဇဝင်ထဲပြန်ထည့်နေရတာလဲ''

''မသိဘူး၊ မခေါ်တတ်ဘူး၊ ရှင့်ဆိုင်ကယ်ရွှေ့ပေး''

''ကိုယ်ပေးမှာကို မယူတော့ဘူးလား''

''မယူဘူး''

(ဖျူးစာပေ)

"တကယ်လား"

"ဩော်. . . ကဲ. . . တကယ်ပြောတာ၊ မနေ့ညနေက မင်းကိုယ့်ရှေ့မှာလွှတ်ကျကျန်ခဲ့တဲ့ အထုပ်လေ"

"အို"

ရင်တွေ အကြမ်းဗတမ်းခုန်လှိုက်လာပြန်ကာ ခင်ဘဏ္ဍာ့ပါးလေးနှစ်ဘက် ရဲတွတ်သွားပုံက ကြည့်မဝစရာလေ။

"ဘန်ဘန်"

မဏိ တိုးတိုးလေးကပ်ခေါ်ပုံက ကြက်သီးထစေပြန်သည်။

"ကိုယ့်ကို ခွင့်လွှတ်နော်၊ အဲဒါ မရည်ရွယ်ဘဲဖြစ်ခဲ့တာပါ၊ ပါးရိုက်လို့ လက်စားချေတာမဟုတ်ဘူး၊ မင်းက သိပ်ချစ်စရာကောင်းနေလို့"

"ရှင်. . . တော်နော်"

မျက်ရည်လေးတွေလည်နေသည့် ခင်ဘဏ္ဍာကို သူညှို့ငင်စွာတစ်ချက်စိုက်ကြည့်၍ ဆိုင်ကယ်ဆီပြန်လျှောက်သွားသည်။

ပြန်လှည့်လာတော့ ကျွတ်ကျွတ်အိတ်နှင့်ထုတ်ထားသည့် ဗီဒီယိုနှင့်စီဒီခွေတွေပါသောအိတ် သူ့လက်ထဲမှာပါလာသည်။

ဘေးတံခါးထဲကနေ သူက ထည့်ပေးလိုက်၏။

"ဘန်ဘန်"

". . ."

"ဘန်ဘန့်ကို ကိုယ်ချစ်တယ်"

(ဖျူးစာပေ)



ပြောပြီး အတန်ကြာစိုက်ကြည့်နေကာ သူလှည့်ထွက်သွားသည်။

ဆိုင်ကယ်ကိုနှိုး၍ ခင်ဘဏ္ဍာ့ဘေးမှာ နှစ်ပတ်လောက်လှည့်ဝဲပြီးမှ သူမောင်းထွက်သွားလေသည်။

မဏိစည်ရယ်။

မျက်စိအောက်ကပျောက်သွားတဲ့အထိ ကိုယ့်မှာ ရင်ခုန်ဆဲပါလား။

ခင်ဘဏ္ဍာ့နှုတ်ခမ်းလေးတွေ ပြုံးတုံ့တုံ့ဖြစ်လာကာ ရှက်သောမျက်ဝန်းတို့က ချစ်ရည်လဲ့လာ၏။

သူပြောသမျှသာယာနေမိတာ ဘာကြောင့်လဲ။

✦ ✦ ✦

(ဖျူးစာပေ)

## အပိုင်း (၂၄)

"မဏိရေ ဘယ်လိုလဲအခြေအနေ"

ဂျစ်တူးက တင်မောင်လွန်းထက် စောစီးစွာရောက်လာသည်။

"ပေါ့ကျ ဝမ်းဟော့"

ကောင်တာကိုလှမ်းမှာ၍ မျက်နှာချင်းဆိုင်မှာဝင်ထိုင်သည်။

မဏိက စီးကရက်သောက်မပျက်။

"ဟိတ်ကောင်. . . မင်းဆေးလိပ် ချထားစမ်းပါကွာ၊ ပြိုင်ပွဲ အခြေအနေလေး သိချင်လို့"

မဏိက စီးကရက်ကိုအောက်ပစ်ချ၍ နင်းချေပစ်လိုက်သည်။

"ပြိုင်ပွဲမဟုတ်တော့ဘူး"

"ဟမ်"

(ဖျူးစာပေ)



"ငါတကယ်မြတ်နိုးသွားပြီ ဂျစ်တူး"

"ဟာ. . . အဲဒါမင်းအပိုင်းလေ၊ ပြိုင်ပွဲက မင်းစတင်နှုတ်ထွက်မယ်ဆိုရင် မင်းရှုံးတာပဲ၊ မင်းလျော်ရမှာက နည်းတာမဟုတ်ဘူးနော်"

ဂျစ်တူးက ပြူးပြူးပျာပျာ။

"မနှုတ်ထွက်ပါဘူး၊ ငါပြောထားတဲ့အတိုင်း တစ်လအတွင်း သူ့အချစ်ကို ငါရအောင်ယူမှာပါ၊ ဒါပေမဲ့ အလောင်းအစားနဲ့မဟုတ်ဘူး၊ သူ့အချစ်ကိုရခဲ့လို့ ဘယ်သူကမှ ဘာမှပေးဖို့မလိုတော့ဘူး"

"ဟာ. . . ပျင်းစရာကြီးကွာ"

"ချစ်စရာသိပ်ကောင်းတာပဲကွာ၊ အသည်းထဲမှာ ချွန်မြမာကျောနေတဲ့ ဆူးလေးတစ်ချောင်းနစ်ဝင်ပြီး အစရှာမရသလိုပဲ ဘယ်လိုမှ ဖျောက်မရတော့ဘူး"

"ခုမှ ဆယ့်တစ်ရက်ပဲရှိသေးတယ်၊ မင်းက ဒီလောက်တန်းတန်းစွဲဖြစ်သွားတာ မြန်လှချေလား၊ တင်မောင်လွန်းပြောသလို ခင်ဘဏ္ဍာ့ကို မင်းဒူးထောက်ရတော့မယ်ထင်တယ်"

မဏိက ဘာမှမပြောဘဲပြုံးနေသည်။

"အခြေအနေလေး နည်းနည်းပါးပါးပြောပြစမ်းပါဦး"

"မလိုပါဘူးကွာ၊ အဖြေထွက်လာတော့ကြည့်ပေါ့၊ ငါက ပြောရတာကို သိပ်ဝါသနာမပါဘူး"

ဂျစ်တူးက မျက်ခုံးတွေပင့်၍ ပင့်သက်ရှိုက်သည်။

"မင်း အဲဒီအပြောမျိုးတွေကြောင့် ဟိုကောင်က မင်းကို

(ဖျူးစာပေ)

စေတနာပျက်ပျက်သွားတာ၊ ငါ့အကဲခတ်ရသလောက်ဆို သူက အရှိန်အဝါကြီးပြီး နေရာတကာ မင်းနောက်မှာကျန်ခဲ့တာ သူမကြည်လင်ဘူးကွ''

''မသိဘူး''

''မင်းက ဘာသိဘာသာနေပေမယ့် ငါ့အကဲခတ်မိတယ်၊ ခင်တာကခင်တာပဲလေ၊ ဒါမျိုးဆိုတာ ညီအစ်ကိုအရင်းချင်းတောင် ကင်းကြတာမှမဟုတ်တာ''

ဂျစ်တူးက ယထာဘူတကျကျ ဝေဖန်နေသည်။

''မင်းကရာတေး သင်တန်းဆင်းလက်မှတ်ရထားတယ်ဆိုတာတောင် သူကသိပ်မယုံချင်ဘူး၊ ဟိုတစ်နေ့က မင်းမရှိတုန်း တို့မင်းအိမ်ကိုအရင်ရောက်နှင့်ပြီး ငါကိုယ်တိုင်ထုတ်ပြမှ သူယုံတာ''

''အလုပ်ရှုပ်လို့ကွာ''

''မရှုပ်ပါဘူး၊ ဒါအမှန်တရားပဲဟာ၊ အခု. . .သူ ကရာတေး သင်တန်း တက်နေတယ်ကွ''

မဏိကရယ်သည်။

''ကောင်းတာပေါ့၊ ပညာဆိုတာ မခံချင်စိတ်ရှိမှတတ်တာ''

ဂျစ်တူး မျက်လုံးပြူးနှင့်ငုံ့ကြည့်သည်။

ဘာပဲဖြစ်ဖြစ် ကိုယ်က မျက်နှာငယ်သူချင်းလည်းဖြစ် တင်မောင်လွန်းထက် အရင်ခင်ခဲ့ကြတာလည်းဖြစ်၍ မဏိအပေါ် သံယောဇဉ်ပိုခဲ့တာ အမှန်ပင်။





မဏိပုံစံက သူလုပ်ချင်ရာလုပ်မည်။

တစ်လောကလုံး ဘာဖြစ်နေနေဆိုတဲ့အတိုင်း။

## အပိုင်း (၂၅)

မဏိက ဖွတ်တရွှတ်၊ ခင်ဘဏ္ဍာသွားလေရာလည်း သိနေ

တတ်သလို နောက်က တကောက်ကောက်လိုက်သည်။

ကြာလျှင် မေမေတို့သိသွားတော့မည်။

ခုတောင် ဒရိုင်ဘာကိုအေးသိန်းကို အတင်းတောင်းပန်က

ဝယ်ခြမ်းကျွေးမွေး၍ နှုတ်ပိတ်ထားရတာ။

သူငယ်ချင်းတွေဆုံမိကြပေမယ့်လည်း ခင်ဘဏ္ဍာ ရင်မဖွင့်ရဲ

ဘာကြောင့်မှန်းမသိ၊ မဏိကို ကြောက်နေမိသည်။

အချိန်တိုတိုအတွင်း ကိုယ့်ရဲ့အတွေး၊ ကိုယ့်အိပ်မက်အားလုံးက

သိမ်းကျုံးယူငင်သွားနိုင်သော မဏိကိုမြင်တိုင်း သူ့မှာ ရင်လေးတဖိုဖို

ခုလည်း မိုးဖွဲတွေကျနေတဲ့ လမ်းဘေးအုတ်ခုံမှာ ဆိုင်ကယ်က

ဘေးမှာထောက်၍ထိုင်နေတာ မိုးသည်းလာလျှင်တောင် ထမယ့်ပုံမရှိ





မေမေ အပြင်ကပြန်လာလျှင် သတိထားမိသွားမှာ မုချ။

နာရီလေးတကြည့်ကြည့်နှင့် မတတ်သာသည့်အဆုံး ခင်ဘဏ္ဍာ

ထီးလေးဆောင်း၍ အပြင်ထွက်လာခဲ့ရသည်။

သူဆင်းလာတာမြင်မှ မဏိ ထိုင်ရာကထ၏။

"ရှင်. . . ဘယ်လိုလုပ်နေတာလဲ"

"ဘာဖြစ်လို့လဲ ဘန်ဘန်"

"ဘာဖြစ်ရမှာလဲ၊ ဒါ. . . လူပေါင်းစုံ ထိုင်တဲ့နေရာမှမဟုတ်တဲ"

"လူပေါင်းစုံထိုင်တဲ့နေရာမှာ ကိုယ်က ဘာလို့ထိုင်မလဲ"

"ကဲပါ ပြန်တော့"

"ကိုယ့်ကိုချစ်လား ဘန်ဘန်"

"အို. . . ဘာတွေမေးနေတာလဲ၊ မေမေလာလို့ မြင်သွားတော့

မှာပဲ"

"မြင်တော့ဘာဖြစ်လဲ၊ ကိုယ်ကတော့ မကြောက်ပါဘူး"

"ရှင်က အနေသာကြီးကိုး၊ ဘန်က အရိုက်ခံရမှာ".

"ဟာ. . . ဒီသဘောပြောတာမဟုတ်ဘူး၊ ဘန်ဘန့်ကိုရိုက်ရင်

ကိုယ့်ကိုပဲရိုက်ပါဆိုပြီး ကိုယ်က ဝင်ခံရဲပါတယ်၊ မကြောက်ဘူးဆိုတာက

မင်းအတွက်ဆို ကိုယ့်မှာ ကြောက်စရာမရှိဘူးလို့ပြောတာ"

ဘန်ဘန် မျက်စောင်းလေးထိုး၍ လမ်းကိုမျှော်ကြည့်သည်။

"ဘန် တောင်းပန်ပါတယ်၊ ရှင်ပြန်ပါတော့နော်၊ ဘန့်ကို

တကယ်ညှာတာရင် ပြန်ပါ"

"ဟာ. . . အဲဒီလိုတော့ မချည်နှောင်နဲ့ကွာ၊ မပြန်ဘူးဆို မညာ
တာဘူးဖြစ်ဦးမယ်၊ ကိုယ် မင်းအချစ်ကို ဒီနေ့ မရမနေတောင်းဖို့
စိတ်ကူးထားတာ၊ ရမှကိုဖြစ်မှာ၊ ကိုယ်အိပ်လို့မပျော်အောင် မနှိပ်စက်
ပါနဲ့ ဘန်ရယ်၊ ချစ်တယ်လို့ ပြောလိုက်စမ်းပါ"

"အိုး. . . ဒီလို အလွယ်တကူ ခေါင်းညိတ်လို့ဖြစ်မလား"

သူ့ကိုပြော၍ မျက်နှာလမ်းဆီကို မျက်လုံးရောက်သွားလျှင်. . .

"ဟယ်. . . ဒုက္ခပဲ၊ မေမေလာပြီ"

ထီးလွတ်ကျမတတ်ဖြစ်သွားသည့် ခင်ဘဏ္ဍာ့လက်ကလေးကို
မဏိလှမ်းဆွဲကာ အနားမှာရှိတဲ့ သရက်ပင်အိုကြီးနှင့် ကွယ်လိုက်သည်။

မေမေ့ကိုကြောက်သည့်စိတ်နှင့် မဏိရင်ခွင်ထဲမှာ ပြားကပ်နေ
ရသည့်အဖြစ်ကြောင့် ခင်ဘဏ္ဍာ့တစ်ကိုယ်လုံး အေးစက်နေသည်။

ဒေါ်စိန်မမ စီးနင်းသောကားသည် တရွေ့ရွေ့တိုးဆုတ်၍ ပ
စည်နှင့်ကွယ်သွားသည်။ သူတို့ကိုကျော်ဖြတ်၍ ခြံဝန်းတံခါးထဲ ငြိမ့်ငြိမ့်
လေးမောင်းဝင်သွား၏။

"ဘန်ဘန်"

"လွှတ်ပါ မဏိရယ်၊ ဘန်သွားပါရစေ၊ မေမေတို့ ဘန်မရှိရင်
လွယ်မှာမဟုတ်ဘူး"

မဏိက သိမ်းပွေ့ထားခြင်းကို အနည်းငယ်လျော့၍ မျက်နှာ
လေးကို မော့ယူလိုက်သည်။

"ကိုယ့်ကိုချစ်လားဟင်"





မျက်လုံးချင်းအကြာကြီးဆုံကာ ခင်ဘဏ္ဍာ မျက်လွှာလေးချ၏။

"ပြောလေ၊ ကိုယ့်ကိုချစ်လား"

ခင်ဘဏ္ဍာ ခေါင်းလေးအတင်းငုံ့ပစ်ကာ ခေါင်းညိတ်၏။

"ဟာ. . . ပျော်လိုက်တာကွာ"

"ဘန် သွားတော့မယ်"

ခင်ဘဏ္ဍာ အတင်းရုန်းနေသည်မို့ မဏိ လွှတ်ပေးလိုက်သည်။
ပိတ်ထားလိုက်သည့်ထီးကို လက်ထဲပြန်ထည့်ပေးကာ. . .

"လာမယ့်ဆန်းဒေးမှာ ကိုယ်တို့ဆုံခဲ့တဲ့ရုပ်ရှင်ရုံက ရုပ်ရှင်ကြည့်
ဖို့ ကိုယ်စောင့်နေမယ်၊ ဘန်ဘန်လာခဲ့နော်"

ခေါင်းညိတ်ခဲ့မိသလား၊ ခေါင်းခါလိုက်မိသလား မသိ။

အိမ်ပြန်ရောက်တော့ ဒေါ်စိန်မမ၏ မသင်္ကာမျက်လုံးတို့က
စုန်ချီဆန်ချီ။

"ဘန်"

"ရှင်. . . မေမေ"

စိတ်ကိုထိန်းချုပ်ကာ မေမေ့ရှေ့မှာ ထိုင်လိုက်ရသည်။

"မဏိစည်ဆိုတာ ဘယ်လိုကောင်လဲ၊ သမီးသိရဲ့လား"

"ရှင်"

ခင်ဘဏ္ဍာ ခြောက်ခြားလျက် မျက်လုံးလေးတွေပြူးသွားသည်။
သူ့တို့ကို မေမေမြင်သွားသည်လား။

မြင်ရက်နဲ့ မေမေက မသိဟန်ဆောင်သွားမယ့်သူ မဟုတ်ပေ။

ဒေါ်စိန်မမက သမီးလုပ်သူမျက်နှာကို စေ့စေ့ကြည့်၍ အက
ခတ်နေသည်။

"သမီး"

"ရှင်"

"သူနဲ့သမီး ဘယ်အခြေအနေထိရောက်နေပြီလဲ၊ မှန်မှန်
ပြောစမ်း"

ခုနကကိစ္စ မသိသေးတာသေချာ၍ ရင်ထဲမှာ တစ်ထစ်အေး
သွားမိသည်။

"ဘာမှမဆိုင်ပါဘူး မေမေ၊ သူဟာသူ တစ်ခါနှစ်ခါ စကား
လာပြောဖူးတာပါ"

"တော်စမ်း၊ ညာတာ မေမေမကြိုက်ဘူးဆိုတာ သမီးသိ
တယ်နော်"

တကယ်ကို မညာရဲသည့်ခင်ဘဏ္ဍာ မျက်လုံးလေးကလယ်
ကလယ်နှင့် စကားတစ်လုံးမှမထွက်တော့။

"အဲဒီကောင်က မိဘမဲ့၊ တစ်ကောင်ကြွက်၊ အလကား ငပွေ
ငရှုပ်၊ ဘာအလုပ်မှလက်ကြောမတင်းဘဲ ရှိတဲ့ပစ္စည်း ရောင်းချစားနေ
တဲ့ကောင်၊ အချိန်တန် ဆိုင်ကယ်လေးလတ်လျားလတ်လျားနဲ့ ရုပ်လေး
ဗန်းပြပြီး လုပ်စားနေတာ"

ဒေါ်စိန်မမပါးစပ်ထဲမှ မဏိက ရစရာမရှိတော့။

ဘန့်ကိုလည်း သူမညာခဲ့ပါဘူး မေမေ။

(ဖျူးတာပေ)



ရင်ထဲက ပြောနေမိသည်။

မဏိက သူ့မှာမိဘမရှိတာ၊ အလု အကိုင်မရှိတာ၊ သူသိချင်း
ရေးဝါသနာပါတာကအစ တစ်ခါတွေ့လျှင် ခွန်းစနှစ်ခွန်းစ ပြော
ပြောသွားတတ်၍ သူ့အကြောင်း ခင်ဘဏ္ဍာ ားပြီးသား။

သူ့ရုပ်ရည်ကြောင့် ရည်စားများတ မှန်ချင်မှန်နိုင်ပေမယ့်
"မင်းကိုကျမှ" ချစ်ခဲ့တာဆိုတဲ့စကားကို ယုံ၍ ခင်ဘဏ္ဍာ ချစ်ခဲ့မိပြီ။

ဒေါ်စိန်မမက လွန်စွာစိတ်ဆိုးနေသည့်မျက်နှာထားနှင့်။

"နောက်ကို ညည်းအဲဒီကောင်နဲ့ လုံးဝမပတ်သက်ပါနဲ့၊ သူနှုတ်
ဆက်လည်း မခေါ်ရဘူး၊ ခိုးချောင်ခိုးဝှက်ပြုံးပြဖို့လည်း မကြိုးစားနဲ့နောက်၊
မေ့အကြောင်းကို ညည်းသိတယ်၊ စိတ်ထဲမှာမသင်္ကာလာတာနဲ့ အိမ်
ထဲမှာ တစ်သက်လုံး ခြေချုပ်မိသွားမယ်၊ ဘာမှတ်လဲ"

မေမေ ဘာဆူဆူ ဘယ်လိုတားတား တနင်္ဂနွေနေ့ရုပ်ရှင်ရုံကို
ဘယ်လိုထွက်ရမလဲဆိုတာ ခင်ဘဏ္ဍာ့ခေါင်းထဲမှာ ရောက်နေပြီ။

ချစ်တဲ့စိတ်ဟာ အကျပ်အတည်းရောက်လေ ပိုချစ်လာလေ။

ခွန်အားတို့သည် အလိုလို တွန်းကန်တတ်လာသည်ထင့်
မေမေလစ်သည်နှင့် သူ တယ်လီဖုန်းနားပြေးကပ်သွားသည်။

"ဟဲ့. . . ဖြူလေးလားဟင်"

ပြော၍ စကားပြောခွက်ကို မလုံမလဲအုပ်ထားမိလိုက်နှင့်
င်ဘဏ္ဍာ ခြောက်ခြားစိတ်ကလည်း မပြေ။

"အေး. . . အေး. . . တကယ်လာခေါ်နော်"

(ဖျူးတာပေ)

"..."

"အင်း... ဟန်...ခေါ်ခဲ့၊ ဟဲ့... ဟဲ့... ဒီမှာ... နင်တို့ ယုတ္တိရှိပစေနော်"

"..."

"အင်း... အ... ကျေးဇူးပဲ"

ဖုန်းချပြီး ဘေးဘီကိုအကဲခတ်ကာ အိပ်ခန်းထဲပြေးဝင်ခဲ့သည်။

မွေ့ရာပေါ် ဝုန်းခနဲခုန်တက်၍ ဖက်လုံးကြီးကို တအားဆွဲဖက်ထားလိုက်မိသည်။

ကြောက်လည်းကြောက်၊ ရင်တွေလည်းခုန်ရနှင့်...

ပျော်လိုက်တာ မဏိရယ်။

✦ ✦ ✦



## အခန်း (၂၆)

"အမလေး ငါတို့ပါ ရောပြီးချွေးပြန်တယ်၊ နင့်မေမေကို ...တိုက်ခိုက်ဖို့ နင်ကြိုးစားတာ နည်းတဲ့သတ္တိမဟုတ်ဘူး၊ ငါတို့ဖြင့် အံ့သြ...တယ်"

"ဟုတ်ပ၊ စစ်လိုက်ဆေးလိုက်တာ ရုပ်ရှင်တစ်ခါကြည့်ရှုဖို့ ...တိစွ ရန်သူ့နယ်မြေထဲ ဝင်ရတော့မယ်အတိုင်းပဲ"

တကာယ်ကို ဖြူလေးတို့နဖူးမှာ ချွေးတွေစို့နေသည်။

ဟန်နီက ကားမောင်းရင်း တစ်စုံတစ်ခုကိုသတိရကာ...

"ဟဲ့... နင့်မေမေက မဏိနဲ့နင် ချစ်သူတွေဖြစ်သွားတာ ...သိသေးဘူးလား"

"မသိလို့ပေါ့၊ သိရင်လွယ်မလား"

"ဟုတ်တယ်၊ မေမေသိသွားရင် လုံးဝမလွယ်ဘူး"

"နင်ကလည်း ချစ်ပစ်လိုက်တာမြန်လိုက်တာ၊ နည်းနည်း ...ပါးအချိန်ယူပြီး အကဲမခတ်ဘူးလား"

"ငါ သူ့ကိုချစ်တယ်၊ သူချစ်တယ်ဆိုတာလည်း ငါယုံနေတယ်"

"သိတာဖြင့် တစ်လမပြည့်သေးဘူး"

"အချစ်ကို အချိန်ကန့်သတ်နေစရာလား"

"အေးပါ. . . အေးပါ မပြောတော့ပါဘူး"

"မငြေါ်နဲ့နော်၊ သူတို့ပဲ ရှေ့သွားနောက်လိုက်ညီတယ်ဆိုပြီး"

"ဟုတ်ပါတယ်၊ သဘောမတူတာမဟုတ်ဘူး၊ ရှင်လေးကို တကယ်ချစ်ပါ့မလားလို့ တွေးပူနေတာ"

"မပူနဲ့၊ ချစ်ပြီးသား"

ကားက သမ္မတရုံရဲ့ အောက်ထပ်ထဲဝင်လာသည်။

"ဟိုမှာ မဏိမဟုတ်လား"

မဏိက ရုပ်လက်တိုပန်းရောင်ပွပွနှင့် ဘောင်းဘီရှည်နက်ပြာကိုဝတ်ထားသည်။

မြင်နေကျအတိုင်း မျက်နှာက ချောမောရှင်းသန့်လျက်။

သူတို့ရုံထဲဝင်ကြတော့ ခင်ဘဏ္ဍာ ချစ်သူဆွဲခေါ်တဲ့နောက် ပြုံးပြုံးလေးပါသွားပေမယ့် ဖြူလေးတို့မှာ နောက်ကို မလုံမလဲ လှည့်ကြည့်လှည့်ကြည့်။

✦ ✦ ✦



## အခန်း (၂၇)

လက်တန်းပေါ်တင်ထားသည့် ခင်ဘဏ္ဍာ့လက်ကလေးကို မဏိက တွေးဆုပ်ထား၍ မကြာခဏ ငုံ့ကြည့်သည်။

"ဘာလို့ ခဏခဏကြည့်နေတာလဲ"

"ချစ်လို့ပေါ့၊ ကိုယ်ချိန်းတဲ့နေရာကို ဘန်ဘယ်လို စွန့်စားလာခဲ့ရတယ်ဆိုတာ သိတယ်လေ၊ ဒါကြောင့် ပိုပြီးမြတ်နိုးတာ"

ရုပ်ရှင်ကမီးတွေ မှောင်ကျသွားကာ နမူနာပိုင်းတွေဝင်လာသည်။

"ဘန်"

"ဟင်"

"ချစ်လား"

"ခဏခဏမမေးနဲ့ မဏိရယ်"

မျက်နှာကွယ်နေသည့်ဆံပင်တွေကို မဏိက လက်ညှိုးနှင့် အသာတိမ်းဖယ်၍ ပခုံးချင်းတိုက်ကာ ခင်ဘဏ္ဍာ့ဘက်တိမ်းကပ်သည်။

"မဏိနော် လူတွေနဲ့"

"ဘာလဲ၊ ဒီမှာ ဘာမှလည်းမလုပ်ရသေးဘူး၊ တနော်နော်နဲ့"

"ဟင်"

ခင်ဘဏ္ဍာ မျက်နှာလေးငုံ့ရယ်၍ သူ့လက်မောင်းကို ဆိတ်ပစ်လိုက်သည်။

"အား. . . အရသာရှိလိုက်တာ"

"ဟယ်. . . အော်တယ်၊ ကြည့်စမ်း"

"ဘာလဲ. . . ဒီမှာ မရမ်းပေါင်းလေ၊ စားကြည့်ပါလား ကောင်းတယ်"

ခင်ဘဏ္ဍာဟန်မဆောင်နိုင်ဘဲ ပါးစပ်လေးပိတ်၍ရယ်လျှင် မဏိက ကိုင်ထားသည့်လက်ဖဝါးလေးကို တင်းခနဲဖျစ်၏။

"သူတို့က မရမ်းပေါင်းတွေဘာတွေ စားလို့ ငါတို့ဖို့ကျ မပါဘူး"

"နင်. . . သွားဝယ်"

"သွားမယ်"

သူတို့က ဒီဘက်မှာ။

မှောင်မည်းမည်းထဲမှာ ကုန်းကွပတ်ပြေးသည့်သူတို့ကို ဒေါ်စိန် မမ မမြင်ပေ။





မဏိက ခင်ဘဏ္ဍာ့လက်ကလေးကိုဆွဲ၍ ရုံပြင်ထွက်ကာ ဆိုင်ကယ်ဆီတန်းပြေးသည်။

"မဏိ. . . မဏိ ဘယ်သွားမှာလဲဟင်၊ ဘန်. . . ဘာလုပ်ရမှာလဲ"

"ဘာမှလုပ်လို့မရတော့ဘူး၊ တက်. . . မြန်မြန်"

ခင်ဘဏ္ဍာ မေးမြန်းစပ်စုချိန်မရတော့သည်မို့ သူ့နောက်က ထိုင်လိုက်ရသည်။

"ခါးကိုဖက်ထား ဘန်ဘန်၊ ကြောက်ရင် မျက်စိမှိတ်ထား"

ပြောတဲ့အတိုင်း မဏိရဲ့ဆိုင်ကယ်သည် လမ်းပေါ်ရောက်သည်နှင့် ဝေါခနဲအရှိန်မြင့်ကာ ကားတွေကြားထဲမှာ အသည်းယားစရာ။

ခင်ဘဏ္ဍာ မဏိခါးကို တအားဖက်ထားလျက်။

သတိရလိုက်သည်က ငါ ခိုးရာလိုက်ခဲ့မိပြီပဲ. . .။

✦ ✦ ✦

## အခန်း (၂၈)

"မောင်. . . မောင်ရေ ဒီမှာကြည့်ပါဦး"

"ဘာလဲ ဘန်ဘန်"

ခင်ဘဏ္ဍာ့မျက်နှာလေးသည် ကလေးငယ်တစ်ဦးလို စိုးထိတ်ကြေကွဲ့လျက် သတင်းစာကို မဏိရဲ့ရှေ့မှာ ထိုးပြသည်။

"သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း"

ခေါင်းစဉ်ကိုဖတ်လိုက်မိကတည်းက ဆက်ဖတ်ဖို့မလိုဘဲ မဏိသဘောပေါက်သွားသည်။

"ဘန့်ကို အမွေဖြတ်လိုက်ပြီတဲ့၊ မောင်ရယ် ရက်စက်လိုက်တာ"

ခင်ဘဏ္ဍာ မျက်ရည်ကျသည်။

မဏိက ခေါင်းဖြီးမပျက်ပါ။

"အဲဒါ ဝမ်းနည်းစရာမဟုတ်ဘူး ဘန်ဘန်ရဲ့ ပျော်စရာ"

(ဖျူးစာပေ)



"ဘာ. . . မောင်ဘာပြောတယ်"

"သြော်. . . ကဲ. . . မောင်ပြောတာ ဘန်ဘန်က စိတ်ကောက်ဦးမလို့လား၊ အခု မောင်တို့ တစ်မြို့တစ်ရွာမှာ ဘာအလုပ်မှလည်း လုပ်မစားတတ်ဘူး၊ သူများအိမ်မှာ ဘယ်လောက်ကြာပြီလဲ၊ အခု ဘန့်မေမေ အမွေဖြတ်လိုက်ပြီဆိုတော့ အိမ်ပြန်လို့ရပြီလေ၊ မောင့်အိမ်မှာ ပြန်နေမှာပေါ့"

"ဘန်မနေရဲပါဘူး၊ မေမေလာဆူရင် ဘယ့်နှယ်လုပ်မလဲ"

"ခု. . . မဆူတော့ဘူးလေ၊ သူအမွေဖြတ်လိုက်တာက ပြတ်ပြီလို့ပြောတာပဲ၊ မောင်တို့ကလည်း လက်မှတ်ထိုးပြီးသား ဘန်ဘန်ကို သူ ဘာမှလာပတ်သက်မှာမဟုတ်ပါဘူး"

"မောင်က ဟိုရောက်ရင် ဘာလုပ်မှာလဲဟင်"

မဏိက ဘီးကို ကလပ်ကလေးပေါ်တင်၍ ခင်ဘဏ္ဍာ့နားမှာ ထိုင်ချလိုက်သည်။

"ဘန်ဘန်က ဆင်းရဲမှာကြောက်လို့လား"

"ဆင်းရဲမှာမကြောက်ပေမယ့် မေမေတို့ပြောသလို ဖြစ်မှာစိုးတယ်၊ မောင့်ကို သူများအထင်သေးတာ ဘန်မခံနိုင်ဘူး"

"မောင်ကတော့ ဘယ်သူ့မှုဂရုမစိုက်ဘူး၊ ဘန်ဘန် မောင့်ကို အထင်မသေးဖို့ပဲလိုတယ်"

"မောင်"

"ဗျာ"

(ဖျူးစာပေ)

"သွား. . . ဒီက အကောင်းခေါ်တာကို"

"ဩော်. . . ကဲ. . . ဘယ်လိုထူးရမလဲ ပြော"

ခင်ဘဏ္ဍာ မဏိပခုံးစွန်းလေးမှာ မှီလိုက်သည်။

"မောင်"

"ဟင်"

"ဘန့်ကို ချစ်ရဲ့လားဟင်"

"ချစ်တယ်ထင်တာပဲ"

"မောင်နော်"

ခင်ဘဏ္ဍာ ဆတ်ခနဲကိုယ်ကိုမတ်၍ မဏိကို စူးစူးစိမ်းစိမ်း ကြည့်သည်။

"မောင်. . . မောင် ဘန့်ကိုစတာဆိုရင် ဒို့ပြင်စကားနဲ့ စပါ မောင်၊ ဒီစကားနဲ့တော့ မကျီစားပါနဲ့"

"ဟာ. . . မျက်လုံးကြီးကလည်း စိမ်းကားလိုက်တာကွာ၊ မောင်က ချစ်လို့စတာ"

မဏိက ခင်ဘဏ္ဍာ့ကိုယ်လုံးလေးကို ဆွဲပွေ့ကာ ရှည်လျား လှပသောဆံနွယ်တွေကို စုကိုင်၍ အမြတ်တနိုးနမ်းသည်။

"ချစ်လိုက်တာမှ ထားစရာမရှိဘူးဖြစ်နေတာ သိလား၊ ဘယ် လောက်ချစ်လဲမေးရင်တောင် ဘယ်လိုပြောရမှန်းမသိဘူး"

"ဘန်လေ မောင့်ကို သိပ်ချစ်တယ်၊ ဘန့်ကိုလည်း မောင် ချစ်နေစေချင်တယ်"





"ချစ်တာပေါ့၊ ချစ်လွန်းလို့ ဖြစ်နိုင်ရင် ဘန်ဘန့်ကို မောင်က အပြားလေးဖြစ်အောင်ဖိကြိတ်ပြီး ပါးစပ် . . . အဲ . . . ပါးစပ်ထဲဆို မတော်တဆဝါးမိရင် ဒုက္ခ၊ နားပေါက်ထဲဖြစ်ဖြစ်၊ မျက်တောင်မွေးလေး ပေါ်မှာဖြစ်ဖြစ် ဒါမှမဟုတ် အင်း. . . ဘယ်ထဲထည့်ရရင်ကောင်းမလဲ"

"မောင်ကလည်း အလုံးကလေးဖြစ်အောင်လုံးပြီး ပါးစပ်ထဲ ထည့်ငုံချင်တာမျိုးပဲ ကြားဖူးပါတယ်၊ မောင့်ကျမှ. . ."

"ဟာ. . . သူများတွေလိုမလုပ်နိုင်ပါဘူး၊ အလုံးလေးဆို မတော် တဆ ဟိုလိမ့်သွားဒီချော်သွား တောင်ပြုတ်ကျ မြောက်ပြုတ်ကျနဲ့ အပြားလေးဆိုတော့ သူ့ဟာသူ ငြိမ်ငြိမ်လေးကပ်နေမှာ"

"မောင်ဟာလေ"

ချစ်တဲ့စိတ်ကလေးဖြစ်လျက် ခင်ဘဏ္ဍာ မောင့်ရင်ဘတ်ကျယ် ကို နမ်းရှိုက်လိုက်မိသည်။

"ဟာ. . . ဟာ. . . ဘယ်လိုလုပ်တာလဲ၊ နမ်းရမှာကဒီမှာလေ"

ခိုးနမ်းကာမှ သိသွားသေးသည်မို့ ခင်ဘဏ္ဍာ ရှက်ရှက်နှင့် ရင်ဘတ်ကိုထုပစ်လိုက်သည်။

"ဘန်ဘန်နော်၊ ဒါမျိုးဆို မောင်က အကြွေးမထားဘူး၊ နမ်းမှာလား၊ မနမ်းဘူးလား"

ခင်ဘဏ္ဍာ ပြေးဖို့ပြင်လျှင် မဏိကဆွဲထားသည်။

"မောင်နော်"

"ဘာမောင်နော်လဲ၊ ခုနကတော့ခိုးနမ်းတယ်၊ လာပါကွာ မောင်

ကချည်းနမ်းနေရတာ၊ ကိုယ့်မိန်းမနမ်းတာလေး ခံဖူးတယ်ရှိအောင် နမ်းပေးမှပေါ့''

''ပါးကို နမ်းမယ်''

''ဘာထူးလို့လဲ ဒီမျက်နှာပဲဟာ''

''ဟင့်အင်း''

ရှက်တတ်လွန်းသည့်ချစ်သူလေးကို မဏိ ကြင်နာစွာ ထွေး ပွေ့လိုက်မိသည်။

ခင်ဘဏ္ဍာဆိုတဲ့ မိန်းကလေးဟာ ကိုယ်ရဲ့ ချစ်ရည်ဘဏ္ဍာ တိုက်လေးပါပဲ။

✦ ✦ ✦



## အခန်း (၂၉)

ပုံနှိပ်စက်ထဲမှာ ကျန်သည့်ပစ္စည်းတချို့နဲ့ တိုက်ခန်းကိုပါ ရောင်းပစ်လိုက်သည်။

ရတဲ့ငွေနှင့် လိုအပ်တာတွေအကုန်ဝယ်သည်။

အစက တစ်ကိုယ်တည်းသမားပီပီ ဖြစ်သလိုနေ၊ အပြင်မှာ စား၊ ကိုယ်အိပ်တဲ့အခန်းလေးကိုပဲ ရှင်းပြီးဝင်အိပ်။

ခု ကိုယ့်မှာ ဇနီးလေးရှိနေပြီမို့ လိုအပ်တာတွေကများလာ သည်။

မွေ့ရာခြင်ထောင်ကအစ အိုးခွက်ပုဂံအဆုံး ခင်ဘဏ္ဍာ စိတ်မညစ်ရအောင် မဏိထားပေးသည်။

''အိမ်ကြီးက အထဲမှာအကျယ်ကြီးပဲနော် မောင်၊ ရေနံချေး တွေဝပြီး အပြင်ကကြည့်တော့ အိမ်အိုကြီးလို့ထင်ရတယ်''

"အထဲဝင်ကြည့်တော့ စုတ်နေရောလား"

"မောင်ကလည်း ပြောင်ချော်ချော်နဲ့ကွာ"

"ဘန်ဘန်"

"ဟင်"

"မောင် အလုပ်ထွက်လုပ်ရတော့မှာ၊ ချက်ရေးပြုတ်ရေး ဘန်ဘန် ဒုက္ခရောက်မှာစိုးတယ်၊ အဖေါ်ထားမလားဟင်"

"အို. . . ဘန်ချက်တတ်ပါတယ် မောင်ရဲ့၊ မောင်က အထင်သေးလိုက်တာ"

"ဟုတ်လား၊ မောင်က ဘန်ဘန့်ကို ဘာမှမလုပ်တတ်လောက်ဘူးထင်တာ"

"တတ်တယ် သိလား၊ မောင့်ကို ကောင်းကောင်းချက်ကျွေးနိုင်တယ်"

"ဒါပေမဲ့ လျှော်တာဖွတ်တာတွေပါ,ပါလာရင် မင်ပန်းမှာပဲ"

"မောင်ရယ် လျှောက်တွေးမနေစမ်းပါနဲ့ လူဆိုတာ ကျရာဘဝကို ရင်ဆိုင်ဖို့ သတ္တိရှိရမှာပေါ့"

"ဒါပေမဲ့ မောင်က ဘန်ဘန့်ကို အချိန်ပြည့် လှလှကြူကြူလေးပဲ မြင်ချင်တာ"

သူ့ကိုယူခဲ့သည့်အတွက် ဘဝကို ရုန်းကန်ရရှာတော့မည့် ခင်ဘဂျာကို မဏီ တကယ် စိတ်မကောင်းဖြစ်နေမိသည်။

ဦးခေါင်းလေ့လှလေးကို ရင်ခွင်ထဲဆွဲသွင်းကာ မနုံးကိုပါ သိုင်း





ဖက်ထားလိုက်မိသည်။

"မောင်လေ မောင့်ကိုယူမိလို့ဆိုတဲ့ နောင်တမျိုး ဘန်ဘန့်စိတ်ထဲမှာ ဖြစ်လာမှာစိုးတယ်"

ခင်ဘဂျာက သူ့ခါးကိုပြန်ဖက်ထား၏။

"ချစ်တာကိုယုံရင် သံသယတွေ မထားပါနဲ့မောင်ရယ်"

သူတို့ရဲ့ အိမ်ထောင်ဦးအစက လေပြေညှင်းလေးနှင့် စခဲ့တာပါ။

ဒါပေမယ့် . . .

✦ ✦ ✦

## အခန်း (၃၀)

စာရေးဖို့တိုင်ပင်ချင်လို့တောင် အနားမှာ သူငယ်ချင်း မရှိ။

ခင်ဘဂျွာ့ကို သူနိုးသွားသည့် ဆယ့်ငါးရက်လောက်မှာ ဂျစ်တူး
လည်း အလုပ်လုပ်ဖို့ထွက်သွားသလိုလို နယ်ဘက်ပါသွားသလိုလို ကြား
ကာ တင်မောင်လွန်းကတော့ မိဘလုပ်ငန်းကို ဦးစီးနေသည်လို့ပဲကြားရ
လျက် လူလုံးပျောက်နေသည်။

စိတ်ညစ်တိုင်း ဂစ်တာကိုဒေါင်ဒင်ခေါက်၍ သီချင်းတွေရေး
လိုက် ဆိုကြည့်လိုက် ညညဆိုလည်း ညဥ့်နက်မှအိပ်ယာဝင်ခဲ့သည်ချည်း
ပင်။

"အိပ်ပါတော့လား မောင်၊ ဒီသီချင်းတွေကို ဘာလုပ်ဖို့
ဒီလောက်ရေးနေရတာလဲ"

"မောင် ပျင်းလို့ဆော့နေတာမဟုတ်ဘူး ဘန်ဘန်၊ သီချင်း
လေးတွေ တစ်ပုဒ်စနှစ်ပုဒ်စ ရောင်းလာရတော့ ထုတ်ဝေရေးတွေက





မေးလာတယ်၊ ဒါကို ကိုယ်က ကြိုးစားရေးနိုင်ရင် ကံကောင်းရင်
ပါက်သွားမှာ"

"ဘန်က မောင်ပင်ပန်းမှာစိုးလို့ ပြောတာပါ"

ခင်ဘဂျွာ ချာခနဲလှည့်ထွက်သွားတော့ ဂစ်တာကို တစ်ဖက်
ကိုင်၍ မဏီထလိုက်သွားကာ . . .

"ဘန်ဘန် မောင့်ကို စိတ်ဆိုးသွားလား"

ခင်ဘဂျွာ့လက်မောင်းလေးကို ဆွဲလှည့်မေးလိုက်မိသည်။

"မောင် ဘန်ဘန့်အတွက် ကြိုးစားနေတာပါကွာ၊ မင်းမျက်နှာ
ယ်မှာ စိုးလွန်းလို့ပါ၊ အပြင်အလုပ်တွေ ထွက်လုပ်တော့လည်း ရတဲ့
ကေ မဖြစ်စလောက်ရယ်"

ခင်ဘဂျွာ သက်ပြင်းလေးချလို့ ခေါင်းငုံ့သွားသည်။

"ဘာပဲဖြစ်ဖြစ် ငတ်တော့လည်းတူတူပေါ့ မောင်၊ ကျန်းမာရေး
ထိခိုက်အောင်တော့ မကြိုးစားပါနဲ့"

"ကောင်းပြီ၊ မောင့်မိန်းမစကားကို မောင်နားထောင်မယ်၊
ကျနပ်လား"

စီးပွားရေးအဆင်မပြေလာတော့ စကားပြောတာလေးတွေက
အထစ်လေးတွေ ဖြစ်လာခဲ့သည်။

ဒါပေမဲ့ မဏီက ခင်ဘဂျွာ့ကို မျက်နှာအညှိုးမခံခဲ့ပါချေ။

✦ ✦ ✦

## အခန်း (၃၁)

စီးရီးတစ်ခွေစာ အပြီးဝယ်လိုက်သည်မို့ ငွေလေးလည်းရတာကြောင့် မဏိပျော်နေသည်။

သီချင်းရေးလိုက် တေးသံသွင်းကိုပြေးလိုက်။

ဂစ်တာတစ်လက် ကျောမှာပိုးကာ အိမ်ကပ်တဲ့အချိန်ကျတော့ သီချင်းရေးနေပြန်သည်။

အထီးကျန်ဆန်သောအချိန်များကို ဖြတ်သန်းရင်း ခင်ဘဏ္ဍာ တစ်ခါတလေ မျက်ရည်ကျသည်လည်း ရှိခဲ့လေသည်။

ဒီကြားထဲ စီးရီးထုတ်မည့် အဆိုတော်လောင်းလျာ ကောင်မလေးက အိမ်ကပြန်သည်မရှိ။

နှစ်ယောက်တွဲ၍ သီချင်းတိုက်နေတဲ့အခါများ ရယ်ကြမောကြနှင့် သာယာကြည်နူးနေကြသည်။





ပြန်တော့ တစ်ခါ ကားမပါလာလျှင် သူက လိုက်ပို့။

''အိမ်တိုင်ရာရောက် ပို့ခဲ့ရဲ့လားမောင်''

မအောင့်အင်းနိုင်တော့ စိန်ခေါ်မိတော့သည်။

ညဝတ်အင်္ကျီပွပွလေးနှင့် ဆံပင်ရှည်ကြီးတွေ ဒီအတိုင်းပြန် ထားသည့် ခင်ဘဏ္ဍာ့ပုံစံလေးက မီးရောင်အောက်မှာ လှချင်တိုင်း လှနေသည်။

မဏိက ပခုံးကိုလှမ်းဖက်တော့ ဆတ်ခနဲပုတ်ချသည်။

''ဘန်ဘန် ဘာဖြစ်တာလဲကွာ၊ သွားအိပ်တော့နော်''

''အိပ်မှာပါ၊ ဘန်အနားမှာရှိရင် မောင် လွတ်လွတ်လပ်လပ် တွေးနိုင်ဆွေးနိုင်မှာမှ မဟုတ်တာ၊ စိတ်ချ သွားအိပ်ပေးမယ်''

''ဘာ. . . ဘယ်လိုပြောလိုက်တယ်''

''ဟိုက အဆိုတော်ဖြစ်တော့မယ့်လူဆိုတော့ ရှင်ကြွေလောက် ပါတယ်၊ လှလည်းလှတာကိုး''

''ဟာ. . . အဲဒါ သက်သက် မင်း မောင့်ကို အထင်သေးတာ၊ အလုပ်တွဲလုပ်ရတဲ့လူတွေချင်း ဒီလောက်တော့ပတ်သက်ရမှာပဲ၊ မောင့်လို နာမည်မရှိသေးတဲ့ အနုပညာသမားတစ်ယောက်ကို သူတို့ ယုံယုံ ကြည်ကြည်နဲ့ မြေတောင်မြှောက်ပေးလို့ အခု မောင့်အနုပညာ ပရိသတ် ထဲမှာ နာမည်တစ်လုံးနဲ့ ရပ်တည်ခွင့်ရတော့မယ်''

''အနုပညာ အနုပညာနဲ့ ဟစ်မနေနဲ့မောင်၊ ဘယ်လိုလူပဲ ဖြစ်ဖြစ် အရှုမတော့င့်မှ သီလစောင့်တာ၊ မောင်က ဘာမို့လဲ''

"ဟာ. . . ဘန်ဘန်၊ မင်း. . . မင်း. . . အဲဒါ မောင့်ကို သက်သက်စော်ကားတာ"

"ဘန်မြင်တဲ့အတိုင်း ပြောတာပဲ"

"တောက်"

"ဘန့်ကိုတက်မခေါက်နဲ့ မောင်၊ ရိုက်ချင်ရင် ရိုက်ပစ်လိုက်စမ်းပါ"

မဏိ ခင်ဘဏ္ဍာ့ပခုံးလေးနှစ်ဘက်ကို ခပ်တင်းတင်း ဆုပ်ကိုင်လိုက်သည်။

"ဘန်. . . မင်း. . . မင်း သွားပါတော့၊ မင်းနဲ့မောင် ရန်မဖြစ်ချင်ဘူး"

ပြောပြီး ချာခနဲကျောခိုင်းကာ ဆက်တီမှာ သူပစ်ထိုင်ချလိုက်သည်။

ရေးလက်စချထားသည့် ဖွင့်လျက်သားစာအုပ်နှင့် ဘောလ်ပင်ကိုဆွဲယူကာ အခန်းထောင့်ကို လွှဲပေါက်ပစ်လိုက်မိသည်။

ပထမဆုံးမြင်လိုက်ရသည့် မဏိရဲ့ဒေါသကို ဝမ်းနည်းစွာ ငေးကြည့်၍ ခင်ဘဏ္ဍာ အင့်ခနဲရှိုက်ကာ အခန်းထဲပြေးဝင်ခဲ့လေသည်။

မဏိ ဒီတိုင်းငုတ်တုတ်ကြီးထိုင်နေကာ စိတ်ညစ်ညစ်နှင့် ဆံပင်တွေကို ထိုးဖွပစ်နေမိသည်။

ဘန်ဘန် အခန်းထဲမှာ တအားငိုနေသည်။





သူ့ခမျာ ကိုယ့်ကိုချစ်လွန်း၍ လိုက်လာခဲ့ရှာသူ။

ချစ်လို့သဝန်တိုတာကို ကိုယ်က ဘာဖြစ်လို့ တုံ့ပြန်အော်ငေါက်ခဲ့မိတာလဲ။

သူ့ခြေလှမ်းတွေ အခန်းထဲသို့ ဦးတည်လျှောက်လှမ်းသွားမိသည်။ အိပ်ယာဘေးမှာ တင်ပါးလွှဲလေးထိုင်၍ ငိုနေသည့်ခင်ဘဏ္ဍာက သူ့ကိုမြင်လျှင် ဖျတ်ခနဲထရပ်သည်။

"ရှင် ဘာလာလုပ်တာလဲ"

ရှင်တဲ့. . .။

မဏိ စိတ်မကောင်းဖြစ်သွားမိသည်။

ဘန်ဘန် သူ့ကို တကယ်စိတ်ဆိုးသွားသည်ပဲ။

"မောင်. . . စကားပြောမှားသွားတာ တောင်းပန်ပါတယ် ဘန်ဘန်ရယ်၊ တကယ်ဆို မောင့်ရင်ထဲမှာ မင်းကလွဲပြီး ကျန်တာဘာမှမရှိဘူး၊ အောင်မြင်ချင်တာရော ငွေလိုချင်တာရော အားလုံးမင်းအတွက်ပါ"

"မသိဘူး၊ ဘာမှမကြားချင်ဘူး၊ လာမပြောနဲ့၊ ရှင်ထွက်သွား၊ ကျွန်မတစ်ယောက်တည်းလည်း အိပ်တတ်နေပြီ၊ ရှင်မလာနဲ့"

ဒီလိုပြောလာမှ သူ ညများစွာ ဥပေက္ခာထားခဲ့မိပါလားဆိုသည့် နောင်တပါရမိပြန်သည်။

"ရှင်. . . အဲ့သလို အနုပညာသမားစစ်စစ်ကြီးမှန်းသိရင် ကျွန်မလုံးဝ စိတ်ကူးမိခဲ့မှာမဟုတ်ဘူး၊ သိလား"

"ဘန်ဘန် မင်း မောင်နဲ့ပတ်သက်တဲ့ နောင်တစကားမျိုး ဘာကြောင့်မှမပြောနဲ့ကွာ၊ မင်း နောင်တမရအောင် မောင်ကြိုးစားနေတာ၊အဲဒါကြောင့်"

ခင်ဘဏ္ဍာက ဟင့်ခနဲမဲ့သည်။

"ကျွန်မချမ်းသာချင်ရင် ရှင့်လိုလူကို မယူခဲ့ဘူးမဏီ၊ မေ့မေ့လက်ထဲမှာ ရတနာကို ဖယ်တောက်ကစားလာခဲ့တဲ့ဘန်ပါ၊ ရှင့်ကိုယူခဲ့တာ ဘာပကာသနမှမပါဘူး၊ ချစ်တာတစ်ခုတည်းရယ်"

"ဟုတ်တယ်၊ မောင်မှားပါတယ်၊ မောင် မင်းကို တင့်တင့်တယ်တယ်ထားနိုင်ချင်တဲ့ ဆန္ဒတစ်ခုကိုပဲ ရှေ့တန်းတင်ခဲ့မိတာ မှားသွားတယ်၊ ဒါကို ခွင့်လွှတ်ပေးပါ ဘန်ဘန်ရယ်"

"မလွှတ်ဘူး"

မဏီက ခင်ဘဏ္ဍာ့ရှေ့မှာရပ်၍ လက်ဖဝါးလေးကို လှမ်းကိုင်သည်။

ခင်ဘဏ္ဍာက အတင်းရုန်း၏။

သူလွှတ်မပေးဘဲ ကိုယ်လုံးလေးကိုပါ သိမ်းဖက်ထားလိုက်မိသည်။

"မောင် အဲဒီစီးရီးလက်ခံထားတဲ့ကိစ္စကို ငြင်းလိုက်တော့မယ်၊ စာချုပ်စာတမ်းလည်း ရှိတာမဟုတ်ဘူး၊ ယူထားတဲ့ငွေ ပြန်ပေးလိုက်ရင်ပြီးတာပဲ၊ ဘန် စိတ်မဆိုးနဲ့တော့နော်"

"ဟင့်အင်း မသိဘူး၊ ဖယ်နော်၊ ရှင်ဒီလိုပဲ ပြောချင်ရာပြော





ပြီး လာလာချော့၊ မရဘူး. . . သွား"

"ဘန်ဘန်ကလည်းကွာ ရန်သူတောင် လက်နက်ချရင် ကျေအေးရတယ်၊ ကိုယ့်ယောကျ်ားလေးတစ်ယောက်ထဲကို ရက်စက်မလို့လား"

အတင်းလိုက်နမ်းနေသည့် သူ့မျက်နှာကိုတွန်းပစ်ကာ ခင်ဘဏ္ဍာတစ်ဘက်လှည့်၍ပြုံးလိုက်မိသည်။

"ဟောကြည့်၊ ပြုံးနေတယ်၊ စိတ်လည်းမကောက်တတ်ဘဲနဲ့မော့စမ်းပါ မိန်းမရာ"

"မမော့ဘူးလား"

"မောင်နော်၊ မစနဲ့"

မောင်ခေါ်သံလေး ပြန်ရောက်လာတာက ပြေလည်သွားတဲ့သဘော။

မဏီက ခင်ဘဏ္ဍာ့ကိုယ်လုံးလေးကို ဖက်လျက်သားနှင့် မွေ့ရာပေါ်သို့ ဝုန်းခနဲလှဲချလိုက်သည်။

"အား. . . သေပြီ၊ လက်ကျိုးပြီ၊ လူဆိုး. . . ကဲ. . . ကဲ. . . အဲဒါ အရမ်းလုပ်အုံး"

နဖူးကိုလည်းထုပစ်ကာ နှာခေါင်းချွန်ချွန်ကို တအားဆွဲလိမ်ပစ်လိုက်လျှင် မဏီ အသံပြဲကြီးနှင့်ထအော်သည်။

"ရက်စက်လိုက်တာ မိန်းမရာ၊ ဒီနှာခေါင်းလေးနဲ့ လုပ်စားနေရတာကို မညှာမတာ"

"သေလိုက်ပါလား၊ ဒီမှာ လက်မောင်းအောင့်သွားပြီ သိလား၊

အထဲကဟာလေး မတော်တဆပြုတ်ကျသွားမှ ရင်ကွဲမူးမယ်''

''ဟင်. . . ဘာလဲ၊ အထဲက ဘာလဲ''

တထောင်တစ်ဖက်ထောက်ထကာ ခင်ဘဏ္ဍာ့တစ်ကိုယ်လုံးကို မဏိက ပြူးပြူးပြာပြာကြည့်သည်။

''ဘာလဲ၊ ဘန်ဘန်က အထဲမှာ ရင်အတု ဖင်အတုတွေ ခံထားလို့လား''

''အာ. . . ပြောလိုက်ရင် တလွဲ''

''ဒါဖြင့် ဘာလဲပြောလေ''

ခင်ဘဏ္ဍာ မျက်နှာလေး ချက်ချင်းအမူအယာပြောင်းသွားကာ ငှံ့ကျသွား၏။

''ပြောလေကွာ၊ ဒီမှာ စိတ်ဝင်စားနေပြီ''

မဏိရင်ဘတ်ပေါ် ပါးလေးမှေးကပ်၍ ခင်ဘဏ္ဍာ တိုးတိုးလေး ပြောလေသည်။

''မောင်. . . ကလေးအဖေဖြစ်တော့မယ်''

''ဟင်''

ရုတ်တရက် အံ့အားလည်းသင့်၍ လှိုက်ခနဲရင်ခုန်သွားကာ ဘယ်လိုကြီးမှန်းမသိ။

မဏိ ခင်ဘဏ္ဍာ့ကိုယ်လုံးလေးကို ဆွဲထူကာ သူ့ပါးထထိုင် လိုက်သည်။

''ဘန်ဘန်. . . ဘန်ဘန့်မှာ ကိုယ်ဝန်ရှိနေပြီဟုတ်လား''

(ဗျူးစာပေ)



''အင်း''

''ဟား. . .''

မဏိ မျက်နှာ ပြုံးဖြီးဖြီးကြီးဖြစ်သွားသည်။

''ဘယ်နှစ်လရှိပြီလဲဟင်၊ သေချာသလား။ ဘယ်သူပြောတာလဲ၊ မောင့်ကို စောစောက ဘာလို့မပြောတာလဲ''

''ဟာ မောင်မေးတာတွေ ဘယ်ကစပြောရမှန်း မသိတော့ဘူး''

''ဒါဖြင့် ပြန်မေးမယ်၊ ဘယ်နှစ်လရှိပြီလဲ''

''နှစ်လ''

ဖြေ၍ ခင်ဘဏ္ဍာက သူ့လက်မောင်းမှာ မျက်နှာကိုကွယ်ပြန် သည်။

''ဒီမှာ မျက်နှာကြည့်ပြောစမ်းပါကွာ၊ ရှက်မနေပါနဲ့''

မဏိက အတင်းဆွဲထူ၍ မျက်နှာလေးကိုကြည့်သည်။

''သေချာတယ်ပေါ့နော်၊ မောင့်ကို ပြန်ပြောစမ်းပါ''

''ဟုတ်ပါတယ် မောင်ရဲ့၊ ဘန်ကလေ မောင်က ခုတောင် လောဘတွေတက်ပြီး ဘန့်နားမကပ်နိုင် အချိန်မှန်မစားနိုင်ဖြစ်နေတာ ဒါကိစ္စပြောလိုက်ရင် ပိုဆိုးသွားမှာစိုးလို့''

''ဖြစ်ရလေ ဘန်ဘန်ရယ်၊ ဒီဖြင့်မိန်းကလေးတွေဆို ယောကျ်ား စိုပွားရှာချင်အောင် ရှာကြပြော၊ အတင်းတိုက်တွန်းနဲ့ ငါ့မိန်းမကျမှပဲ''

''ဟင်. . . ဘန်က မောင့်မျက်နှာကိုပဲ ကြည့်နေချင်တာ''

''ဒါဖြင့် ဘာမှမစားဘဲ နေနိုင်တယ်ပေါ့''

(ဗျူးစာပေ)

"နေနိုင်တယ်"

"ပိုပြီကွာ"

မဏီ ခင်ဘုရှားကို တင်းကျပ်စွာပွေ့ဖက်၍ မျက်နှာလေးကို နေရာမလပ်အောင် နမ်းနေမိသည်။

ရင်ထဲကရင်သွေးလေး မျက်နှာမငယ်ရအောင် သူမှာ တာဝန် တွေရှိလာပြီ။ ဒါပေမဲ့ ခင်ဘုရှားက စိတ်ဆင်းရဲပါသည်ဆိုသော သီချင်း ရေးတဲ့အလုပ်ကိုတော့ ဒီချိန်မှာမလုပ်ဖို့ သူဆုံးဖြတ်ထားလိုက်သည်။

သံသယဆိုတာ ဘယ်ချောင်ဘယ်ကြားမှာမှ ရှိမနေတာ အကောင်းဆုံး။

ဒါဖြင့် ဘာလုပ်မလဲ၊ မဏီ အိပ်ရာထက်မှာ ပက်လက်လှန်လှဲ လိုက်သည်။ ကြုံရာကျရာ ထွက်လုပ်ဖို့ဆိုတာလည်း ခင်ဘုရှားသိက္ခာကို ငဲ့ရဦးမည်။

ကိုယ့်ရဲ့ဘယ်လက်မောင်းမှာ ပါးကလေးအပ်၍ ရင်ခွင်ကို သိုင်းဖက်တိုးဝင်ကာ မှိန်နေသည့်ချစ်သူကို ပြန်လည်ပွေ့ဖက်၍ အားကိုး ထိုက်သော ယောကျာ်းတစ်ယောက်ယောက်ဖြစ်ဖို့သာ သူတွေးနေမိလေ သည်။

✦ ✦ ✦



## အခန်း (၃၂)

ယူထားတဲ့ငွေပြန်အမ်းလိုက်ကာ သီချင်းမရေးတော့ဘူးဆိုတော့ လောလောဆယ် အလုပ်လက်မဲ့ဖြစ်ခဲ့ရပြန်သည်။ ကိုယ့်ထက်လမ်း အတွက် ရလာသည့်အခွင့်အရေးကို လက်လွှတ်ခံရပြီမလားလို့ တေးသံ သွင်းနဲ့ ခင်မင်သူအချို့က အပြစ်တင်ကြပေမယ့် မဏီ ဂရုမစိုက်ပါ။

သူ့ဘဝမှာ ဇနီးနဲ့သားသမီးကလွဲ၍ ဘာမှအရေးမကြီးဟု ယူဆ ထားသည်။

"ဘန်ဘန် မောင်အလုပ်ထွက်လုပ်ရတော့မှာ၊ အိမ်မှာ ဘန်ဘန် တစ်ယောက်တည်း မောင်စိတ်မချဘူး"

"ဘာကိုစိတ်မချတာလဲ မောင်ရဲ့၊ မောင်က အလုပ်မှာမို့လို့လဲ"

"မောင် ကားမောင်းဖို့စိတ်ကူးထားတယ်၊ အငှားကားမောင်း ပြန်ရင်လည်း ဘန်ဘန်ရဲ့အသိုင်းအဝိုင်းကြားမှာ ဘန်ဘန်မျက်နှာငယ်

ရမှာ၊ မောင့်သူငယ်ချင်းအလုပ်ထဲမှာ ကျောက်တို့အုတ်တို့သယ်တဲ့ ကယ်ရီကားကြီးတွေရှိတယ်၊ အဲဒီကား မောင်ဝင်မောင်းမယ်၊ တစ်နေ့ကို အခေါက်ရေများရင် များသလို ခြောက်ထောင်ခုနစ်ထောင်ရတယ်တဲ့''

''ဟင်. . . ဟုတ်လား၊ ဒါဆို အဆင်ပြေတာပေါ့နော်''

အားတက်သရောလေးဖြစ်သွားပြီးမှ ခင်ဘဏ္ဍာ မျက်နှာညှိုး သွားပြန်သည်။

''ဒါပေမဲ့ နေပူမရှောင် မိုးရွာမရှောင်လုပ်ရတော့မှာ မောင် ပင်ပန်းမှာပဲ''

''ဘာဖြစ်လဲ ဘန်ဘန်ရဲ့၊ ယောကျ်ားပဲဟာ၊ မောင်က ပညာမှ မတတ်ဘဲ ဒီလောက်တော့ရှိမှာပေါ့၊ မောင့်အင်အားနဲ့ ငွေအဲဒီလောက် ရှာနိုင်မှ ဘန်ဘန် မပူမပင်သုံးရမှာ၊ တစ်ခုပဲ မောင်ပူတယ်''

''ဘာလဲ မောင်''

''မောင်အိမ်မှာမရှိတဲ့အချိန် ရုပ်ရှင်တွေထဲကလို ဘန်ဘန့်ကို ဘန်ဘန့်အမေ လာပြန်ခေါ်သွားရင် မောင်ရင်ကွဲပြီ''

ခင်ဘဏ္ဍာက မဏိလည်ပင်းကို သိုင်းဖက်ထားလိုက်ကာ. . .

''ဘန် မောင့်ကို ဘယ်တော့မှခွဲမသွားဘူး မောင်၊ မေမေ့ကို ဘယ်လောက်ပဲကြောက်ကြောက်၊ ဘန် မောင့်ကိုခွဲပြီး ဘယ်တော့မှ ပြန်မလိုက်ဘူး၊ ဘန်လေ ဘန်ရယ်၊ မောင်ရယ်၊ ဗိုက်ထဲကကလေး လေးရယ် ပျော်ပျော်ရွှင်ရွှင်နေကြတဲ့ဘဝလေးကို အရမ်းမျှော်လင့်တာပဲ၊ မောင်သာ ဘန့်အပေါ်သစ္စာရှိပါ၊ ဘန် အဲဒါကလွဲပြီး ဘာမဆိုခွင့်လွှတ်





နိုင်တယ်''

မဏိက ပြုံး၍ ပါးလေးကို ခပ်ဖွဖွလိမ်သည်။

''သိပ်ချစ်ဖို့ကောင်းတဲ့ ဘန်ဘန်''

''ဟား. . . ဘယ်က မျက်စိလည်လာတာလဲ၊ ထိုင်လေကွာ''

အရင်တုန်းက လမ်းဘေးလက်ဖက်ရည်ဆိုင်မှာ အချိန်ရှိ တိုင်းရှိနေတတ်သည့် တင်မောင်လွန်းသည် ခုတော့ ရုံးခန်းဆိုတဲ့မှန် န်းထဲက အလုပ်စားပွဲမှာ သန့်ပြန့်ခန့်ညားစွာ ထိုင်နေပြီဖြစ်သည့် ဦးတင်မောင်လွန်းတဲ့။

တင်မောင်လွန်းရှေ့မှာ ဝင်ထိုင်ရင်း စိတ်ထဲမှာ ထင့်ခနဲခံစား လိုက်မိတာ ဘာကြောင့်မှန်းမသိ။

''မဏိ ပြောလေကွာ၊ ဘာဖြစ်လို့ မျက်မှောင်ကြီးကုတ်ပြီး ်င်သွားတာလဲ၊ ငါ မင်းတို့အကြောင်း ကြားပြီးပါပြီ၊ လောင်းထားတဲ့ စ်ဆယ့်ကိုးရက်ပြည့်တဲ့နေ့မှာ အချစ်ကိုသာမက လူကိုပါရ၏ဆိုတဲ့ ံလာသတင်းလေ ဟဲ. . . ဟဲ၊ ငါရှုံးတဲ့အတွက် ငါ့ဘက်က လျော် ကြေးပေးဖို့ အဆင်သင့်ရှိပါတယ်ကွာ''

မဏိ မျက်နှာတင်းသွားသည်။

''ဒီကိစ္စ ငါ့ဘက်က စပြီးရုတ်သိမ်းထားတာ၊ ဂျစ်တူးကို ငါ အကုန်ပြောပြီးသား၊ ခုချိန်မှာ လောင်းကြေးတွေ အလျော်အစားတွေ င်းမပြောနဲ့ တင်မောင်လွန်း၊ တန်ဖိုးရှိတဲ့အချစ်တစ်ခုကို စကားတစ် ွန်းနဲ့ တန်ဖိုးမဲ့ပါစေနဲ့''

''ဟား. . . ဟား. . . ဖြစ်ရပြန်ပြီကွာ၊ မင်းပဲ တစ်သိန်းရမှ ကျေနပ်မယ်ဆိုလို့ ငါကပေးပါ့မယ်ပြောခဲ့ရတာ''

''အရင်တုန်းက ပြောခဲ့ဖူးတာမှန်တယ်''

''ဒါပဲလေ၊ မှန်တယ်ဆိုပြီးတာပဲ''

''ငါ့စကား မဆုံးသေးဘူး၊ ငါ ဘန်ဘန့်ကို အသက်ထက်မြတ်နိုးတယ်၊ ဘန်ဘန့်ရဲ့မျက်နှာလေးကို နီးနီးကပ်ကပ် စတွေ့လိုက်ကတည်းက ငါ့စိတ်တွေပြောင်းလဲခဲ့တာ၊ ဒါကြောင့် နောက်ပိုင်း ဘန်ဘန့်ကို ငါခိုးသွားတဲ့အထိ မင်းတို့နဲ့ လုံးဝမဆက်သွယ်ခဲ့တာ၊ ခု မင်းပြောတဲ့ စကားမျိုးတွေ မကြားချင်လို့ပဲ''

''ဒါကတော့ မင်းမရိုးသားခဲ့လို့ မင်းရင်မဆိုင်ဝံ့တာပါကွာ၊ ငါတို့ကတော့ ဂတိတည်အောင်ကြိုးစားရမှာပဲ၊ မင်း ငါ့ဆီမလာပေမယ့် မင်းတို့သတင်းကို ငါကြားနေပါတယ်၊ အခု မင်းမှာ အလုပ်မရှိဘူး မဟုတ်လား၊ အလုပ်မရှိတော့ ငွေကြေးအခက်အခဲဖြစ်မှာပဲ၊ ငါ ကူညီပါရစေ''

တင်မောင်လွှန်းက ဖွတ်တိုးပြောနေသည်။

''ဂျစ်တူးကလည်း တလောက ငါ့ဆီရောက်လာတယ်၊ ဘာတွေအရေးကြီးနေမှန်း မသိပါဘူးကွာ၊ ငွေနှစ်သောင်းတဲ့၊ ဒါနဲ့ဆို ခြောက်သောင်းရှိပြီကွ၊ ဒီကောင် ပျာယီပျာယာနဲ့ ဘာလုပ်နေလဲမသိဘူး''

မဏိ တင်မောင်လွှန်းမျက်နှာကို စူးစိုက်ကြည့်၍ ထရပ်လိုက်သည်။





''ငါ ပြန်မယ်''

''ဟ. . . ဘာဖြစ်တာလဲ၊ မင်း ငါ့ဆီလာတာ ကိစ္စရှိလို့ မဟုတ်ဘူးလား၊ ပြောလေ၊ ငါက ငါ့သူငယ်ချင်းတွေအတွက်ဆို ကူညီဖို့ အမြဲအဆင်သင့်ပါကွ''

မဏိက နှုတ်ခမ်းတွန့်၍ပြုံးလိုက်သည်။

''အေး. . . ကျေးဇူးတင်တယ်လို့ပဲ ထားလိုက်ပါတော့ကွာ၊ မင်းဆီက အကူအညီကိုတော့ ငါမယူရဲတော့ဘူး''

''ဘာဖြစ်လို့လဲ''

''အဆိပ်သင့်မှာစိုးလို့''

''ဟာ. . . မဏိ''

တင်မောင်လွှန်း မဏိပခုံးကို အတင်းလိုက်ဆွဲသည်။ မဏိလှည့်မကြည့်ဘဲ သူ့လက်ကို ဖျတ်ခနဲပုတ်ချလိုက်သည်။

''မင်း ငါ့စေတနာကို သက်သက်စော်ကားတာ မဏိ''

မဏိ ဟင့်ခနဲရယ်၍ တင်မောင်လွှန်းကို ခပ်စောင်းစောင်းလှည့်ကြည့်သည်။

''စော်ကားတယ်ပြောရအောင် မင်းစေတနာကို ငါမှ လက်မခံရသေး ဘဲ၊ မင်းကိုယ်တိုင်က စေတနာရှင် သိပ်ဖြစ်ချင်နေတယ်ဆိုရင် လိုချင်တဲ့လူကို သွားပေး၊ ငါက ငတုံးမဟုတ်ဘူး''

မဏိ ချာခနဲလှည့်ထွက်သွားသည်။

တင်မောင်လွှန်း အံကြိတ်လျက်ကျန်ခဲ့လေသည်။

သို့သော် နှုတ်ခမ်းတို့သည် ကောက်ကျစ်စွာပြုံးလဲ့နေလျက် မဏိကို မီအောင် ပြေးဆင်းလိုက်လေသည်။

"မဏိ"

သူ့ကုမ္ပဏီရဲ့တံခါးပေါက်ကျမှ မဏိကိုမီသည်။

"မဏိ ငါတောင်းပန်ပါတယ်ကွာ၊ ငါစကားမှားသွားရင် တောင်းပန်ပါတယ်၊ မင်းကလည်း သူငယ်ချင်းချင်းတောင်မှ စကားမှား မခံတော့ဘူးလား၊ လာပါ၊ မင်းမှာ အခက်အခဲဖြစ်နေတဲ့အချိန် ငါ စကားမှားခဲ့တာ တကယ်စိတ်မကောင်းပါဘူး"

အားနာလောက်အောင် တောင်းပန်နေသည့် တင်မောင်လွန်း ရဲ့မျက်ဝန်းထဲကိုစိုက်ကြည့်၍ ရိုးသားမှုကိုရှာသည်။

တင်မောင်လွန်း ဟန်ဆောင်ကောင်းတဲ့သူပါတည်း။

✦ ✦ ✦



## အခန်း (၃၄)

"ငါ့မှာ အလုပ်ထဲကကားတွေ ခြောက်စီးလောက်ရှိတယ်၊ ဒါ ပင်ပန်းလို့ ကာကမောင်းမယ်ဆိုလည်း ငါစီစဉ်ပေးလို့ရပါတယ်"

"ကာကမောင်းလို့မဖြစ်ဘူး၊ ငါ မြေကြီးကားမောင်းမယ်ကွာ"

"ပင်ပန်းတယ်ကွ၊ ပစ္စည်းတင်တာချတာ နေရိပ်မိုးရွာ ရှောင် လို့မရဘူး"

"ပင်ပန်းပစေပေါ့ကွာ၊ ပင်ပန်းသလောက် ငွေရရင်ပြီးတာပဲ"

"မင်း ငါနဲ့အတူ ရုံးထဲမှာ စာရေးဖြစ်ဖြစ်လုပ်ပါလား၊ လခ ကောင်းကောင်းပေးမှာပေါ့ကွ၊ ငါ မင်းပင်ပန်းမှာကို မကြည့်ချင်ဘူး"

တင်မောင်လွန်းက စေတနာတွေ ဖွတ်ပေးနေပြန်သည်။

မဏိ ယုံကြည်သည်တော့မဟုတ်ပါ။

ဒါပေမဲ့ ခုချိန်မှာ အလုပ်က ရှားရသည့်အထဲ ဒီအလုပ်က ဝင်ငွေကောင်း၍ ကြွေမပျက်လုပ်နိုင်သည်။

တင်မောင်လွှန်းရဲ့ မနာလို တိုရှည်ဖြစ်နေသည့်သဘောကို သိပါလျက်နှင့် အလုပ်လုပ်ရမှာမို့ သတိဆိုတာကို ရင်ထဲမှာ အမြဲထား မှဖြစ်မည်။

"ဒါနဲ့ စောစောကပြောတဲ့အထဲမှာ ခင်ဘဏ္ဍာ ကိုယ်ဝန်ရှိ နေတယ်ဆို"

"ဟုတ်တယ်၊ လေးလကျော်သွားပြီ၊ ဒါကြောင့် ငါ အလုပ် ကောင်းတစ်ခုရဖို့ ကြိုးစားနေတာပေါ့"

"အေးပေါ့ကွာ၊ ကြိုးစားပေါ့၊ မြေကြီးကားမောင်းတာ ပင်ပန်း ပေမယ့် ဝင်ငွေမဆိုးဘူးကွ။ ဒါနဲ့များ မင်း ငါ့ဆီ စောစောစီးစီးကလာခဲ့ ပြီးရော၊ ငါ့မှာ မင်းတို့သတင်းကြားပြီး လူက လုံးဝမအားလို့မလာနိုင်တာ"

"ငါလည်း မင်းဆီမှာ ခုလို အကူအညီတောင်းဖို့ မရည်ရွယ် ခဲ့ဘူး"

"ငါသိပါတယ်၊ မင်းက ငါ့ကို တလွဲထင်နေတာကိုး"

ပြောနေရင်း ရုံးဝန်ထမ်းလေးတစ်ယောက်က လက်ဖက်ရည် နဲ့မုန့်ပွဲတွေ လာချပေးသည်။

"ရော့. . . သောက်ကွာ၊ ငါ လက်ဖက်ရည်ဆိုင် လိုက်မထိုင် နိုင်တော့ဘူးကွ၊ ဒါကြောင့် ဒီမှာ ပြန်ခေါ်လာရတာ၊ ဟော့. . . မောင်တိုး"

တဆက်တည်း စောစောက လက်ဖက်ရည်လာပို့တဲ့ကောင်





လေးကို လှမ်းခေါ်ကာ . . .

"ဆယ့်တစ်နာရီလောက်ကျရင် ထမင်းတစ်ဝိုင်း ပြင်မယ်"

"ဟုတ်ကဲ့. . . ဆရာ"

"အားလုံး ပြည့်စုံပိုလျှံနေပစေ"

"ဟုတ်ကဲ့"

"ဘာလဲ၊ ငါမစားဘူးတင်မောင်လွှန်း၊ ဘန်ဘန်မျှော်နေမှာ"

. . . . . . ပြန်တော့လည်း သူနဲ့ ထပ်စားလိုက်ပေါ့ကွာ၊ မင်း ကလည်း နောက်ဆို မင်းက ငါ့အလုပ်ထဲမှာပေမယ့် ကိုယ့်အလုပ်တွေ ကိုယ်လုပ်နေကြပြီး ဒီလို အေးအေးဆေးဆေးဆုံဖြစ်ဖို့ လွယ်မှာ မဟုတ် ဘူး"

စကားလုံးတိုင်းကို ဘယ်လောက်ထိနှိမ်ချပြောရ ပြောရ တင် မောင်လွှန်း ဝန်မလေးတော့ပါ။

ရင်ထဲမှာ လှောင်ရယ်ခြင်းများနှင့် မဏိကို သနားကြည့်ကြည့် လျက်။

မင်း တုံးပါသေးတယ် မဏိရယ်။

✦ ✦ ✦

## အခန်း (၃၅)

"ဟာ. . . ဘန်ဘန်၊ ဘာလုပ်တာလဲကွာ၊ ချထားစမ်းပါ"

အိမ်ထဲကို ခပ်ဖြည်းဖြည်းလှမ်းဝင်လာသည့် ခြေလှမ်းတို့က လွှားခနဲ ပြေးဝင်ဖြစ်လေသည်။

ခင်ဘဏ္ဍာ့လက်ထဲက ရေပုံးကို အတင်းဆွဲယူလျက်. . .။

"မနက်က မောင်ရေဆွဲပေးခဲ့ဖို့မေ့သွားတာ၊ ဘယ်နှစ်ခေါက်တောင်ရှိနေပြီလဲ ဘန်ဘန်၊ ဒုက္ခပါပဲကွာ၊ မဖြစ်ဘူး၊ မီးဖိုခန်းထဲမှာ ကျောက်ကန်တစ်ကန်ထားမှ ဖြစ်တော့မယ်"

ပျာယာခတ်နေသည့် မောင့်မျက်နှာကိုမော့ကြည့်ကာ ခင်ဘဏ္ဍာ မျက်ရည်လေးတွေလည်လာသည်။

"ဟင်. . . ဘန်ဘန်၊ ဘာဖြစ်လို့လဲ၊ နေမကောင်းလို့လား၊ တစ်ခုခုဖြစ်သွားလို့လား"

"မောင်"





ခင်ဘဏ္ဍာ မောင့်လက်မောင်းကို ဆုပ်ကိုင်ဖျစ်ညှစ်၍ မော့ကြည့်သည်။

"ဘန့်ကို မောင်သိပ်ချစ်တာပဲနော်"

"မေးရက်တယ် ဘန်ဘန်ရယ်"

"ဒါပေမဲ့ မောင်ရှာကျွေးတာကို ဘန်မျိုမကျတော့ဘူး၊ ဘန်လည်း အိမ်ထဲမှာ ပင်ပန်းတာ တစ်ခုခုလုပ်ပါရစေ၊ လုပ်ခွင့်ပေးပါမောင်"

အမြဲရှင်းသန့်ကာ ဖြူဝင်းချောမောနေခဲ့သောမျက်နှာသည် ခုတော့ နေလောင်သင့်လျက် ဆံပင်တို့က ပွယောင်းယောင်းနှင့် မဏီစည်ဆိုသော သူမချစ်ခဲ့သည့် လူ၏ရုပ်က မှတ်မိဖွယ်ပင်မရှိ။

မောင့်မျက်နှာကို တယုတယပွတ်ကိုင်၍ ခင်ဘဏ္ဍာ ငိုချလိုက်မိသည်။

မဏီ ခပ်ဖွဖွဖက်၍ ချော့သည်။

"ကိုယ်ဝန်ကရင့်လှပြီ၊ စိတ်ဆင်းရဲစရာတွေတွေးပြီး မငိုပါနဲ့ ဘန်ဘန်ရယ်၊ လူပျိုတုန်းကလိုမောင်နေရင် အားလုံး ဒုက္ခရောက်ကုန်မှာပေါ့၊ ဘန်ဘန်က မောင်မလှတော့လို့ စိတ်ညစ်နေတာလား"

"ဟင့်အင်း၊ မောင် ဘာဖြစ်သွားသွား ဘန်က ချစ်နေမှာပါ၊ မောင့်ကို ဘန် သနားလွန်းလို့ပါမောင်ရယ်"

✦ ✦ ✦

## အခန်း (၃၆)

ပါးပေါ်မှာ နွေးခနဲအတွေ့တစ်ခုကြောင့် မျက်လုံးဖွင့်ကြည့် လိုက်တော့ သူ့မျက်နှာပေါ်မှာ ငုံ့မိုးကြည့်နေသည့် ခင်ဘဏ္ဍာ့မျက်ဝန်း လေးတွေက မျက်ရည်ရောင်လဲ့လျက်. . .။

"ဘန်ဘန်"

မဏိ ခင်ဘဏ္ဍာ့ကိုယ်လုံးလေးကို ဖက်ထားလိုက်သည်။

"ဘန် ဘာဖြစ်နေတာလဲကွာ၊ ဘာဖြစ်လို့ အဲဒီမျက်ရည်က လွယ်နေရတာလဲ"

ပင်ပန်းလွန်းလို့အိပ်ပျော်နေတဲ့ မဏိမျက်နှာကို ခင်ဘဏ္ဍာ အစောကြီးကတည်းက ငေးကြည့်နေမိသည်။

"အလုပ်လက်ကြောမတင်းတဲ့ ကောင်" တဲ့။

မေမေပြောတာကို အမှတ်ရနေသည်။





မောင် ခုလို ပင်ပင်ပန်းပန်းလုပ်နေတာ ဘန့်ကိုချစ်လို့ပေါ့။

ကြည်နူးခြင်းလည်းဖြစ်လျက် မောင့်ကိုလည်းသနားကာ ခင်ဘဏ္ဍာ မျက်ရည်ကိုထိန်းလို့မရ။

သူ့ငိုတိုင်းလည်း မဏိက မကြိုက်ခဲ့တာ။

"ဘန် မငိုပါဘူးမောင်ရယ်၊ မောင့်ကိုနှိုးမလို့ဟာ မနိုးရက်လို့ ကြည့်နေတာ"

စားပွဲပေါ်ကနာရီကို မော့ကြည့်၍ မဏိ ထထိုင်လိုက်သည်။

"ဘန်ဘန် နေကောင်းရဲ့လားဟင်"

"ကောင်းပါတယ် မောင်ရဲ့၊ မောင်ကလည်း အလုပ်သွားခါနီး တိုင်း မေးနေတာပဲ"

"မေးရမှာပေါ့၊ လကစေ့နေပြီလေ၊ တော်ကြာ မောင်မရှိတုန်း ဘန်ဘန် ဗိုက်တွေဘာတွေနာနေရင် ဘယ်လိုလုပ်မလဲ"

"ဘာဖြစ်လဲ၊ ဒေါ်ချယ်ရီကြီးက မောင်မရှိတဲ့အချိန်ဆို ဘန့် နားမှာချည်းပဲ လာနေပေးတာ၊ အားကိုးရတယ် သိလား၊ ဘာမှမပူနဲ့"

"မပူနဲ့ဆိုပေမယ့် ထပ်မှာခဲ့ဦးမှဖြစ်မှာ"

"မှာစရာမလိုဘူးပေါ့၊ အိမ်ရှေ့မှာ ကျုပ်ရောက်နေပြီ ဘယ့်နှယ် အချိန်ထိ အလုပ်မသွားရသေးဘူးလား"

မဏိ အလုပ်သွားပြီထင်၍ ကောက်ညှင်းပေါင်းပုဂံလေးကိုင် ၍ ဒေါ်ချယ်ရီတက်လာသည်။

သူက အိမ်မှာအလုပ်အကိုင်မရှိ၊ အငြိမ်းစား။

မနက်မိုးလင်းတာနှင့် ငွေတိုးချေးမယ့်သူ၊ လာဆပ်တဲ့လ
ဒီလူတွေနဲ့ စကားပြောရတဲ့အလုပ်ကလွဲ၍ ဒေါ်ချယ်ရီ့မှာ အလုပ်မရှိ

အစက အိမ်နီးချင်းပေမယ့် မဏိကလည်းအိမ်မကပ်။

ခေါ်မိပြောမိတာလောက်ပဲရှိတာ၊ တရင်းတနှီးမနေခဲ့ကြပေ

ခင်ဘဏ္ဍာနှင့်အိမ်ထောင်ကျလာမှ အစစအရာရာ အကူညီ
တွေပေးရုံမက ခင်ဘဏ္ဍာ့ကိုလည်း သမီးလေးလိုချစ်နေရှာသည်။

နှစ်ဘက်လူကြီးက မရှိ။

ငယ်သူလေးတွေနှစ်ယောက်တည်း အိမ်ထောင်သည်ဖြစ်နေ
ကြသည်မို့ အစစအရာရာ သူ့မှာ ဟိုဟာဝင်ပြောရ ဒီဟာဝင်လုပ်ပေ
နှင့် ကြာတော့ အိမ်မှာလိုလိုချည်းရယ်။

"အတော်ပဲ ဒေါ်လေးရ"

"ဘာလဲ. . . ကျွန်တော့်မိန်းမကို ဂရုစိုက်ပေးပါ၊ မွေးဖွားခါနီ
မို့လို့ပါ၊ ဒါတွေပဲပြောမှ မဟုတ်လား။ ငါသိတယ်၊ မင်းဟာမင်း အလုပ်
သွားမှာသွား"

နှုတ်ဆက်နေကြအတိုင်း လွယ်အိတ်လွယ်လိုက်ပြီး မဏိက
ခင်ဘဏ္ဍာ့နဖူးကို ငုံ့နမ်းသည်။

"မောင်သွားမယ်နော်၊ အလုပ်တွေဘာမှမလုပ်နဲ့၊ ငြိမ်ငြိမ်လေး
ထိုင်နေ. . . သိလား"

"အင်းပါ၊ မောင်ညနေ စောစောပြန်လာနော်၊ ဒီနေ့ အိုက်ပြီ
ချိန်းထားတာ"





"မောင်မှတ်မိပါတယ်၊ သူက တစ်ခုခုထူးခြားရင် လာတဲ့၊
ဘန်ဘန် ဘယ်လိုနေလို့လဲ"

"ညကတော့ ဗိုက်ထဲက ရိုးတိုးရစ်တစ် ခဏဖြစ်သေးတယ်၊
ခဏလေးဖြစ်ပြီး ပြန်ပျောက်သွားတာ ခုထိမနာဘူး"

"ဟဲ့. . . အဲဒါ ကလေး ကိုယ်လက်လှုပ်တာပေါ့၊ မကြာဘူး။
တစ်ရက်နှစ်ရက်အတွင်း ဒါ သမီးမွေးတော့မှာ၊ တချို့ဆို ရက်တောင်
ခြားဘူး၊ နာမွေး,မွေးကြတာ"

"ဟုတ်လား. . . ဒါဆို. . ."

"ကဲ. . . သွားပါ၊ ငါရှိပါတယ် မဏိရယ်၊ မင်းရှိတော့လည်း
ဟုယာခက်နေရုံနဲ့ မရှိဘူး၊ ဖြောင့်ဖြောင့်သွား"

ဘာပဲဖြစ်ဖြစ် ဒီအချိန်မှာ ဘန်လည်း မောင့်ကို အနားမှာပဲ
နေစေချင်ပါသည်။

ဒါပေမဲ့ ဝမ်းရေးကရှိသေးသည်မို့. . .။

ဒါကို မဏိကလည်းသိနေသည်။

ဘန်ဘန် အားငယ်နေရှာမည်ဆိုသည့်အတွေးနှင့် ခြေလှမ်း
တို့က လေးလံနေသော်လည်း . . .။

✦ ✦ ✦

## အခန်း (၃၇)

ဂျစ်တူး ဆောက်လုပ်ရေးကုမ္ပဏီရှေ့ရောက်တော့ ကားဆီသို့ ဆင်းထွက်လာသည့်တင်မောင်လွှန်းကို မြင်လိုက်ရသဖြင့် ခြေလှမ်း မြန်မြန်လှမ်းကာ လျှောက်သွားလိုက်မိ၏။

တင်မောင်လွှန်း ငါ မင်းဆီလာတာ"

"ငါသိတယ်၊ မင်းလိုပြန်ပြီမဟုတ်လား၊ ခွေးကောင်၊ ငါ့ကို ဘဏ်တိုက်ကြီးမှတ်နေလား မသိဘူး"

"ဟာ. . . တင်မောင်လွှန်းလုပ်ပါကွာ၊ မင်းကလည်း ငါဒီ တစ်ခါပါပဲ"

"အေး. . . ခုတော့ မအားသေးဘူး၊ ပြန်လာမှရမယ်၊ ငါ သွားစရာရှိလို့"

"ငါ. . . လိုက်ခဲ့မယ်"

"ကောင်းတာပေါ့"





ဂျစ်တူး ကားထဲဝင်ထိုင်လိုက်ပေမယ့် ကားက ဘယ်ကိုဦးတည် သည်ကို မသိခဲ့ပါ။

"ဟင်. . . မဏိဆီကို မင်းလာတာလား"

အိမ်ရှေ့မှာကားရပ်မှ တအံ့တသြ မေးဖြစ်လေသည်။

"ဟုတ်တယ်၊ သူနဲ့ငါ လောင်းထားတဲ့ကိစ္စ၊ သူနိုင်လို့ ငါ ငွေလာပေးတာလေ"

"ဟင်"

ဂျစ်တူး အံ့သြသွားသည်။

ဒါပေမဲ့ မေးချိန်မရတော့။

အိမ်ကြီးထဲလှမ်းဝင်လိုက်လျှင် ခဝဲသီးဖောင်းလေးတွေ သပ်ချ နေသည့် ခင်ဘဏ္ဍာသည် မို့မောက်ဖောင်းကြွနေသော ကိုယ်ဝန်ကို ွယ်လျက်။

မဏိ အိမ်ထောင်ကျသွားကတည်းက သူ့မှာ ဒုက္ခတွေပင် ယ်ဝေလျက် မဏိနှင့် တစ်ခါမှမဆုံဖြစ်ခဲ့ပေ။

ကိုယ့်အပူနဲ့ကိုယ်မို့ တခါတလေ မဏိနဲ့ လှမ်းတွေ့မလိုဖြစ် ာတောင် သူနှုတ်မဆက်နိုင်။

သူ့ဘဝက ပြေးကာလွှားကာ မလုံခြုံတဲ့ဘဝ။

ခင်ဘဏ္ဍာကိုမြင်မှ သူ့မှာ အံ့လည်းအံ့သြလျက်။ တင်မောင် လွှန်းရဲ့ရည်ရွယ်ချက်ကိုလည်း ပဟေဋ္ဌိဖြစ်လျက် ရှိတော့သည်။

သူတို့ကိုမြင်လိုက်လျှင် ခင်ဘဏ္ဍာက အံ့သြသလို အတန်ကြာ

ငေးကြည့်နေပြီးမှ တင်မောင်လွှန်းကို ခပ်တည်တည်ပြန်ကြည့်သည်။

"ဘာကိစ္စရှိလို့လဲ၊ မောင့်ဆီလာတာဆိုရင် မိုးချုပ်မှလာပါ"

ခပ်ပြတ်ပြတ်မေးသည်။

တင်မောင်လွှန်းက မျက်နှာချိုချိုနှင့် . . .။

"မဏီဆီ လာတာမဟုတ်ပါဘူး၊ ဒါပေမဲ့ သူမှာထားတာပါ"

ခင်ဘဏ္ဍာက ထိုင်တစ်လုံးမှမပြောဘဲ မျက်နှာတင်းတင်းနှင့် တစ်ဘက်လှည့်သွားသည်။

တစ်ချိန်က ကိုယ့်ကို အသည်းအသည်လိုက်ခဲ့ဖူးသူမို့ ညှို့သည်ဆိုသည့်အမှတ်နဲ့သာ ငြိမ်နေလိုက်ရပေမယ့် စိတ်ထဲကလက်မခံချင်။

နောက်တစ်ယောက်ကိုကြည့်တော့ ဆံပင်ရှည်ဂုတ်ထောက်၊ နှုတ်ခမ်းမွှေးစစနှင့် ရုပ်ရှင်ထဲက လူကြမ်းရုပ်မျိုး။

"ကဲ . . . ပြောစရာရှိရင် မြန်မြန်ပြောပြီး ပြန်ပါ၊ မောင်မရှိတဲ့အချိန်မှာ ကျွန်မ ဘယ်ယောက်ျားလေးညှို့သည်ကိုမှ စကားမပြောချင်ဘူး"

တင်မောင်လွှန်းက အိတ်ထဲကငွေတစ်သိန်းအုပ်ကို ထုတ်၍ စားပွဲပေါ်တင်သည်။

"ဒါ . . . ဘာလုပ်တာလဲ ကိုတင်မောင်လွှန်း"

"ကျွန်တော် ကြွေးဆပ်တာပါ"

"ဘာကြွေးလဲ"





မောင့်ရဲ့အလုပ်ရှင်ဆိုတာကို ခင်ဘဏ္ဍာကမသိ။

"ဩော် . . . ကြာပါပြီ၊ ဒါပေမဲ့ ကျွန်တော်က သတိမေ့ပြီး မပေးမိခဲ့ဘူး၊ ဟိုနေ့ကတွေ့လို့ သူပြောမှ . . ."

"ရှင့်ကို ကျွန်မမေးတာက ဘာကြွေးလဲလို့"

ခင်ဘဏ္ဍာက မကျေနပ်နိုင်သည့်ပုံနှင့် မျက်နှာတင်းနေသည်။

"မောင်နဲ့ပတ်သက်တာ မောင်နဲ့ရှင်းပါ၊ ရှင့်ငွေတွေပြန်ယူသွား"

"မဟုတ်ဘူး၊ သူ့ကိုပေးရင် သူကယူမှာမဟုတ်ဘူး၊ ဒီလိုပါ၊ ပြောတာနားထောင်ပါအုံး ခင်ဘဏ္ဍာ၊ သူနဲ့ကျွန်တော် အလောင်းအစား တစ်ခု လုပ်ခဲ့ကြတယ်၊ သူက ဒိုင်သူကြီးလေ၊ ကျွန်တော်တို့က သိပ်ခင်တဲ့ သူငယ်ချင်းတွေပါ"

တင်မောင်လွှန်း စကားတတ်တိုင်း လှည့်ပတ်ပြောသမျှ ဂျစ်တူးပါးစပ်အပေါင်းသားဖြစ်နေသလို ခင်ဘဏ္ဍာ လက်သီးဆုပ်၍ ခဲဲသီးထည့်သောဖလုံကို ဝုန်းခနဲပစ်ပေါက်လိုက်လေသည်။

## အပိုင်း (၃၉)

"ဟော. . . ပျာယီပျာယာနဲ့ ဒေါ်လေး ဘယ်သွားမလို့လဲ"

"အေး. . . မင်းလာတာနဲ့အတော်ပဲ၊ ဒေါ်လေး အပြင်သွားမလို့၊ အထဲမှာ ဘန်ဘန်လည်း အိပ်နေလားမသိဘူး၊ အခန်းတံခါးပိတ်ထားတာနဲ့ ဒေါ်လေးပြန်ထွက်လာတာ"

"ဘယ်သွားမှာလဲ"

"မင်းညီ ကိုဝေပေ့ါ၊ ဟိုမှာ သူများကားငှားမောင်းပြီး ကားတိုက်မှုဖြစ်လို့တဲ့"

ကိုဝေဆိုတာ ဒေါ်ချယ်ရီ၏သားဖြစ်သည်။

ကိုယ့်အပေါ် ဒေါ်ချယ်ရီက အစစအရာရာ ဂရုစိုက်ခဲ့သည်မို့ မဏီ မနေသာဘဲ . . .

"ကျွန်တော် လိုက်ခဲ့ပေးရမလား ဒေါ်လေး"





"အမလေး မလိုက်နဲ့၊ ပဲခူးနားထိ အဝေးကြီးပဲ၊ ဒီည ဒေါ်လေးပြန်မလာနိုင်ဘူး၊ ပဲခူးနားမှာဆိုတော့ ပဲခူး ရဲစခန်းမှာပဲရှင်းရလိမ့်မယ်၊ ကြာလိမ့်မယ်ထင်ပါတယ်ကွယ်၊ ဒီကောင် သိပ်နှိပ်စက်တဲ့ကောင်"

ညည်းညည်းညူညူဖြင့် ဒေါ်ချယ်ရီ သူ့အိမ်ပေါ်ပြေးတက်သွားသည်။ မဏီကူညီချင်ပေမယ့် ဘန်ဘန့်ကိုလည်း စိတ်မချတာကြောင့် မတတ်နိုင်တော့ပါ။

အိမ်ထဲလှမ်းကြည့်တော့ တိတ်ဆိတ်နေသည်။

ခါတိုင်းပြန်လာလျှင် ဘန်ဘန်က အိမ်ထဲမရောက်ခင် ထွက်ကြိုနေကျ။

နေများမကောင်းလို့လား။ မှောင်ရီပျိုးစကြီး မီးလည်းဖွင့် မထား၊ စိတ်ပူသွားကာ အခန်းတံခါးကိုတွန်းလိုက်တော့ ဖွင့်လို့မရ။ အထဲက ဂျက်ချထားသည်။

"ဘန်ဘန်. . . ဘန်ဘန်. . . ဘာဖြစ်လို့လဲ"

ခဏလေးကြာလျှင် တံခါးက ရုပ်ခနဲပွင့်သွား၏။

သူ့ရှေ့မှာရပ်နေသည့် ခင်ဘဏ္ဍာ၏မျက်နှာသည် နီရဲမို့အစ်လျက် ဆံပင်ရှည်တို့က ဖရိုဖရဲ။

အရင်ဆို ဒီအချိန် ပါးမှာသနပ်ခါးရေကျဲလေးနှင့် မွှေးနေတဲ့ပါးကို သူနမ်းနေကျ။

တစ်ခုခုဆိုတာကို သိ၍ စိတ်ထဲမှာထင့်ကာ လက်က မီးခလုတ်

ဆီရောက်သွားသည်။

ချောက်ခနဲအသံနှင့်အတူ ဖွေးသွားသည့်မီးရောင်အောက်မှာ ခင်ဘဏ္ဍာ့မျက်နှာမှာ မျက်ရည်တွေရွဲလျက်။

"ဘန်ဘန် . . . ဘန်ဘန် ဘာဖြစ်တာလဲ"

မဏီလက်လှမ်းလိုက်လျှင် ခင်ဘဏ္ဍာ နောက်ကိုဆုတ်၍ ရှောင်ပစ်၏။

မျက်လုံးတို့သည် အစိမ်းရောင်များလျှံထွက်နေသည့်နှယ်။

"ရှင့်ကို ကျွန်မ စာရင်းရှင်းဖို့စောင့်နေတာ"

"ဘာ"

ခင်ဘဏ္ဍာက မဏီ သတိမထားမိလိုက်သော လက်ထဲက အထုပ်ကို မြင်အောင်ကိုင်ပြ၏။

မဏီ နားမလည်သလို မျက်မှောင်ကုတ်၍ စိုက်ကြည့်နေ၏

"ရော့ . . . ရှင်လိုချင်တဲ့ ငွေတစ်သိန်း"

လှမ်းပေးသည့်လက်အစုံက တဆတ်ဆတ်တုန်နေ၏။

ရင်ထဲမှာ ဝမ်းနည်းတာရော ဒေါသတွေပါစုပြုံ၍ သူ့မျက်နှာ ကိုမြင်ရပြန်တော့ ငိုချင်နေသည့်ခင်ဘဏ္ဍာ နှုတ်ခမ်းလေးကို ဖိကိုက် မိ၏။

ပင်ပန်းနွမ်းနယ်နေသော မဏီမျက်နှာက အပြစ်ကင်းစင်နေ သည်။ ချစ်တတ်လွန်းတဲ့ယောကျ်ားတဲ့။

သူ့မှာ ဒီလိုအကြံအစည်တွေ ရှိခဲ့တယ်ဆိုတာ သိလိုက်ရတဲ့





အချိန်မှာ ထားခဲ့မိတဲ့အချစ်တွေ ငြိခဲ့တဲ့သံယောဇဉ်တွေအားလုံး အရည် ပျော်သွားခဲ့ပြီ။

"ဒါ . . . ဘာလဲ ဘန်ဘန်၊ ဒီတစ်သိန်းက ဘာလုပ်တာလဲ"

"ဘာလုပ်တာလဲဟုတ်လား။ ရှင်ရတဲ့လျော်ကြေးလေ၊ တင် မောင်လွန်းနဲ့ ရှင်လောင်းခဲ့တဲ့လျော်ကြေး . . . ရော့ . . . ယူ"

ငွေထုပ်နှင့် ရင်ဘတ်ကိုတအားပစ်ပေါက်၍ ခင်ဘဏ္ဍာ ငို သည်။

ငွေစက္ကူတို့သည် ရင်ဘတ်ကိုထိမှန်ကာ ပြုတ်ပြယ်ပြေကျ၍ တစ်ရွက်စီ တစ်ထပ်စီ လွင့်ကျကုန်လေသည်။

မဏီ ရင်တွေ တဒိန်းဒိန်းခုန်သွားသည်။

"ဒီကို တင်မောင်လွန်းလာသွားသလား။ ဟုတ်လား ဘန်ဘန်"

"ဟုတ်တယ် . . . လာသွားတယ်၊ ဒီလောင်းကြေးလောက်ကို ရှင်က မလိုချင်တော့ဘူးလို့ပိတ်ခဲ့ပေမယ့် သူက ကတိတည်တည်လာ ပေးတာလေ၊ ရှင်က သိန်းပေါင်းများစွာချမ်းသာတဲ့ကောင်မကို ရထား ပြီးလို့ ငွေတစ်သိန်းကိစ္စ အပြောတောင်မခံဘူးတဲ့၊ ဒီငွေကိုယူလိုက်ရင် တစ်ဖက်ကို ဆုံးရှုံးသွားမှာပေါ့တဲ့၊ ရှင် . . . ရှင်ဟာ အလကားလူ၊ လူလိမ်"

"မဟုတ်ဘူး။ အဲဒါတွေ မောင်မပြောခဲ့ဘူး . . . တောက်"

"ရှင် . . . ဘာမှငြင်းမနေနဲ့၊ ကျွန်မဆီက အဖြေတောင်းတဲ့ နေ့က ဒီနေ့အဖြေမရရင်မဖြစ်ဘူးလို့ ရှင့်ပါးစပ်က ကိုယ်တိုင်ပြောခဲ့

တာ၊ အဲ့ဒါ ရှင်ရှုံးပြီး လောင်းကြေးမရမှာစိုးလို့ မဟုတ်လား၊ မထင်မှတ်ဘဲ ကျွန်မကိုရလိုက်တော့မှ ဒီငွေကို ရှင်မလိုချင်တော့တာမဟုတ်လား''

''ဘန်ဘန်. . . မင်း တစ်ဘက်ကစကားကိုယုံပြီး ထင်ရာတွေလျှောက်မပြောနဲ့''

မဏိ ဒေါသဖြစ်ဖြစ်နှင့် တအားအော်ပစ်လိုက်မိသည်။

''ပြောမယ်၊ ရှင်ဟာ ကျွန်မကိုတစ်ကယ်ချစ်တာမဟုတ်ဘဲ ငွေတစ်သိန်းနဲ့ လောင်းကြေးထပ်ယူခဲ့တာ၊ အချစ်ကို တန်ဖိုးမထားတတ်တဲ့လူလိမ်၊ ကျွန်မ ရှင့်ကိုစိတ်နာတယ်၊ မုန်းတယ်၊ ရှင်. . . ထွက်သွား''

''မဟုတ်ဘူး၊ မောင်ရှင်းပြတာကို နားထောင်ဦး''

''မထောင်ဘူး၊ ရှင် သွားဆို၊ သွားနော်''

''မဟုတ်သေးဘူး ဘန်ဘန်ရယ်၊ မင်း သူများပြောတာကျတော့ တရားသေယုံပစ်လိုက်နိုင်တယ်၊ မောင့်ကိုကျတော့ ရှင်းပြခွင့်မပေးဘူး''

''ယုံတာက ယုံစရာအကြောင်းရှိတယ်လေ၊ ရှင် ကျွန်မကိုမရရအောင် ဖွတ်ကြိုးစားခဲ့တာ မဟုတ်ဘူးလား၊ မချစ်ဖူးတဲ့အသည်းကိုလူလိမ်တစ်ယောက်ဆီမှာ မွမွကြေအောင် နင်းခြေခံလိုက်ရတာ ကျွန်မအသည်းနုလုံးပဲ''

''မောင့်ကို သူ အဲဒီကိစ္စ စပြောလာကတည်းက. . .''

''မဏိ ရှင့်ကို ကျွန်မ ဖြေရှင်းခွင့်မပေးဘူးနော်၊ ရှင် လုံးဝဖြေရှင်းဖို့မကြိုးစားနဲ့၊ ကျွန်မရှေ့က အခုထွက်သွား''





မဏိက ခင်ဘဏ္ဍာ့လက်ကလေးကို လှမ်းဆွဲကာ ရှင်းပြဖို့ကြိုးစား၏။ ခင်ဘဏ္ဍာက အတင်းဆောင့်ရုန်းလိုက်သည်။

''ဘန်ဘန်''

''မခေါ်နဲ့''

ထပ်၍ မကျေနပ်သေးဘဲ မဏိ ရင်ဘတ်၊ လက်မောင်းနေရာအနှံ့ကို ကုတ်ဖဲ့ထုရိုက်ကာ ရှိုက်ကြီးတငင်ငိုလေသည်။

''ရိုက်လေ၊ ရှင် ပြန်ရိုက်စမ်းပါ၊ ရှင်က တုံ့ပြန်တတ်တဲ့လူပဲ၊ နေ အသေသတ်ပေးမယ့်လူရှိရင် ကျွန်မက ပိုကျေးဇူးတင်သေးတယ်''

မဏိ နာကျင်သမျှအံကြိတ်ခံရင်း ခင်ဘဏ္ဍာပြောသမျှ စကားလုံးတိုင်းအတွက် ခံရခက်သောမျက်ရည်စက်တို့ ကြွေလုလုဖြစ်လာသည်။

''ခွမ်း'' ခင်ဘဏ္ဍာက နီးရာပုလင်းတစ်လုံးကို လှမ်းဆွဲ၍နံရံနှင့် ကိုင်ရိုက်ပစ်လိုက်သည်။

ပုလင်းသည် တစ်ဝက်မျှကွဲထွက်သွားကာ ချွန်မြသောကွဲလက်ပတို့က လက်ထဲမှာကျန်ခဲ့၏။

''မဏိ. . . ရှင်ထွက်မသွားရင် ကျွန်မ လည်ပင်းထဲကိုထိုးချလိုက်မယ်၊ ရှင်သွားမလား မသွားဘူးလား''

ခင်ဘဏ္ဍာက ပုလင်းကွဲချွန်နှင့် ကိုယ့်လည်ပင်းကိုယ်တေ့ချိန်ကာ အေးစက်စွာပြောသည်။

မဏိ လှုပ်လှုပ်ရှားရှားဖြစ်သွား၏။

''မောင် သွားမယ် ဘန်ဘန်၊ လက်ကို ပြန်ဆုတ်လိုက်ပါ၊ သွေးတွေထွက်လာပြီကွာ''

"ထွက်ထွက်သေသေ၊ ရှင်. . . အခုထွက်သွား"

မဏိ အခန်းပြင်ပြန်ထွက်ကာ တံခါးကို ဆွဲပိတ်ပေးလိုက်လျှင် အထဲက သော့ပိတ်လိုက်သံ ထွက်လာ၏။

တံခါးကိုမှီကပ်ရပ်ရင်း မျက်လုံးမှိတ်ချလိုက်တော့ မျက်ရည်စက်တို့က ပါးပြင်ထက်သို့ ပွင့်ခွေးစွာစီးဆင်းသွားကြသည်။

"မင်း ထင်ရက်တယ် ဘန်ဘန်ရယ်"

တင်မောင်လွှန်း မျက်နှာသည် ဖျတ်ခနဲပေါ်လာကာ မဏိ တစ်ကိုယ်လုံး ဖျင်းခနဲဖြစ်သွားသည်။

လူတစ်ယောက်ရဲ့စိတ်ဟာ ဒီလောက်ထိ အကြင်နာမဲ့စွာ ကြံစည်ဖျက်ဆီးရက်လိမ့်မည်ဟု သေချာပေါက် မတွေးနိုင်ခဲ့တာ သူ့အမှား။

အစကကောင်းခဲ့သော တင်မောင်လွှန်းရဲ့ သည်းခံလိုက်လျောခဲ့သမျှအားလုံးဟာ ဒီနေ့ ဒီလိုဖြစ်စေဖို့ ကြိုတင်အကွက်ချစီရင်ခဲ့ခြင်းဆိုတာ ရင်ကွဲပက်လက်ခံစားလိုက်ရမှ သိတဲ့ကိုယ်က လူညံ့။

မထင်မှတ်ဘဲ သူ့ခြေလှမ်းတို့က ဆိုင်ကယ်ရှိရာ ပြေးထွက်လာခဲ့မိသည်။

ဒေါသ၏ဆောင်ကျဉ်းမှုဖြင့် သူ ဆိုင်ကယ်ကို တင်မောင်လွှန်းရှိရာသို့ ဦးတည်လျက်။

✦ ✦ ✦



## အပိုင်း (၄၀)

မဏိ

ရှင့် သိပ်ရက်စက်တယ်။

သိပ်ရက်စက်တဲ့ လူ၊ ရှင့်ကို မုန်းတယ်သိလား၊ မုန်းတယ်။

ခင်ဘဏ္ဍာ တအားရှိုက်ငိုရင်း လှေခါးရဲ့ခြေရင်းမှာ အသားတွေပင်တုန်လာခဲ့သည်။

တစ်နေကုန်ငိုကြွေးထားသည့် မျက်ဝန်းတို့က နာကျင်ကျိန်းစက်လျက် ခေါင်းတွေကိုက်ခဲ့လာ၏။

အခန်းထဲကထွက်သွားပြီး ဆိုင်ကယ်သံကြားလိုက်ပြီးနောက် မဏိ ပြန်လာသံမကြားတော့ပေ။

ခင်ဘဏ္ဍာ လှေခါးလက်ယမ်းတွေကိုမှီ၍ အံလေးကြိတ်နေမိသည်။

စိတ်နာတယ်၊ မုန်းပါတယ် ဘယ်လောက်ပဲဆိုဆို မောင့်ကို ခွဲမသွားပါဘူးဆိုတဲ့ စကားအတိုင်း သူ မျိုသိပ်ချုပ်တည်းနေခဲ့ပါသည်။

မောင့်ကိုခွဲ၍လည်း တကယ်တမ်း သွားနိုင်တဲ့သဘောမရှိတာ ကိုယ့်ကိုယ်ကိုသိနေသည်။

ည ဆယ့်တစ်နာရီထိုးတဲ့အထိ တိတ်ဆိတ်ခြောက်သွေ့ခြင်းက ကြီးစိုးနေ၏။

အထီးကျန်သော၊ ကြောက်ရွံ့သော၊ နာကျည်းဝမ်းနည်းသော စိတ်တို့ဖြင့် ကုန်ခမ်းပြီထင်ခဲ့သော မျက်ရည်တို့က ကြွေဆင်းလာပြန်သည်။

သူ ရိုက်နှက်ပြောဆိုခဲ့သည်တို့ကို စိတ်ဆိုး၍ မောင်ထွက်သွားခဲ့ပြီလား၊ ဝမ်းထဲမှာ အစာကမရှိ၊ စားချင်စိတ်မရှိလို့ မစားပေမယ့် အသားတွေကတုန်လာသည်။ လေ့ခါးခြေရင်းမှာပဲ ခွေခွေလေးလှဲချလိုက်မိ၏။

ငိုကြွေးခြင်းကြောင့် ပင်ပန်းနွမ်းနယ်ကာခွေနေမိဆဲ ညနှစ်နာရီထိုးတိတိတွင် ဆတ်ခနဲ ထထိုင်လိုက်မိ၏။

ဗိုက်ထဲက ထိုးတက်စူးအောင့်သော နာကျင်ခြင်းသည် ညင်ညင်သာသာမဟုတ်။

"အား"

အိပ်ယာထဲသွားဖို့ ထရပ်လိုက်လျှင် ဗိုက်ကိုကိုင်၍ ခင်ဘဏ္ဍာ ညွတ်ကျသွားသည်။





သူမမွေးတော့မည်မှာ အသေအချာပါ။.

စူးခနဲနာလာလိုက် ပျောက်သွားလိုက်မှ ပျောက်သွားသည့် ခဏတွင် အိမ်ရှေ့ဘက်ထွက်ကာ ခေါင်းရင်းပြတင်းဖွင့်လိုက်၏။

ဒေါ်ချယ်ရီကို လှမ်းခေါ်ဖို့စိတ်ကူးနှင့်။

သို့နှင့် မှောင်အတိကျနေသောအိမ်ကြီးက သူ့ကို ခြောက်ခြားသွားစေလေသည်။

သူမမှာ အားကိုးစရာမရှိတော့ပါလား။

တလောကလုံး အိပ်မောကျနေချိန်မို့ ညသုံးနာရီဆိုသော အချိန်သည် ခြောက်ခြားဖွယ်တိတ်ဆိတ်နေဆဲ။

"အား"

နာတဲ့အချိန် နေရာမှာပဲ ခွေလဲကွေးကောက်နေရလျက် ပျောက်သွားလျှင် ချွေးတို့က တစ်ကိုယ်လုံးရွှဲကျန်ခဲ့၏။

မောင်. . .

ရက်စက်ပြန်ပြီ မောင်ရယ်. . .

ရှင်. . . ရှင်က ကျွန်မထက် အများကြီးအသည်းမာပါတယ်။ ရှင် သိပ်တော်ပါတယ်။

ဒီအချိန်မှာ နာကျည်းမှုသည် ဘယ်လိုဖြေဆေးနှင့်မှ ဖြေလို့မရနိုင်တော့သည့်နာကျည်းမှုပါ။

မိုးစင်စင်လင်းလျှင် ကြိုတင်ပြင်ဆင်ထားသမျှ မွေးဖွားဖို့ ပစ္စည်းတို့ကို စုစည်းထုပ်ပိုးကာ ကိုယ့်ဟာကိုယ် ဆေးရုံသွားဖို့ လှေခါး

ပေါ်ကဆင်းလာခဲ့သည်။

တစ်ညလုံး အစာမစား ငိုကြွေးခြင်းစသည်တို့ စုပေါင်းကာ ခေါင်းတွေက မူးဝေကာ မိုက်ခနဲမိုက်ခနဲဖြစ်နေ၏။

လက်ရမ်းကိုဆုပ်ကိုင်ကာ အထုပ်တစ်ဖက်နှင့် ထိန်းဆင်းနေဆဲ

"အမလေး"

မျက်လုံးထဲမှာ ပြာခနဲဖြစ်ကာ လှေခါးတစ်တွေပျောက်ကုန်သည်။

ကိုယ်ဝန်ဆိုသောအသိနှင့် အထုပ်ကိုလွှတ်ချကာ လက်ရမ်းကို ဖမ်းဆုပ်ဖို့ လှမ်းဆွဲလိုက်မိသည်။

သို့သော် ယိုင်သွားသည့်ကိုယ်ကို မထိန်းနိုင်ဘဲ လက်ရမ်းနှင့် ခေါင်းတို့ ပြင်းထန်စွာဆောင့်မိလေသည်။

ခေါင်းတစ်ခုလုံး ပွင့်ထွက်သွားသလို နာကျင်လျက် နောက်ဆုံးကျန်သေးတဲ့အထိ သတိက ကိုယ်ဝန်ကို မထိခိုက်အောင်ထိန်းနေဆဲ။

"ဟယ်. . . သမီး. . . သမီးလေး"

ကြားလိုက်သည်။ မေမေ့အသံဆိုတာသိ၍ ရင်ထဲမှာ ခွန်အားတို့ဖြင့် အေးမြခြင်းဖြစ်ခဲ့သော်လည်း. . .

"သမီး. . . အမလေး. . . ငါ့သမီးလေးကို လုပ်ကြပါအုံး"

တကယ်ဆို လှေခါးပေါ်က ဒလိမ့်ခေါက်ကွေးပြုတ်ကျရမည်ဖြစ်သော်ငြား ရောက်သည့်နေရာမှာပင် ပုံ့ပုံ့လေးမှီကျကာ လှေခါးလက်ရမ်းတိုင်လုံးလေးတွေမှာ ဆုပ်ကိုင်ထားသည့် ခင်ဘဏ္ဍာ့လက်တို့ကို





မနည်းဖြုတ်ယူခဲ့ရလေသည်။

ကိုယ်ဝန်ကို ကာကွယ်ခဲ့သော ခင်ဘဏ္ဍာ့နှလုံးသားတို့သည် နာကျည်းပါသည်ဆိုသော မောင့်အတွက်သာ. . .။

အချိန်သည် မနက်ခုနစ်နာရီတိတိ. . .။

✦ ✦ ✦

## အခန်း (၄၁)

အချုပ်ခန်းတံခါးဖွင့်သွားတော့ မနက်ဆယ်နာရီ။

"ငါမှားသွားတယ် မဏိ၊ ငါ အများကြီးမှားခဲ့ပါတယ်၊ တကယ်တော့ ခင်ဘဏ္ဍာကို မင်းရသွားတဲ့အတွက် ငါသဝန်တို တုံ့ပြန်ခဲ့မိတာပါ၊ မင်းမကျေနပ်ရင် ထပ်တိုးပါကွာ"

တင်မောင်လွှန်းက ပတ်တီးတွေပလာစတာတွေ ရှုပ်ယှက်ခတ်နေသည့် သူ့မျက်နှာတစ်ခုလုံး ရှေ့တိုးပေးနေသည်။

ညက မဏိ ဒေါသမထိန်းနိုင်ဖြစ်ကာ တင်မောင်လွှန်းတို့ခြံထဲထိ ဆိုင်ကယ်ကို ဒါရိုက်စီးဝင်သွားကာ တိုက်ပေါက်ဝမှာ အသင့်တွေ့လိုက်ရသည့် တင်မောင်လွှန်းကို ဘာမပြောညာမပြောနှင့် တအားစွတ်ထိုးပစ်လိုက်သည်။





တင်မောင်လွှန်းက ပြန်လည်တိုက်ခိုက်ပါသော်လည်း မျက်ကန်းတစ္ဆေမကြောက်သလို အတင်းဖိထိုးနေသော မဏိလက်တွေကို မရှောင်နိုင်။

ဒီငွေတစ်သိန်းကိစ္စ ရှုပ်မှာစိုးလို့ သူရှောင်ရှားခဲ့ပါလျက် တမင်ဖန်တီးရက်လေခြင်းဆိုသော နာကျည်းချက်များနှင့် ဘယ်လောက် ထိုးနှစ်ရပေမယ့် အားမရ။

ရုတ်တရက်ပြူးကြောင်နေသော တင်မောင်လွှန်းအမေသည် သတိရသည်နှင့် ရင်ဘတ်ထုကာ တအားအော်တော့သည်။

ဒီတော့မှ လူအများလက်ထဲမှာ မဏိကို ချုပ်လို့ရသွားကြသည်။

တင်မောင်လွှန်း လုံးဝသတိမရတော့. . .။

"ညက မင်းကို အချုပ်ထဲထည့်လိုက်ကြတာ ငါလုံးဝမသိလို့ပါ၊ ဒါတွေကို သတိပြန်ရမှသိရတာ၊ ငါလေ မင်း ငါ့ကို ထိုးနှက်သွားတဲ့ဒဏ်ရာတွေကို တစ်ညလုံးခံစားပြီး မင်းကိုစိတ်မဆိုးတဲ့အပြင် ငါမှားပြီဆိုတာသိခဲ့တယ်၊ မင်းအိမ်မှာ တစ်ခုခု ဆိုးဆိုးဝါးဝါးဖြစ်ခဲ့ပြီဆိုတာတွေးမိလို့လည်း ပိုပြီး စိတ်မကောင်းဖြစ်ခဲ့ရတယ်၊ ဒါကြောင့် မိုးမလင်းခင် ငါ မေမေ့တို့ကိုနိုးပြီး ငါကျူးလွန်ခဲ့သမျှ ဖွင့်ပြောခဲ့တယ်၊ မင်းကိုလွှတ်မပေးရင် ငါမနေတော့ဘူးလို့ အကျပ်ကိုင်ခဲ့တယ်၊ ငါ့ကိုခွင့်လွှတ်ပါ မဏိရယ်၊ မင်း ညကထိုးသလို ထပ်ထိုးချင်သေးရင် ထိုးခဲ့ပါ"

မဏိ တင်မောင်လွှန်းမျက်နှာကို စေ့စေ့ကြည့်ကာ စကားတစ်

လုံးမှမဆိုဘဲ ပခုံးကို ခပ်ဆတ်ဆတ်တွန်းဖယ်၍ ပြေးထွက်လာခဲ့သည်။

နောက်မှာ ဘာတွေဖြစ်ကျန်ခဲ့သည်မသိ။ သူ့ရင်ထဲမှာ ဗလောင်ဆူနေသည်။

ညက ဘန်ဘန်တစ်ယောက်တည်း ရှိနေရှာသည်။ ဒေါ်ချယ်ရီလည်း မရှိ။

ဒေါသမထိန်းနိုင်လိုက်သည့် တစ်ချက်ကြောင့် အားလုံး ကစဉ့်အလျားတွေ ဖြစ်ခဲ့ရသည်။

သူ့ကို ဘန်ဘန် အထင်လွဲသည်ထက် ထပ်လွဲ၊ စိတ်နာသည်ထက် ဆက်နာနေပြီဆိုတာ မမေးဘဲနှင့်သိနေသည်။ စိတ်နာလျှင်လည်း နာပါစေတော့။

ကိုယ်ဝန်နွေ့စေ့လစေ့နှင့် ဘန်ဘန် ဘာမှမဖြစ်ပါစေနှင့်ဟုသာ ဆုတောင်းရင်း အိမ်ပြန်ရောက်လျှင် ရင်ထဲမှာ ဆို့တက်သွားလေသည်။

ခြံတံခါးရော၊ အိမ်တံခါးပါပွင့်ပြီး အထဲမှာ တိတ်ဆိတ်ငြိမ်သက်လျက်. . .။

"ဘန်ဘန်. . . ဘန်ဘန်. . . ဘယ်မှာလဲဟင်"

တကြော်ကြော်ခေါ်၍ အပေါ်ပြေးတက်လိုက် အောက်ဆင်းလိုက်နှင့် ရှိသမျှအခန်းတွေလျှောက်ဖွင့်ကာ မဏိ အရူးကြီးလိုဖြစ်နေသည်။

ဘန်ဘန် မရှိတော့ပါ။

(ဖျူးစာပေ)



ညေ့ခန်းထဲမှာ တောင့်တောင့်ကြီးရပ်၍ သူ့ တင်းကျပ်နေသည့်ရင်ကို ဖြေရာရှာမရဖြစ်နေဆဲ ဟနေသည့်အခန်းတံခါးကြားမှ အတွင်းလှေခါးရဲ့ခြေရင်းမှာရှိနေသော အဝတ်အိတ်ကြီးကို လှမ်းမြင်လိုက်၏။

မဏိ အခန်းထဲပြေးဝင်ကာ အိတ်ကို ဖွင့်ကြည့်လိုက်သည်။

"ဟင်"

ခေါင်းထဲမှာ မိုက်ခနဲဖြစ်သွားသည်အထိ အပူလုံးက ဆို့တက်သွား၏။ မီးဖွားဖို့ လိုအပ်သမျှစုထည့်ထားသည့် အနှီးတွေ၊ ဆေးဝါးပစ္စည်းတွေ. . .။

ဒါဆို ညက ဘန်ဘန်တစ်ယောက်တည်း ဗိုက်နာနေခဲ့သလား၊ ရပ်ကွက်ထဲကလူတွေ ကူညီ၍ ဆေးရုံကိုပို့လိုက်ကြပြီလား။

"ဖြစ်ရလေ ဘန်ဘန်ရယ်"

မဏိ ဘယ်လိုမှ ဖြေလို့မရတော့ပေ။

မထိန်းချုပ်နိုင်သည့် ဒေါသတစ်ချက်ကြောင့်. . .။

"တောက် ကွာ. . ."

နံရံကို လက်သီးနှင့်ထိုးချလိုက်မိသည်။

စုတ်ပြတ်သွားသည့်လက်က သွေးတွေချက်ချင်းရဲတက်လာ၏။

မဆင်ခြင်မိတဲ့ကိုယ့်ကိုယ်ကို ဒဏ်ခတ်ပစ်မိလျက် မျက်ရည်တွေ ရစ်ဝဲလာသည်။

မဏိ တွေဝေမနေတော့ဘဲ အထုပ်ကိုကိုင်၍ ခြံဝသို့ပြေးထွက်လာခဲ့၏။

"ကိုကြီး"

(ဖျူးစာပေ)

"ဟင်"

ကားငှားမလို့ လမ်းဘေးမှာရပ်နေဆဲ ခြေရင်းအိမ်ကကောင်မလေး သူ့ဆီ ပြေးရောက်လာသည်။

"ကိုကြီး ဆေးရုံသွားမလို့လားဟင်"

"ဟုတ်တယ်၊ ညက အစ်ကို့မိန်းမကို ဘယ်သူတွေ ဆေးရုံပို့ပေးလိုက်တာလဲဟင်၊ ညီမလေးတို့လား၊ သူ နေကောင်းရဲ့လား"

သူမေးသမျှကိုငေးကြည့်၍ ကောင်မလေးကခေါင်းခါသည်။

"မဟုတ်ဘူးကိုကြီးရဲ့၊ ညက ဘာသံမှမကြားဘူး၊ မနက်ကျမှ မမရဲ့ အမေတွေလားမသိဘူး၊ ဒေါ်ကြီးနှစ်ယောက် လာခေါ်သွားကြတာ"

"ဟင်"

"မမကို အိမ်ထဲကနေ ပွေ့ထုတ်သွားကြတာ"

"ဘာ၊ သူ. . . ဘာဖြစ်လို့လဲဟင်"

"မသိဘူး ကိုကြီး၊ နီနီတို့လည်း ခေါ်ထုတ်လာမှတွေ့ကြတာ၊ မာမီကတောင် သွားမေးမလို့ဟာ၊ သူတို့မျက်နှာကြီးတွေက တင်းနေတာနဲ့ မမေးရဲဘူး၊ မမနဖူးမှာလည်း သွေးတွေနဲ့၊ နီနီတို့တောင် ကိုကြီးတို့ ရန်ဖြစ်ကြတယ်ထင်နေသေးတာ"

မဏိ ဘာမှမကြားတော့ပေ၊ ရောက်လာသည့်ကားပေါ် ပြေးတက်လိုက်သည်။

နှလုံးသားတွေ မီးလောင်နေပြီ။

✦ ✦ ✦

(မျူးတာပေ)

## အပိုင်း (၄၂)

"ရွှေကိုတိုးဖို့ မကြိုးစားနဲ့မဏိစည်၊ မင်း ဒီနေ့ကစပြီး ခင်ဘဏ္ဍာဆိုတဲ့မိန်းမကို ဘယ်တော့မှပတ်သက်ခွင့်မရှိတော့ဘူး"

"ဟာ. . . ဒီလိုလုပ်လို့ရမလား၊ ဘန်ဘန်က ကျွန်တော့်မိန်းမပဲ"

မဏိ အတင်းရှေ့တိုးတော့ လက်တစ်ဖက်ဆန့်ထွက်လာ၍ သူ့ရင်ဘတ်ရှေ့က တားလိုက်သည်။

"ဘန် နေမကောင်းဘူးကိုယ့်လူ၊ ဒါ ဆေးရုံ၊ မင်းရပ်ကွက်ထဲမှာလို သောင်းကျန်းလို့မရဘူး"

ငြိမ်းဟန်စိုးဆိုတဲ့လူကို မဏိသိသည်။

မျက်နှာကို စေ့စေ့ကြည့်၍ လက်ကို ဒေါသနှင့်ပုတ်ချပစ်လိုက်သဖြင့် ငြိမ်းဟန်စိုးယိုင်သွား၏။

(မျူးတာပေ)

"ပေါ့. . . ရပ်လိုက်စမ်း"

ရှေ့ထပ်တိုးသည့်သူ့ရှေ့ကို ဒေါ်စိန်မမက ပိတ်ရပ်လိုက်ပြန်သည်။

မိန်းမဆိုးသောအသိနှင့် မဏိ ကိုယ်ရှိန်သတ်လိုက်ရသည်။

"မင်းကို ငါတစ်ခုမေးမယ်၊ ကလေးကိုယူမလား၊ ဘာအကျိုးမှမရှိတဲ့ မျှော်လင့်ချက်တွေနဲ့ ဒီတိုင်းလှည့်ပြန်သွားမလား"

"ဘာတွေလာမေးနေတာလဲ၊ ကျွန်တော့်မိန်းမကို ကျွန်တော်ခေါ်ပြီး ပြန်မှာပေါ့၊ ဒီမှာအန်တီ ဘန်ဘန့်ရဲ့မေမေပဲဖြစ်ဖြစ်၊ သီကြားမင်းရဲ့မယ်တော်ပဲ ဖြစ်ဖြစ်၊ ကျွန်တော်တို့အိမ်ထောင်ရေးကို ပျက်ပြားအောင်ဖန်တီးမယ့်လူဆို ကျွန်တော် ဘယ်သူ့ကိုမှ ခေါင်းငုံ့ခံနေမှာမဟုတ်ဘူး"

"မင်း. . . ရိုင်းလှချည်လား မဏိစည်၊ ပညာမတတ်ပီသလှချေလား၊ မယားကိုချစ်တဲ့လူက နေ့စေ့လစေ့ကြီးနဲ့ သားမယားကိုသွေးထွက်သံယိုရိုက်နှက်ပြီး မိုးမလင်းခင် အိမ်ကထွက်သွားတာလေ၊ ဒါ. . . ချစ်တာလား"

တွေ့ရှိချက်တို့အပေါ် ဒေါ်စိန်မမက ကောက်ချက်ချ၍ ပြောသည်။

ဒါကိုသိပေမယ့် လူတွေကြားအောင် သူ့အပြစ်ဖြစ်ဖို့ အကျယ်ကြီးအော်ပြောနေတာကို မခံနိုင်။

"အန်တီ ထင်ရာကိုစွတ်မပြောနဲ့၊ ဘန်ဘန့်ကို ကျွန်တော်





လက်ဖျားနဲ့မထိခဲ့ဘူး"

"တော်စမ်းကွာ၊ ကြာရင် မင်းကို ငါသတ်မိတော့မယ်၊ မင်းကြောင့်. . . မင်းကြောင့် အခု ငါ့သမီး. . ."

ဒေါ်စိန်မမ မျက်နှာကိုအုပ်၍ ငိုချလိုက်လေသည်။

မဏိ ရင်ထဲဘုန်းခနဲပေါက်ကွဲသွား၏။

ဘန်ဘန် ဘာဖြစ်နေပြီလဲ။

"ဟိတ်"

သူ့ကို ဘယ်သူတားတားမရတော့ပေ။

မွေးလူနာဆောင်ကိုရောက်အောင် ရှာကြံ၍ပြေးဝင်လာခဲ့၏။

"ဟင်. . . ဘန်ဘန်"

ဆံပင်ရှည်ကြီးတွေ ခေါင်းအုံးပေါ်မှာ ခွေပိုက်ပုံကျနေကာ စောင်းစောင်းလေးအိပ်ပျော်နေသည့် ခင်ဘဏ္ဍာ့နဖူးမှာ ပတ်တီးဖြူလေးနှင့်။

"ဘန်ဘန်"

မဏိ ခင်ဘဏ္ဍာ့မျက်နှာနားမှာ ပြေး၍ ဒူးထောက်ထိုင်ချကာ ဝမ်းသာတုန်ယင်စွာ ခေါ်လိုက်မိသည်။

"ဘန်ဘန်. . . ဘန်ဘန် မင်း ဘာမှမဖြစ်ဘူးနော်၊ ဝမ်းသာလိုက်တာ ဘန်ဘန်ရယ်"

သွားပြီဟုထင်ထားခဲ့သမျှ ဝမ်းသာလွန်း၍ မျက်ရည်စို့ခဲ့ရသည်အထိ သူ စကားတွေ တတွတ်တွတ်ပြောနေဆဲ၊ ခင်ဘဏ္ဍာ တစ်ချက်

လွှူးလွန့်ကာ မျက်လုံးလေးတွေပွင့်လာသည်။

သူ့မျက်နှာကို အနီးကပ်မြင်လိုက်ရ၍ လန့်သွားပုံလေးဖြစ်ကာ ကြည့်ပုံက တကယ့်ကို ဘာမှမသက်ဆိုင်ခဲ့သလို။

"ရှင်. . . ရှင်. . . ဘယ်သူလဲ၊ ဘာတွေလာပြောနေတာလဲ ဟင်"

တိုးတိုးလေးပြောတာဖြစ်ပေမယ့် မဏိရင်ထဲမှာ ကျယ်လောင်စွာ မြည်ဟီးသွား၏။

ခုမှ ဒေါ်စိန်မမပြောသည့်စကားကို နားလည်သွားရပါတော့သည်။ ဖြစ်ရလေ ဘန်ဘန်ရယ်။

ခင်ဘဏ္ဍာက ထထိုင်ဖို့ကြိုးစားနေစဉ် သူနာပြုဆရာမလေး တစ်ယောက် အပြေးအလွှားရောက်လာ၏

"လူနာက အတိတ်မေ့နေပါတယ်ရှင်၊ ညည်းသည် လုံးဝတွေ့ခွင့် မပေးသေးပါဘူး။ ရှင်. . . ထွက်သွားပေးပါ"

"ဘန်ဘန်"

သူ ဖွတ်တရွတ်ပဲ ထပ်ခေါ်မိပြန်သည်။

စောစောက ဝမ်းသာ၍စို့ခဲ့သောမျက်ရည်က ပူနွေးစွာစီးကျလာ၏။

"ဘန်ဘန် မောင့်ကို မမှတ်မိတော့ဘူးပေါ့နော်"

ဆရာမလေးနေရာချပေး၍ ပက်လက်ကလေးဖြစ်သွားသည့် ခင်ဘဏ္ဍာက သူ့ကို စိတ်မကောင်းသည့်မျက်လုံးလေးများနှင့် ကြည့်

(ဖူးတပေ)



နေ၏။

"လူနာကို သိပ်အလုပ်မပေးချင်လို့ပါ၊ ရှင်ထွက်မသွားရင် ကျွန်မ ဆေးရုံအုပ်ကြီးနဲ့ တိုင်ရလိမ့်မယ်"

"သွားပါ့မယ် ဆရာမရယ်၊ ကျွန်တော် သူ့ဆီက စကားလေး တစ်ခွန်းပဲ ကြားသွားချင်လို့ပါ"

မဏိ ခင်ဘဏ္ဍာ့လက်ကလေးကို ဆုပ်ကိုင်လိုက်သည်။

"ဘန်ဘန် မောင့်ကို နည်းနည်းလေးမှ သတိမရဘူးလား ဟင်"

ခင်ဘဏ္ဍာက သူ့လက်ကို ဆတ်ခနဲပြန်ရုန်း၍ မျက်လုံးမှာ ဒေါသငွေ့တွေထင်လာသည်။

"ရှင့်ကို ကျွန်မမသိဘူး၊ ဘန်ဘန်ဆိုတာလည်း မသိဘူး၊ သွား. . . သွားကြ"

နှလုံးသားကို ဆုပ်ခွဲဖြတ်ယူကာ အဝေးကိုလွှင့်ပစ်လိုက်သလို ရင်ထဲမှာ ဘာဆိုဘာမှမရှိတော့။

အခန်း၏ အပြင်ထွက်လိုက်သည်နှင့် စောင့်ဆိုင်းနေသူတွေက အဆင်သင့်။

ဒေါ်စိန်မမသည် အနီးဖြူဖြူနှင့်ထုပ်ပတ်ထားသော နီတျာ ရဲရဲကလေးငယ်လေးကို ပွေ့လျက်။

"မင်း. . . တစ်ခုခုဆုံးဖြတ်တော့မယ်လို့ ငါထင်တယ်"

မဏိရဲ့မျက်လုံးတို့က ကလေးဆီမှာ တစိုက်မတ်မတ်။

(ဖူးတပေ)

"မင့်သားကို မင်းလိုချင်ရင် ငါတို့ကို ကတိတစ်ခုပေးရမယ်"

"ဘာလဲ၊ ဘာကတိလဲ၊ ဒါ ကျွန်တော့်သားပဲ၊ ကျွန်တော့်သား ကျွန်တော်ခေါ်တာ ဘယ်သူ့ကိုမှ ကတိပေးဖို့မလိုပါဘူး"

မဏိက ကလေးကို ဖွတ်ခေါ်ဖို့ကြိုးစား၏။

ငြိမ်းဟန်စိုးက ဒေါ်စိန်မမနဲ့မဏိကြားမှာ ဝင်ရပ်ကာ. . .

"အခြေအနေကို မင်းထည့်တွက်ပါမဏိစည်၊ လောလော ဆယ် သွေးနုသားနုနဲ့ ကလေးအမေဆီကနေ ဘယ်လိုလူမျိုးမှ ခေါ်လို့ မရဘူး၊ ကိုယ်တိုင်ကြည့်ဖြူတာမျိုးဆို တစ်မျိုးပေါ့"

"ဒီမှာ သမီးပြန်ကောင်းလာရင်ဆိုတဲ့ မျှော်လင့်ချက်လည်း မင်းမထားပါနဲ့၊ မင်းနဲ့ ဘယ်လောက်ထိသဘောမတူသလဲဆိုရင် ငါ့သမီး ရဲ့ဘဝကို အညွန့်တုံးခံပြီး ဒီရောဂါကို ဒီအတိုင်းထားမယ်၊ ပြန်ကောင်း လာဖို့ ငါဘယ်တော့မှမကြိုးစားဘူး၊ မင်း ဒီကလေးကိုလိုချင်ရင် ငါ့သမီး ကို လုံးဝမဆက်သွယ်ပါဘူး၊ ခုရောနောက်ရော လုံးဝမပတ်သက်ပါဘူး ဆိုတဲ့ ဂတိပေးရမယ်"

"ဘာဗျ"

မဟုတ်လျှင် မှန်းတတ်သည့်မဏိ ဆတ်ဆတ်ခါသွားသည်။

"ဘာလဲ၊ ငါ့သမီးကိုမရတော့ရင် သူဌေးမဖြစ်တော့မှာစိုး သလား၊ ငါပြောတဲ့ကတိကိုပေးနိုင်ရင် ဒီကလေးနဲ့ငွေငါးသိန်းပါ ပေး မယ်"

မဏိ မြွေပေါက်လိုပါးပျဉ်းထောင်ကာ တရှူးရှူးတရှဲရှဲ ဖြစ်





လာ၏။

ကိုယ်ကချစ်တာတောင် သူဌေးသမီးမို့ချစ်တာပါလို့ စွပ်စွဲခံရမယ့် အဖြစ်။

ဒါမျိုးတော့ ရာဇဝင်အတွင်မခံနိုင်ပါ။

"စိတ်ချ၊ ဘန်ဘန့်ကို ကျွန်တော် လုံးဝ မေ့ပစ်လိုက်မယ်"

ကလေးကို ပြောင်းယူချိကာ မချိသောနှလုံးသားနှင့် ငုံ့ကြည့် မိလျှင် ခြောက်သွေ့သွားသောလည်ချောင်းတွေက နာကျင်လာ၏။

ဒီလိုလူမျိုးတွေရှေ့မှာ မျက်ရည်မကျအောင် ထိန်းချုပ်နိုင်ရ မည်။

ငွေကို လာပို့ခိုင်းလိုက်မယ်၊ မင်း ဂတိသာတည်ပါစေ"

မဏိက နှုတ်ခမ်းကိုမဲ့ပစ်လိုက်သည်။

"အဲဒီငွေကို ခင်ဗျားတို့သာရေးနာရေး တစ်ခုခုအတွက် ထည့် သုံးလိုက်ပါ၊ ကျွန်တော့်အတွက် မလိုပါဘူး"

"ဘာ"

မဏိ အားလုံးကို ကျောခိုင်းခဲ့သည်။

ခုတော့ သမုဒယဝဲဂယက်မှာ သားလေးနဲ့ သူနှစ်ယောက် တည်း။

✦ ✦ ✦

## အခန်း (၄၃)

"မေးကြည့်ပါခရေ" တဲ့၊ ဆိုလိုက်ပါကိုစည်ရယ်၊ တောင့်တတဲ့ သီချင်းဆိုတာ ဆိုပေးမှ ပရိသတ်ကကျေနပ်မှာပေါ့၊ ပြီးတော့ ကိုစည့် အသံက ကိုနိုင်နဲ့ဆင်တယ်၊ အဲဒီသီချင်းနဲ့ တော်တော်လိုက်မှာ"

"ကျွန်တော် သူများသီချင်းတွေ မဆိုချင်ဘူးဗျာ"

"မဆိုလို့မရဘူး. . . မဏိစည်"

ဟိုတယ်ပိုင်ရှင်ကပါ ဝင်ပါလာသည်။

"မင်းက မာနကြီးလွန်းတယ်၊ ဒါပေမဲ့ ပရိသတ်ကလည်း ခွင့်လွှတ်နေတယ်၊ တောင်းဆိုသမျှဆိုမပေးဘဲ တောင်းဆိုကြတာ မရပ်ဘူး၊ မင်းဘက်က ဇော်ကားသလိုဖြစ်သွားရင် မကောင်းဘူး"

"ကိုစည်ကလည်း ဆိုလိုက်ပါ"

မဏိ ခေါင်းညိတ်လိုက်သည်နှင့် မကြာခင် စတေ့ချ်ဆီမှ ကြေညာသံထွက်လာသည်။





စင်ပေါ်တက်လာခဲ့တဲ့အထိ စိတ်ကမကြည်။

ဒီသီချင်းကိုမှဆိုဖို့ အကြောင်းဖန်လာတာကို စိတ်ကမကျေနပ်။

"မေးကြည့်ပါ ခရေ" ဟာ သူ့ဘဝရဲ့အစိတ်အပိုင်းတစ်ခုကို လှုပ်ခါနိုင်စွမ်းတဲ့ သီချင်း။

စတေ့ချ်တစ်ခုလုံး ရောင်စုံမီးများပြေးလွှားကာ တေးသံရှင်ကို စောင့်မျှော်နေသည့်တေးသွားတို့ကြောင့် လူတွေအားလုံး၏အာရုံက စတေ့ချ်ဆီမှာ စူးစိုက်နေကြ၏။

ချောင်ကျကျစားပွဲမှာ မျက်မှန်ကိုချွတ်၍ အကြည့်က စတေ့ချ်ဆီရောက်မိသွားလျှင် ဂစ်တာကိုလက်ကဆွဲပြီး တက်လာသည့်လူတစ်ယောက်ကြောင့် . . .

ခင်ဘဏ္ဍာ မျက်လုံးလေးပြူးသွားသည်။

"မောင်"

ကိုယ့်ကိုယ်ကို သတိမထားမိလိုက်မီ နှုတ်ဖျားမှ လွှတ်ခနဲထွက်သွားသည်။

ဒီလောက်ထိ တိုက်ဆိုင်ရသတဲ့လား။

မဏိသည် သူရန်ခုန်တိမ်းမှူးခဲ့စဉ်ကလို ချောမောသပ်ယပ်နေဆဲ။

အနက်ပြောက်သေးသေးလေးတွေပါသော ပန်းနုရောင်ရှပ်လက်တိုပွပွကို ဘောင်းဘီအနက်နှင့်တွဲဝတ်ကာ ရှည်သယောင်ဖြစ်နေသည့် ဆံပင်ခပ်အုပ်အုပ်ကို အလယ်ခွဲ၍ ဘေးဘက်တွေမှာ လှန်သိမ်းထား၏။

ရောင်စုံမီးအောက်မှာ ငေးကြည့်နေချင်လောက်အောင် ဆွဲဆောင်မှုရှိနေဆဲ။

စထားနှင့်သောတေးသွားအဆုံးမှာ မိုက်နားကိုသူရောက်၍ သီချင်းကိုစဆိုသည်။

*မုန်း×××မုန်း×××မုန်းခဲ့ပြီပေါ့×××အချစ်ရယ်နော်×××*
*ဆုံး×××ဆုံး×××ဆုံးခဲ့ပြီပေါ့×××အချစ်တွေနော်×××*

*အစကတော့ မင်းရဲ့အချစ်တွေ×××ခရေပန်းလေးပမာပင်××× ခြောက်သွေ့လို့×××နွမ်းလျော့သွားပစေ×××ရနံ့လေးမပျက်ပါပေ×××မောင်မောင့်ကိုညာခဲ့ပြီကော×××ပန်းခရေလိုချစ်ချင်းများနဲ့×××အချစ်ကြီးချစ်သူရေ×××ချစ်×××*

*ဝေးရပြီနော်×××ဆွေးရသူရင်မှာ မချိတယ်×××ပန်းခရေလေး×××မျက်နှာငယ်×××*

*သီကုံးကာ×××ပန်ဆင်လည်း×××မဖြစ်တော့ပါနော်×××*
*မုန်း×××မုန်း×××မုန်းခဲ့ပြီပေါ့×××အချစ်ရယ်နော်×××*
*ဆုံး×××ဆုံး×××ဆုံးခဲ့ပြီပေါ့×××အချစ်တွေနော်×××*

သီချင်းဆိုရင်း စားပွဲတစ်လုံးဆီ အကြည့်ရောက်သွားမိသည်။ ခင်ဘဏ္ဍာ. . .။

စားသောက်ခန်းမတစ်ခုလုံး တိတ်ကျနေလျက် သူ့သီချင်းဆီ





အာရုံတွေစူးနစ်နေဆဲ၊ ပန်းကုံးစွပ်တဲ့ကောင်မလေးတွေ ထလာကြသည်။

တစ်ယောက်စ၍ တစ်ယောက်ပြီးတစ်ယောက် ထလာကြတာ နောက်ဆုံးတစ်ယောက်က မိုက်ကိုင်ထားသည့် မဏိလက်မှာ လက်ပတ်နာရီတစ်လုံး ဝတ်ပေး၏။

ဘာတွေပြောသည်မသိ၊ မဏိက ခေါင်းညိတ်၍ပြုံးပြသည်။

ပြီးတော့ မဏိအကြည့်တွေ သူ့ဆီပြန်ရောက်လာ၏။ ခင်ဘဏ္ဍာဖျတ်ခနဲမျက်နှာလွှဲ၍ ရောက်လာသည့်မုန့်ကို ငုံ့စားနေလိုက်သည်။

*အခုကျတော့×××မင်းရဲ့အချစ်တွေ ခရေပန်းလေးပမာပေ××× မင်းမုန်းလို့ မေ့လျော့သွားပစေ×××အချစ်လည်းမပျက်ပါပေ×××ပန်းခရေကိုသိခဲ့ပါသော×××မောင့်လက်ကလေး အပြစ်ပေးရင်းနဲ့×××ချစ်တေးလေးတွေသီ×××ချစ်တေးသီချင်းတို့ကို×××ချစ်တေးလေးတွေငို×××မင်းသိပါစေ×××*

*စကားတတ်တဲ့×××ခရေပွင့်လေးတွေဆို×××မေးရင်လည်း ပြောမှာနော်×××*

*မောင့်အချစ်တွေ သူပဲသိတယ်×××မေးကြည့်ပါနော်×××*
*မုန်း×××မုန်း×××မုန်းခဲ့ပြီပေါ့ အချစ်ရယ်နော်×××*
*ဆုံး×××ဆုံး×××ဆုံးခဲ့ပြီပေါ့×××အချစ်တွေနော်×××*

သီချင်းကိုအဆုံးသတ်ရင်း ခင်ဘဏ္ဍာထထွက်သွားတာကို မျက်

လုံးတို့က စူးစိုက်ကပ်ငြိလျက်ပါသွား၏။

လက်ခုပ်သံတွေ ဆူညံသွားသည်။

မဏိ အခန်းထဲပြန်ရောက်တော့ လဲ့လဲ့တို့ကပါ လက်ခုပ်တီး၍ ကြိုနေ၏။

"ကိုစည်က ကိုယ့်သီချင်းတွေကိုပဲ ဆိုဆိုနေတော့ သိပ်မပေါ်လွင်ဘူး၊ ခုလို အထူးအဆန်းလေးကြားရတော့မှ တကယ်စွဲတာသိလား၊ အရမ်းကောင်းတာပဲ၊ ခံစားချက်နဲ့ ထိထိမိမိငြိအောင် ဆိုထားသလိုပဲ"

"အား. . . နာရီက သောင်းကျော်တန်ပါလား၊ ဂွတ်ဒ်တယ်ကွာ"

"နောက်တစ်ပုဒ်ကျန်သေးတယ်၊ ဆိုပေးလိုက်ပါအုံး"

"ဟာ. . . တော်ပြီ"

မဏိ ဒီတစ်ခါလက်မခံဘဲ ပြန်ဖို့ဖွတ်လုပ်သည်။

"သွားရော"

"ဘဏ္ဍာလေးလား၊ ဗိုက်ဆာတယ်ဆိုလို့ နွဲ့မူ မုန့်သွားကျွေးနေတယ်"

"လာပါပြီ. . . ဒီမှာ"

ပြောနေဆဲ နွဲ့မူက မင်းဘဏ္ဍာကို လက်ဆွဲ၍ဝင်လာသည်။

"ပြန်ရအောင် သား"

အားလုံးကိုနှုတ်ဆက်၍ သားလက်ကိုဆွဲကာ ဘေးပေါက်ကနေ ထွက်လာခဲ့ကြသည်။

"ဖေကြီး. . . ဖေကြီး ဟိုမှာ မေမေ"





"ဟင်"

သူ့ခြေလှမ်းတွေတုံ့သွားကာ ကားပါကင်နေရာကို လှမ်းကြည့်လိုက်မိသည်။

မဲနက်နေသောကားလေးတစ်စီးက သူ့တို့ရှိရာ တိုးလိုမ့်ရွေ့လျားလာလျက်။

မဏိ မျက်မှောင်ကုတ်သွားသည်။

သားက ဘာကိုမြင်၍ မေမေဟုပြောပါသနည်း။

ကားက အနားမှာပဲရပ်သွားသည်။

တံခါးတစ်ချက်ပွင့်၍ ဖွေးနုသောခြေထောက်လှလှလေး တစ်ဖက်ချလာလျက် ဝဲခနဲဝိုက်ကျလာသည့် ဆံပင်ရှည်များနဲ့အတူ ခါးမတ်မတ်ရပ်သည့် ခင်ဘဏ္ဍာ့မျက်နှာက တင်းနေသည်။

"မဏိ. . . ရှင့်ကို ကျွန်မ ပြောစရာရှိတယ်"

အဖြူရောင် ဇာကျဲဝမ်းဆက်နှင့် ပန်းနုရောင်အပါးသား အပေါ်အင်္ကျီကိုထပ်ဝတ်ထားသည့် ခင်ဘဏ္ဍာ့မျက်နှာလေးက ဖွေးညက်လှပနေသည်။

သူမမျက်လုံးတို့က မင်းဘဏ္ဍာဆီ စူးရောက်နေကတည်းက ဘာလဲဆိုတာ မဏိကတွေးပြီးသား။

သားလက်ကိုဆွဲကာ ဆိုင်ကယ်ဆီဆက်လျှောက်၍ ဒေါက်ဖြုတ်ဖို့ပြင်သည်။

"မဏိ. . . ရှင့်ကို ကျွန်မပြောနေတာ ကြားလား"

“မင်းနဲ့ငါ ဘာမှပြောဖို့မရှိဘူး။ နာရီနဲ့အမျှ ရုန်းကန်နေရတဲ့ ငါ့ဘဝမှာ အပိုစကားပြောဖို့ အချိန်လည်းမပေးနိုင်ဘူး၊ လာသွား”

“နေဦး”

မင်းဘဏ္ဍာ့လက်ကို ခင်ဘဏ္ဍာကလှမ်းဆွဲသည်။

“မင်း. . . ဘာလုပ်တာလဲ ဘန်ဘန်”

ဘန်ဘန်ဟု ရုတ်တရက်ခေါ်လိုက်မိလျှင် တစ်ယောက်ကို တစ်ယောက် ဖျတ်ခနဲငေးကြည့်မိကြ၏။

မဏိ အံကြိတ်၍ မျက်နှာလွှဲသည်။

“ကျွန်မသားကို ကျွန်မလိုချင်တယ် မဏိ၊ ရှင် ကျွန်မကို တစ်လှည့်ပေးသင့်ပါပြီ”

“ဘာကွ”

မဏိက ကလေးကိုဆတ်ခနဲဆွဲ၍ နောက်ပို့လိုက်သည်။

“မင်းပါးစပ်မှ်ပြောရက်တယ် ခင်ဘဏ္ဍာ၊ သားနဲ့မင်းက ဘာဆိုင်တော့လို့လဲ၊ မင်းမွေးခဲ့ပြီးတဲ့ ဟောဒီကလေးဟာ ငါ့လက်ထဲသာ မရောက်ခဲ့ဘူးဆိုရင် ငွေဂုဏ်မောက်နေတဲ့ မင်းမအေဟာ သေခြင်းရှင် ခြင်းတစ်မျိုးမျိုးနဲ့ အစဖျောက်ပစ်ပြီးနေပြီ၊ ကံကောင်းလို့ လောကမှာ ရှိနေသေးရင်တောင် အမှိုက်ကောက်တဲ့လူ လက်ထဲဖြစ်ဖြစ်၊ သူတောင်းစားလက်ထဲဖြစ်ဖြစ် ရောက်နေပြီ”

“ရှင်. . . ဒီလိုမပြောနဲ့၊ ရှင်သာ မိုးလောက်ပြင်းတဲ့မာနတွေထားပြီး သားနဲ့ကျွန်မကို ဝေးသထက်ဝေးအောင် ရှင်ပုန်းခဲ့တာ၊ လူမမြင်





နိုင်အောင်ထားခဲ့တာ”

“အေး. . . အဲဒါ မင်းကောင်းစားဖို့ပဲလေ၊ ရုပ်ရှင်မင်းသမီး မှိုးမြင့်ကောင်းကင်ဟာ အပျိုပဲ၊ ငါဒီလိုနေတာ မင်းဝမ်းမသာဘူးလား၊ ဒီမှာ ခင်ဘဏ္ဍာ မင်း ငါ့အကြောင်းကိုသိပါတယ်၊ မဏိဆိုတဲ့ကောင်က ချစ်မိရင်လည်း အသည်းစွဲပဲ၊ ဟင့်အင်းဆိုရင်လည်း ကောက်ရိုးပုံစောင့်တဲ့ခွေးလို မိန်းမတစ်ယောက်ရဲ့ ခြေဖဝါးနားမှာ ဘယ်တော့မှ လေးဘက်ထောက်မနေဘူး၊ ဝါသနာမပါဘူး”

“ဘယ်ပါမလဲ၊ ရှင့်မှာ လိုချင်တာရနေတာပဲ၊ မိန်းမတစ်ယောက်ကို ဘယ်လိုရအောင်ယူရမလဲဆိုတဲ့ နည်းမျိုးစုံ ရှင့်မှာရှိတယ်လေ၊ ဒါ မဆန်းပါဘူး”

“ဟုတ်တယ်၊ အဲဒီလိုတတ်တာတောင် သိုးကိုက်ခံလိုက်ရသေးတယ်၊ ငါက သိုးကိုက်ခံလိုက်ရတဲ့ မုဆိုး”

“ဒါဆိုရင် ကျွန်မက ပျားတုပ်တဲ့ပန်းပေါ့၊ ဝတ်ရည်လည်း စုပ်ခံရတယ်၊ ပျားတုပ်လည်းခံရတယ်၊ လူတွေက ကိုယ်ခံရတာကျတော့တယ်သိတာပဲနော်”

“တော်ပြီ ခင်ဘဏ္ဍာ၊ မင်းနဲ့ငါ့အကြောင်းပြောဖို့ ငါစိတ်မဝင်စားဘူး၊ သားက မင်းနဲ့ ဘာမှမဆိုင်ဘူးဆိုတာကိုမှတ်သားပြီး မင်းပြန်တော့”

“မဏိ”

ခင်ဘဏ္ဍာ မဏိရဲ့ရင့်သီးစိမ်းပျက်သော စကားတွေကို မခံ

စားနိုင်လည်းဖြစ်၊ ကလေးကိုလည်း လက်လွှတ်မခံနိုင်ကာ မဏိလက်ထဲ ကကလေးကို အတင်းဆွဲထားလိုက်မိသည်။

မဏိက လွယ်ထားသည့်ဂစ်တာကို ဖြုတ်၍ ဆိုင်ကယ်ပေါ် တင်လိုက်သည်။

"ဒီမှာ ခင်ဘဏ္ဍာ၊ ဒီကလေးကိုရဖို့ မင်းအမေကို ငါ ဘယ်လို ကတိပေးခဲ့ရသလဲ၊ မင်းသိလား"

"အို. . . မသိဘူး၊ ဘာပြောပြော ကျွန်မပြောတာမဟုတ်ဘူး၊ ဒါ ကျွန်မမွေးခဲ့တဲ့သား"

"ဘယ်ဖြစ်မလဲ၊ ငါက ငါ့ကတိတည်အောင် နေခဲ့တယ်၊ မင်းတို့ စွန့်ပစ်ပြီးသားကစားစရာကို သူများမြတ်နိုးနေမှာ"

"ဘာ. . . ဒါကစားစရာလား၊ အစားထိုးလို့ရတဲ့ အရုပ်တစ်ရုပ်လား၊ ရှင် ဘယ်လိုပြောလိုက်တာလည်း မဏိ"

မဏိက ခင်ဘဏ္ဍာ့လက်ကို ဖြုတ်ချပစ်၍မဲ့သည်။

"ခုတော့ တန်ဖိုးရှိမှန်းသိသွားပြီပေါ့၊ အေး. . . ဒါပေမဲ့ ဝမ်းနည်းပါတယ် ခင်ဘဏ္ဍာ၊ မင်းသိတာ နောက်ကျသွားပြီ"

သူတို့ဆီသို့ ဆိုင်ထဲကလူတွေ တစ်ဦးစနှစ်ဦးစ လှမ်းကြည့်ကာ စပ်စုလာကြသည်။

"မေမေ"

"သား"

အမေကိုကြောက်၍ မှိုသိပ်ထားသမျှ အမေငိုနေတာမြင်တော့





မင်းဘဏ္ဍာ အရဲစွန့်ခေါ်လိုက်မိသည်။

သားရဲ့အသံကြားတော့ ခင်ဘဏ္ဍာ ပို၍သွေးကြွသွား၏။

"သားကို ကျွန်မခေါ်ထားပါရစေ၊ သားကိုထားခဲ့ပါ"

"ဟာ. . . ဟော့"

မဏိကဆွဲ သူကဆွဲနှင့် ကလေးကိုညှာနေကြ၍ ဘယ်ဘက်က မှမသာ၊ ခင်ဘဏ္ဍာ မျက်ရည်ပေါက်တွေကျလာသည်။

"ကလေးကို ရှင်ခေါ်သွားတဲ့အချိန်တုန်းက ကျွန်မမှာ ပကတိ အသိစိတ် မရှိခဲ့ဘူးဆိုတာ ရှင်သိရက်နဲ့၊ သားနဲ့ကျွန်မကိုခွဲထားတာ ရှင် ကျွန်မကို မျှော်လင့်နေလို့မဟုတ်လား"

မဏိ မျက်နှာနီရဲသွားသည်။

* "သူကြံခဲ့သမျှ ဘာမှမအောင်မြင်ခဲ့လို့ ကလေးနဲ့ အကျပ်ကိုင် ရအောင် လုပ်ကြံတာလားဟင်"

"ခင်ဘဏ္ဍာ"

မဏိ ခင်ဘဏ္ဍာ့ပခုံးနှစ်ဖက်ကို ရှေ့တည့်တည့်သို့ ဆွဲယူသည်။ မျက်နှာကို စူးစူးရဲရဲစိုက်ကြည့်၍ လက်ပြန်ရိုက်ပစ်လိုက်၏။

"မေမေ"

ခင်ဘဏ္ဍာ ပုံခနဲလဲကျသွားသည်။

မင်းဘဏ္ဍာ အမေ့ဆီပြေးသွားကာ ဖေ့ဖက်ထားလိုက်လေသည်။

"မေမေ့ကိုမရိုက်ပါနဲ့ ဖေကြီးရယ်၊ မေမေ့ကို သနားပါတယ်၊ မရိုက်ပါနဲ့ ဟီးဟီး"

မင်းဘဏ္ဍာတအားငိုကာ အဖေကို လှည့်တောင်းပန်သည်။

"မှတ်ထားခင်ဘဏ္ဍာ၊ ငါ့အသည်းက ကျီစားတာမကြိုက်ဘူး၊ သား လာ. . . သွားမယ်"

"ဖေကြီး"

မင်းဘဏ္ဍာက ထမလာဘဲ အမေကို ပို၍တင်းနေအောင် ဖက်ထားသဖြင့် မဏိ မျက်မှောင်ကုတ်သွား၏။

"သား. . . ဖေကြီးခေါ်နေတယ်၊ လာလေ"

ခင်ဘဏ္ဍာ ဆတ်ခနဲမော့လာကာ သားကို ရင်ခွင်ထဲမှာ ပွေ့ဖက်ထားလိုက်သည်။

"မလိုက်နဲ့သား၊ သား သူနဲ့မလိုက်နဲ့၊ မေမေနဲ့နေပါ သားရယ် . . . နော်"

ခင်ဘဏ္ဍာသည် နှုတ်ခမ်းထောင့်မှသွေးစကို မသုတ်အားဘဲ သားကိုသာ အတင်းဖက်၍ တောင်းပန်နေသည်။

မဏိ လက်သီးဆုပ်လိုက်မိသည်။

တစ်ချိန်တုန်းကလည်း သူဋ္ဌေးသားမက် ဖြစ်ချင်တာလား ဆိုသည့် စကားတစ်ခွန်းကြောင့် သူ့ဘဝပျက်ခဲ့ရသည်။

ခုလည်း ကလေးကိုဖွတ်ခေါ်လျှင် ခင်ဘဏ္ဍာ သူ့ကို စွပ်စွဲဦး မည်သာ။ တစ်သက်လုံး ချိုပိုးမွေးမြူခဲ့ရသည့်သားလေးကို သူ အသက်





လောက်ချစ်ပါသော်လည်း မာနက သူ့အချစ်ကိုလက်မခံနိုင်။

သားကိုယ်တိုင် အမေကို ငတ်မွတ်စွာဖက်တွယ်ထားသည့် လက်များကိုလည်း မဖြုတ်ချင်တော့ပါ။

မဏိ ကျောခိုင်းခဲ့ရပြန်ပြီ။

အရှုံးမပေးနိုင်ပါဘဲ ရှုံး၍ချည်းနေရသည့် သူ့အဖြစ်က. . .

✦ ✦ ✦

## အခန်း (၄၄)

''ကိုစည်. . . ဘယ်လိုလဲ ဖြေလိုက်လေဗျာ''

ဦးမားစံနဲ့ဆရာချစ်ကလည်း သူ့မျက်နှာကိုပဲကြည့်နေသည်။

''ကျွန်တော် မရိုက်ချင်ဘူးဆရာချစ်ရာ၊ ဝါသနာကိုမပါတာ၊ စိတ်တွေလည်း တအားညစ်နေတယ်''

''အဲဒီစိတ်ညစ်တာကို ကုစားနည်းပဲလေ မောင်မဏိရဲ့၊ စီဒီရိုက်တာ အမူအယာတွေလည်း သိပ်လုပ်ရမှာမဟုတ်ဘူး၊ ပြီးတော့ မင်းရိုက်ရမယ့်သီချင်းနှစ်ပုဒ်က မာနကြီးကြီး ကိုကိုနေရာကနေ့ မကြင်နာတဲ့ပုံစံနဲ့ ခပ်တည်တည်ခပ်စိမ်းစိမ်း နေပြရုံပဲ၊ ကျန်တာ မင်းသမီးက သရုပ်ဆောင်သွားမှာ''

မဏိ စိတ်ညစ်လောက်အောင် သူတို့က မရမကပြောနေတော့သည်။

(ဖျူးစာပေ)



''မင်းတကယ်လုံတယ်နော်၊ မင်းသမီးမိုးမြင့်ကောင်းကင်ဟာ ကလေးရဲ့အမေဆိုတာ ဘယ်သူမှကိုမသိကြဘူး၊ ခုတော့. . .''

စားပွဲပေါ်မှာရှိနေသည့် ဂျာနယ်ဆီ မဏိ ငုံ့ကြည့်လိုက်မိသည်။

ဟိုတစ်ညက စားသောက်ဆိုင်ရဲ့မှောင်ရိပ်မှာ သူတို့ဖြစ်ခဲ့ကြတဲ့ပုံရိပ်တွေ ဂျာနယ်လစ်တွေကို မျက်ခြေဖြတ်လို့မရနိုင်ပါ။

ခင်ဘလျှာ့ပန်းကို သူအုပ်ကိုင်၍ စိုက်ကြည့်နေတဲ့ပုံ။

မျက်နှာချင်းဆိုင် စကားပြောနေတဲ့ပုံ။

ကလေးနှင့်ပတ်သက်သော . . .

သူရိုက်နှက်ခဲ့သောပုံတွေ ရှိကောင်းရှိနိုင်ပေမယ့် ဒီပုံတွေ လောက်ပဲထွက်လာတာဟာ တော်သေးတာပင်။

ဒါ့ကြောင့် အောင်မြင်သောအနုပညာသမားတိုင်း ဂျာနယ်လစ်ကို ဂရုမစိုက်လို့မရ။

''မောင်ရင့်ကို ကျုပ်က ရုပ်ကိုတော့မျက်စိကျနေတာ ကြာပြီ၊ စကားစကြည့်တိုင်း မောင်ရင်က ခေါင်းမှမညိတ်ခဲ့ဘဲ''

''သူက လူထူးဆန်းဆရာရဲ့၊ ရုပ်ရှင်ဗီဒီယိုမင်းသားလုပ်မယ်ဆို အစောကြီးကတည်းက ဖြစ်ပြီ၊ ကျွန်တော် ဆွယ်နေတာကြာပြီဥစ္စာ၊ သူ့ကျမှ ငွေတော့လိုချင်ပြီး အောင်မြင်မှာစိုးသတဲ့ဗျ''

''ခုတော့ မဏိက အသံရော၊ ရုပ်ရော၊ သီချင်းရေးနိုင်တာရော အားလုံး ကွာလတီပြည့်ပဲ၊ ခုဆို မိုးမြင့်ကောင်းကင်နဲ့ပတ်သက်ပြီး မင်းကို တစ်နိုင်ငံလုံး စိတ်ဝင်စားကုန်ကြပြီ၊ ဒီအချိန်မှာ မင်း

(ဖျူးစာပေ)

စီဒီရိုက်ရင် သေချာပေါက်ပွင့်မှာ''

စီးပွားရေးသမားတွေက ငွေထုတ်ပိုက်လိုက်လာသည်။

အစကတော့ ရုပ်ကမဆိုးဘူး၊ အသံကမဆိုးဘူးနဲ့ စိတ်ဝင်စားတာလောက်ပဲရှိခဲ့ကြတာ။

ခုတော့ ထိုင်ရှိခိုးတော့မတတ် အတင်းဆွဲခေါ်တော့မလို။

''ဒါနဲ့ မင်းတို့အိမ်ထောင်ရေး ဘာဖြစ်ခဲ့ကြတာလဲဆိုတာတော့ မမေးရဲတော့ပါဘူး၊ ပြန်ပေါင်းဖို့ဗျာ၊ မကြိုးစားတော့ဘူးလားဆိုတာတော့ သိချင်တယ်''

''မကြိုးစားပါဘူး၊ သားကို သူရသွားပြီပဲ၊ ကျွန်တော် သားကို ချစ်ပေမယ့် သူ့အမေဆီမှာပဲဆိုတဲ့ အသိနဲ့ ဖြေလို့ရပါတယ်''

''မင်းတို့ကလည်းကွာ လွယ်လွယ်လေးနဲ့ ရှုပ်အောင်လုပ်နေကြတယ်၊ ဘယ်သူမှလည်း အိမ်ထောင်သစ်ထူခဲ့ကြတာမဟုတ်ဘဲနဲ့ တစ်ယောက်ကိုတစ်ယောက် မျှော်လင့်နေကြတာအရှင်းကြီး၊ မာနထားမနေပါနဲ့ကွာ၊ ကိုယ်က ကြိုးစားပေါ့''

မဏိ ဘာမှမပြောဘဲနေလိုက်ပါသည်။

သူတို့က ကိုယ့်ကို မာနကြီးတယ်ဟုထင်နေကြသည်။

ခင်ဘဏ္ဍာနှင့်ပတ်သက်၍ သူ့အပေါ် ပစ်ပေါက်ခံထားရတဲ့ စကားလုံးတွေ ချိုးဖဲ့ခံထားရတဲ့ ကိုယ်ကျင့်သိက္ခာတွေ။

ဘာဆိုဘာမှကို မကျန်တော့တာ ဘယ်သူမှမသိ။

''ကဲပါကွာ၊ ကျန်တာ ဘာမှမမေးတော့ပါဘူး၊ မင်းငြင်းခဲ့သမျှ





ဒီတစ်ခါ ခေါင်းညိတ်လိုက်စမ်းပါ၊ အားနာလို့ပဲဖြစ်ဖြစ်ကွာ၊ ငါထင်နေတယ်၊ မင်းသာ စီဒီထဲပါလိုက်ရင်တော့ ရုပ်ရှင်ဗီဒီယိုက တန်းလိုက်လာမှာပဲ၊ မင်းသေချာပေါက်အောင်မြင်မှာ''

''အဲဒီအောင်မြင်မှုတွေမှ ကျွန်တော်ကမလိုချင်တာ''

''မလိုချင်လည်း ငါ့ကိစ္စကိုတော့ လက်ခံကွာ၊ နောက်ပိုင်းက မင်းကိစ္စ ကြိုက်သလိုဆုံးဖြတ်ပေါ့''

ဆရာချစ်ကတော့ သူ့အပေါ် အစစအရာရာ ကျေးဇူးရှိထားသည်မို့ ဒီလောက်ထိပြောနေတော့ ငြင်းရခက်လာသည်။

ဘေးကနေ အားမလိုအားမရဖြစ်နေသူက စိန်လွင်။

မဏိသည် အပေါင်းအသင်းမိတ်ဆွေများအပေါ် အလွန်ကြင်နာ၍ လက်ဖွာသူမို့ မဏိစိုပြေနေလေ သူကျေနပ်လေ။

ဒီထဲကတစ်ခါ မိုးမြင့်ကောင်းကင်နဲ့ မဏိရဲ့ပတ်သက်မှုကို သိရကာ လွန်စွာ တက်ကြွနေတော့သည်။

''ကဲပါ ကိုစည်က စိတ်ထဲရှိတာ ဒေါက်ခနဲပြောတတ်တဲ့လူပါ၊ အခု သူငြိမ်နေတာကိုက လက်ခံစဉ်းစားနေတာ၊ ဆရာချစ် အိုကေပြီလို့မှတ်လိုက်''

သူ့ဟာသူ အဖြေပေးနေသည့် စိန်လွင့်စကားကြောင့် မဏိ ပြုံးလိုက်မိသည်။

''ဟော. . . ဟော ပြုံးနေပြီတွေ့လား၊ သေချာတယ် လက်ခံတယ်တဲ့''

စိန်လွင့်အဆုံးအဖြတ်နှင့် မဏိ လက်ခံပြီးသားဖြစ်သွားပါလေသည်။ တကယ်ဆို သူ့မှာ အချိန်ပိုမရှိစေချင်တာလည်း ပါသည်။

ဆိုင်ကယ်တစ်စီးနှင့် အိမ်မကပ်ဘဲ ထင်ရာလွင့်နေသည့်သူ့အဖြစ်က လမ်းတေလေလို။

ညအချိန်ကုန်မှ အိမ်ပြန်ပြီဆိုတာတောင် တံခါးနှစ်ချပ်ဖွင့်လိုက်တာနှင့် သားကိုသတိရကာ လက်တုန်ချင်သည်။

ခုဆို သီချင်းလည်း မရေးနိုင်။

ဘယ်ဆိုင်မှာမှလည်း သွားမဆိုဖြစ်တော့။

မဏိ လေလွင့်နေခဲ့တာကြာပြီ။

ဒီနေ့ သူခေါင်းညိတ်ခဲ့တာ မှားသည်မထင်ပါ။

✦ ✦ ✦



## အခန်း (၄၅)

ငြိမ်းဟန်စိုးက ဟန်လုပ်ပြုံးကြီးလို့ဖန်တီးပေမယ့် မဲ့မဲ့ကြီးဖြစ်နေတာလည်း သိသာနေပါ၏။

သူ မင်းဘဏ္ဍာရဲ့ခေါင်းလေးကို အသာပွတ်၍ . . .

"ဘယ်သဘောနဲ့မှ မဟုတ်ပါဘူးဘန်၊ ကိုကြီး လူကြမ်းမလုပ်ချင်တာပါ၊ ကလေးမျက်နှာကိုမြင်လိုက်တော့လည်း စိတ်မကောင်းဖြစ်သွားမိတယ်၊ မိသားစုလေးတစ်စုရဲ့ဘဝကို ကိုကြီးကြောင့် မပျက်စီးစေချင်ပါဘူး၊ နောက်ဆုတ်ဖို့ ကိုကြီးဆုံးဖြတ်တာ အများကြီးပေးဆပ်လိုက်ရတာပါ"

ငြိမ်းဟန်စိုး စကားတွေအများကြီးလည်း မပြောနိုင်ရှာပဲ နှုတ်ဆက်၍ပြန်သွားသည်။ ထာဝရနှုတ်ဆက်သွားခြင်းဆိုတာ အားလုံးသိကြသည်။

တကယ်တော့ စကားလုံးလှလှလေးတွေသုံးသွားပေမယ့် မဏိနွဲခင်ဘဏ္ဍာရဲ့ ဓါတ်ပုံနဲ့တကွသော သတင်းဂျာနယ်များကြောင့် သူ့သိက္ခာ သူ့အဆင့်အတန်းအတွက် အချစ်ကို စတေးသွားခြင်းပါတည်း။

ဘာပဲဖြစ်ဖြစ် ဒေါ်စိန်မမ မျက်နှာပျက်ကျန်ခဲ့ပေမယ့် ခင်ဘဏ္ဍာ ကြိတ်၍ဝမ်းသာနေမိသည်။

သူ့ဘဝအတွက် ချည်နှောင်ခံရခြင်း တစ်စပြုတ်ထွက်သွားခြင်းမဟုတ်လား။ သားလေးကိုဖက်၍ ပြုံးနေမိတာ ဟန်ဆောင်လို့မရ။

"မေမေ"

"ဟင်. . . သား"

"သားသား ဖေကြီးဆီပြန်ချင်တယ်"

"အို. . . သားကလဲ မေမေ့ဆီမှာနေတာ ဆယ်ရက်တောင်မပြည့်သေးဘူး၊ နောက်တော့ သွားတာပေါ့နော်၊ မေမေ မအားသေးဘူးလေ"

"ဟင်း. . . ကြည့်လုပ် မိတန့်၊ ဒါ အစပဲရှိသေးတယ်၊ ကလေးကိုပဲ ခေါ်မှာပါဆိုတဲ့ ညည်းဂတိနဲ့ညည်းနော်၊ ဖအေပါ ပါလာရင် ငါ့အဆိုးမဆိုနဲ့"

ဒေါ်စိန်မမက မင်းဘဏ္ဍာကို အေးစက်စက်ကြည့်၍ ဆတ်ခနဲထထွက်သွားသည်။

မင်းဘဏ္ဍာ စရောက်ကတည်းကလည်း စကားတစ်လုံးမှ မပြောခဲ့ပါ။ အဖက်မတန်သလို စေ့စေ့ပင် ကြည့်ခဲ့သည်မရှိ။





"သားသား ဘွားဘွားက စိတ်ဆိုးတတ်တယ်၊ ပြန်မပြောရဘူးနော်၊ မေမေ အိမ်မှာမရှိတဲ့အခါ ဘွားဘွားနားမကပ်နဲ့၊ လိမ်လိမ်မာမာနေ. . . သိလား"

တခါတလေ ကျောင်းကပြန်ရောက်လျှင် အိမ်မှာ မေမေမရှိပေ။

မင်းဘဏ္ဍာ ဖေကြီးကို နေ့စဉ်ရက်ဆက် သတိရနေပေမယ့် အောင့်အင်းနေခဲ့သည်။ ထိုအောင့်အင်းခြင်းသည် ဖေကြီးနဲ့မေကြီးပြန်တဲ့အောင် သူ တစ်ခုခုစွမ်းဆောင်ဖို့ဖြစ်သည်။

ခုတော့ သူ့စိတ်ကူးထဲမှာ ဒေါ်စိန်မမခေါ်သော ဘွားဘွားတိုးလာခဲ့ပြီး ဘွားဘွားသည် ဖေကြီးနဲ့မေမေ့ကို ကွဲကွာစေခဲ့သူဆိုတာ ပြောစကားများကို နားထောင်ပြီးပြီမို့ မင်းဘဏ္ဍာသိနေသည်။

ခုချိန်ထိ ဖေဖေ့အပေါ် ဒေါသစိတ်ရှိနေဆဲကိုလည်း မြင်နေရ၏။ ဒါကို သူ ဘယ်လိုလုပ်ရမလဲ။

✦ ✦ ✦

## အခန်း (၄၆)

"ဘယ်လိုလုပ်ရမှာလဲ ထားခဲ့ပေါ့၊ ရုပ်ရှင်သွားရိုက်တဲ့ဟာ ဒီကလေးကို ခေါ်စရာလား"

ခင်ဘဏ္ဍာ သားလက်ကလေးကို ဆွဲ၍ မျက်နှာငယ်နေဆဲ။

မင်းဘဏ္ဍာက မအေကိုင်ထားသည့်လက်ကို ဖြုတ်ချလိုက်သည်။

"သားသားနေခဲ့မယ် မေမေ၊ သားသား စာလည်းကျက်ရအုံးမှာ"

"ဟင်. . . ဟုတ်လား၊ ဒါဆို သားသားနေခဲ့နော်၊ မေမေပြန်လာရင် မုန့်တွေအများကြီး ဝယ်ခဲ့မယ်"

"ဟုတ်"

သားက သဘောတူနေခဲ့သည်မို့ သူ့မှာ စိတ်ချမ်းသာသွားရပေမယ့် ထားခဲ့ရတာ စိတ်ကမဖြောင့်ချင်။





မေမေသည် ငါ့သမီးက မွေးထားတာလေးပါလားဆိုသော အသိနဲ့တောင် သားကို မကြင်နာပေ။

အစကတည်းက စိတ်ဝင်တစား မရှိလှသည့်အလုပ်မို့ သားလေးနဲ့သာ ကြည်နူးစရာအချိန်တွေကို ဖန်တီးချင်သည့်စိတ်က အပြင်ထွက်လာလျှင် ဘာမှကိုစိတ်မပါတော့ပေ။

သားကို အမြဲတမ်း အနားမှာထား၍ သားပြောသမျှ တွတ်တီးတွတ်တာစကားလေးတွေကို သူနားထောင်နေချင်တော့သည်။

ခင်ဘဏ္ဍာထွက်သွားလျှင် မင်းဘဏ္ဍာက လွယ်အိတ်ကလေးယူလာကာ ဧည့်ခန်းမှာ စာထိုင်ဖတ်နေသည်။

"မပုံ"

"ရှင်. . . မမကြီး"

"ဟိုကလေး ထမင်းကျွေးပြီးပြီလား"

"ကျွေးတယ်မမကြီးရဲ့၊ မဆာသေးဘူးတဲ့"

သူတို့ပြောနေကြတုန်း မင်းဘဏ္ဍာဝင်လာသည်။

"ဘွားဘွားပုံ သားသား ထမင်းစားမယ်"

"ဩော်. . . အေး. . . အေး. . . ထိုင်သား၊ အဘွားပုံ ထည့်ပေးမယ်နော်"

မင်းဘဏ္ဍာက ဒေါ်စိန်မမနားမှထိုင်၍ ဒေါ်ပုံထည့်ပေးသမျှကို ဇွန်ခရင်းလေးကိုင်၍ စောင့်နေ၏။

"သားသား ပုဇွန်ထုပ်ကြိုက်လား"

"ကြိုက်တယ်"

"ကြက်သားရော"

"ကြိုက်တယ်"

မင်းဘဏ္ဍာစားနေပုံကို ဒေါ်စိန်မမက မကြာမကြာ ငဲ့ကြည့်သည်။ ကလေးပေမယ့် ဖွန်းခရင်းကိုင်၍ အသားဖဲ့တာ ထမင်းစားတာ သေသပ်ကျနစ၍ အသံတစ်ချက်မှ မထွက်။

"အဟွတ်. . . အဟွတ်"

ထမင်းစားရင်း တွေးနေမိသဖြင့် သီးသွားသည်။

ဒေါ်စိန်မမ ချောင်းတွေတဟွတ်ဟွတ် ဆိုးလေသည်။

"ဘွားဘွား. . . ဘွားဘွား ရေသောက်လိုက်နော်"

မင်းဘဏ္ဍာ ကုလားထိုင်ကနေ ကပျာကယာထလာကာ ဖန်ချိုင့်ထဲကရေကို ငှဲ့၍ ဒေါ်စိန်မမကိုပေးသည်။

"အဟွတ်. . . အဟွတ်"

ရေခွက်ကိုလှမ်းယူပြီး ဒေါ်စိန်မမ မသောက်နိုင်သေးဘဲ ချောင်းဆိုးနေပြန်သည်။

မင်းဘဏ္ဍာက နောက်ဖက်သွား၍ ကျောကုန်းကို လက်ကလေးနှစ်ဘက်နှင့် ထောက်ပေးသည်။

"ဘွားဘွား နည်းနည်းသက်သာသွားအောင် အောင့်ထားဘွားဘွားရဲ့၊ ဆက်ဆိုးရင် အကြာကြီးဆိုးနေလိမ့်မယ်"

စကားပြောတာလေးက ချစ်စရာ။

(ဖျူးတာပေ)



အစကတည်းက သမီးဖြစ်သူ တဆင့်တက်လာမှာစိုး၍ မနည်းမျက်နှာတင်းထားခဲ့ရတာ။

ကိုယ့်သမီးနဲ့ချွတ်စွတ်တူနေတဲ့ ဒီကလေးကို သူ ဘယ်လောက်ထိ ဥပေက္ခာထားနိုင်မှာတဲ့လဲ။

ပန်းခြံထဲသွားလည်း ဆင်းလိုက်လာ၍ ပန်းတွေခူးပေး၊ ခြင်းလေးကိုင်ပေးနှင့် ကိုယ်က ဥပေက္ခာထားတာကို ဂရုစိုက်ခြင်းမရှိ။

စာကြည့်ခန်းထဲမှာ စာဖတ်နေတာတောင် အငြိမ်မနေရဘဲ ဟိုစာလာမေး ဒီစာလာမေး။

ဒေါ်စိန်မမရဲ့ စကားတစ်ခွန်းကို မရမနေထွက်လာအောင်လုပ်တဲ့ကလေး။ ထမင်းစားလည်း ဒီလိုပဲ။

ဟင်းလေးတစ်တုံးကို ဖျတ်ခနဲဦးချသည်။

မျက်နှာထားနှင့်ကြည့်လဲ မသိသလို။

မပုံနဲ့သူ အကျီချုပ်နေတာတောင် အပ်ပေါက်လာထိုးပေးတတ်တဲ့ကလေး။

"ဘွားဘွား"

စာအုပ်ဖတ်ရင်း ဒေါ်စိန်မမ မကြားဟန်ပြုနေလိုက်သည်။

"ဘွားဘွား"

စာအုပ်ကလေးကိုင်၍ မျက်နှာရှေ့မှာ လာကပ်ခေါ်သည်။

"ဘာလဲ"

"သားအချစ် မြေးအနှစ်ဆိုတာ ဘာလဲဟင်"

(ဖျူးတာပေ)

ဒေါ်စိန်မမ မျက်နှာပျက်ပျက်နှင့် လှည့်ကြည့်သည်။

သူကိုင်လာသည့်စာအုပ်ကိုလည်း ပြူးပြဲကြည့်မိ၏။

"ဘာတွေလာမေးနေတာလဲ"

"ဒီပုံပြင်စာအုပ်ထဲမှာလေ မြေးရှစ်ယောက်နဲ့အဘိုးအိုက သူ့မြေးတွေကို သားထက်ပိုချစ်တယ်တဲ့၊ မြေးကို သားထက်ပိုချစ်တယ်ဆိုတာ တကယ်ဟုတ်လားဟင်"

တကယ့်ကို သိချင်လို့မေးတာလား။

ဒီကလေး လှူလည်ကျတာလား။

ဒေါ်စိန်မမ ဒုက္ခရောက်ရပြီ။

"ဘွားဘွား"

"ဘာလဲ"

"အဘိုးအဘွားက မြေးတွေကိုချစ်တာကို အနှစ်လို့ခေါ်တာလား"

"ဟုတ်တယ်"

ဖြေလိုက်ရပေမယ့် ဘာကို စိတ်မကောင်းဖြစ်သွားမိမှန်းမသိ။

မင်းဘဏ္ဍာက စာအုပ်ကိုပြန်ကြည့်၍ တိတ်ဆိတ်သွားသည်။

ဘာတွေ ထပ်မေးဦးမည်မသိ။

ရင်ခုန်အောင် ဒီကလေးလုပ်ပြန်ပြီ။

"ဘွားဘွား"

"ဘာလဲ. . . ဘာလဲ"





"အဘိုးအဘွားက မြေးတွေကိုချစ်တာအနှစ်ဆိုရင် မြေးက အဘိုးအဘွားကိုချစ်တာကျတော့ ဘယ်လိုခေါ်မလဲဟင်"

ဟုတ်ပြီ။

"ဟင်. . . ဘွားဘွား"

"ဟဲ့. . . ဘယ်သိမလဲ၊ သက်သက် တင်စားပြောကြတဲ့ဟာ"

"ချစ်တာကိုအနှစ်ဆိုရင် မချစ်တာကို အနှစ်မရှိဘူးလို့ ပြောလို့ရတာပေါ့နော်"

ဒေါ်စိန်မမ ဘာပြောရမှန်းမသိ။

"ဒါဆို သားသားမှာအနှစ်ရှိတယ်၊ ဘွားဘွားမှာ အနှစ်မရှိဘူး"

"ဘာ"

"ဟုတ်တယ်လေ၊ ဘွားဘွားကို သားသားကချစ်တယ်၊ ဘွားဘွားကမှ သားသားကိုမချစ်တာ"

ကြည့်စမ်း ခွေးကောင်လေး။

ဒေါ်စိန်မမ ပြုံးလိုက်မိတာ သွားတွေပေါ်တဲ့အထိ။

ကြာလျှင် စိန်မမကနေ ဖယောင်းမမဖြစ်ရချည့်ရဲ့။

## အခန်း (၄၇)

"ဟင်. . . ရှင်"

ခင်ဘဏ္ဍာ ကားအောက်ကို ချပြီးသားခြေတစ်ဖက်ကို ဆတ်ခနဲပြန်ရုတ်၍ ကားတံခါးပိတ်သည်။

တင်မောင်လွန်းက တံခါးကို ကပျာကယာလှမ်းဆွဲထားကာ. . .

"ကျွန်တော် ပြောစရာတွေရှိနေလို့ပါ၊ ခဏလေး အောက်ဆင်းပါ ခင်ဘဏ္ဍာရယ်၊ ကျွန်တော်. . ."

"မဆင်းဘူး၊ မဆင်းဘူး၊ ရှင်တို့နဲ့ကျွန်မ ဘာစကားမှ ပြောဖို့မရှိဘူး၊ ပြောလည်းမပြောချင်ဘူး၊ ခုရိုက်မယ့်ကွန်ဒိုမီနီယံအတွက် ကြော်ငြာဟာ ရှင့်လုပ်ငန်းမှန်းသိရင် ကျွန်မ အစကတည်းက လက်မခံဘူးသိလား၊ ခုလည်း လုံးဝလက်မခံဘူး၊ ယူထားတဲ့ငွေကို ကျွန်မ သုံးဆ ပြန်လျော်မယ်"





"ဒီလိုမလုပ်ပါနဲ့ဗျာ၊ ကျွန်တော် နှစ်ပေါင်းများစွာ ခံစားခဲ့ရတဲ့ဝေဒနာအတွက် ဒီအကြောင်းကိုမပြောရရင် နေမထိထိုင်မသာဖြစ်နေမှာပါ၊ ခဏလေးဆင်းပါနော်၊ ကျွန်တော်ပြောပြီးမှ ခင်ဗျား မကျေနပ်တာပါသွားရင် ကြိုက်သလိုလုပ်၊ ကြိုက်သလိုပြောပါ"

ခင်ဘဏ္ဍာ ကားထဲကဆင်း၍ တံခါးကို စောင့်ပိတ်လိုက်သည်။

ကြော်ငြာရိုက်မယ့်အဖွဲ့တွေကို တိုက်ထဲမှာညှော်ခံထား၍ တင်မောင်လွန်းက ခင်ဘဏ္ဍာ့ကို ခြံထဲစားပွဲပုလေးမှာ အေးဆေးထိုင်ခိုင်းသည်။

"တစ်ခုခု သောက်မလားဟင်"

"ဘာမှမသောက်ချင်ဘူး၊ ရှင်ပြောစရာရှိတာ မြန်မြန်ပြော"

"ကျွန်တော်ပြောတာကို ခင်ဘဏ္ဍာ သေသေချာချာနားထောင်ပါနော်၊ မဏိရယ်၊ ခင်ဗျားရယ်၊ ကျွန်တော်ရယ် ပြဿနာဖြစ်ခဲ့ပြီးတဲ့နောက်ပိုင်းမှာ ကျွန်တော် စင်္ကာပူရောက်သွားခဲ့တာ၊ အခု ပြန်ရောက်တာမကြာသေးဘူး၊ ရောက်တယ်ဆို ခင်ဗျား မင်းသမီးဖြစ်နေတာရော မဏိတို့သားအဖ ဒုက္ခရောက်ရတာရော ပြန်မပေါင်းဖြစ်ကြဘဲ ဒီအချိန်ထိကွဲနေကြတာကိုပါ သိလိုက်ရတယ်၊ ကျွန်တော် တော်တော်ခံစားရတယ်ဗျာ၊ မဏိကို ကျွန်တော်သွားတွေ့သေးတယ်၊ သူ လုံးဝ စကားပြောမခံဘူး၊ ကျွန်တော့်ရဲ့ အကူအညီကိုလည်း ဘာမှမယူဘူး"

"ရှင် လိုရင်းကို ပြောသင့်ပြီထင်တယ်"

တင်မောင်လွန်းက ခင်ဘဏ္ဍာ့ကို တောင်းပန်သလို အားနာ

သည့်အကြည့်မျိုးနှင့် ကြည့်လိုက်သည်။

"ကျွန်တော် အမှန်အတိုင်းဝန်ခံမှာမို့ မပြောအပ်တဲ့စကား ရှိုင်းတဲ့စကားပါသွားရင် ခွင့်လွှတ်ပါလို့ ကြိုတောင်းပန်ပါရစေ"

ခင်ဘဏ္ဍာက ဘာမှမပြောဘဲ စိုက်ကြည့်နေသည်။

"ခင်ဘဏ္ဍာ့ မဏိကိုမပေါင်းတာ ဖြစ်ခဲ့ကြတဲ့ကိစ္စကြောင့် ပဲ မဟုတ်လားဟင်"

မဖြေဘဲ အံကြိတ်၍ မျက်နှာလွှဲလိုက်သည်ကို တင်မောင်လွှန်း သဘောပေါက်သွား၏။

"ဒါဆို ကျွန်တော် အဲ့ဒီကိစ္စကို ရှင်းပြပါရစေ၊ တကယ်တော့ မဏိက လူမှန်စိတ်တိုသမားပါ၊ ဒီကိစ္စမှာ သူမှားခဲ့တာမဟုတ်တဲ့အတွက် ဘယ်သူ့ကိုမှလိုက်ပြီး ရှင်းပြဝန်ချမှာမဟုတ်ဘူးဆိုတာ ကျွန်တော်သိ တယ်၊ ဒါကြောင့် ခုလို ကြော်ငြာကိုအကြောင်းပြုပြီး ခင်ဘဏ္ဍာနဲ့ ကျွန်တော် တွေ့နိုင်ဖို့ကြိုးစားခဲ့တာပါ"

သူမှားခဲ့တာမဟုတ်ဘူးဆိုသည့် စကားကို မကျေနပ်၍ ခင်ဘဏ္ဍာ့မျက်နှာက တင်းနေသည်။

"ဒီလိုပါ၊ ကျွန်တော်တို့သူငယ်ချင်းသုံးယောက် ခင်ဘဏ္ဍာ နဲ့ပတ်သက်ပြီး မခံချင်အောင်ပြောမိကြရာကနေ အလောင်းအစား လုပ်မိကြတာ မှန်ပါတယ်"

"အဲဒီကိစ္စကို ကျွန်မ လုံးဝမကြားချင်ဘူး ကိုတင်မောင်လွှန်း၊ ဒါပဲပြောမှာဆို ကျွန်မပြန်မယ်"





"ဟာ. . . ခဏလေးပါ၊ ဒါမဟုတ်ပါဘူး၊ ကျွန်တော်ပြောချင် တာက ခင်ဘဏ္ဍာ့အိမ်ကို ကျွန်တော် ငွေတစ်သိန်းပိုက်ပြီး လာခဲ့တဲ့ ကိစ္စဟာ တကယ်တော့ ကျွန်တော့်ရဲ့ မနာလိုစိတ်ကြောင့် တမင်ဖန်တီး ခဲ့တဲ့ အဖြစ်ပါဗျာ"

ခင်ဘဏ္ဍာ နားမလည်သလို စိုက်ကြည့်နေသည်။

တင်မောင်လွှန်းက ဖြစ်ခဲ့သမျှတွေကို မျက်လွှာချ၍ ရှင်းပြ သည်။ သူပြုခဲ့တဲ့အမှားက ရှက်စရာကောင်းလှသည် မဟုတ်ပါလား။

"ကျွန်တော် လူပေါင်းစုံနဲ့ ပေါင်းသင်းဆက်ဆံပြီး လူမှုရေး နယ်ပယ်မှာ ဝင်ဆံ့လာရလေ ဒီလို အောက်တန်းကျကျ လုပ်ခဲ့မိတဲ့ အလုပ်အတွက် ကျွန်တော် ရှက်ရွံ့ဝမ်းနည်းရလေပါပဲ၊ မဏိက ခင်ဗျား ကို မြတ်မြတ်နိုးနိုးချစ်ရှာတာပါ၊ အဲဒီတစ်သိန်းကိစ္စ ကျွန်တော် အစ ဖော်ချင်တာနဲ့ သူ့ကို သိမ်းသွင်းခဲ့တာပါ၊ တကယ်တော့ ခင်ဗျားကို သူ စကြိုးစားကတည်းက တကယ်ချစ်ခဲ့တာပါ"

ခင်ဘဏ္ဍာ မျက်နှာတင်းနေပေမယ့် မျက်ဝန်းတို့သည် ရီဝေ လျက် ပါးမို့လေးတွေနီလာသည်။

"ခင်ဘဏ္ဍာ ကျွန်တော့်ကိုခွင့်မလွှတ်ဘူးဆိုရင် ကြိုက်တဲ့ အပြစ်ပေးပါ။ ကျွန်တော်ဟာ မိသားစုတစ်စုကို ပြိုကွဲအောင်ဖန်တီး မိတဲ့ လူမိုက်ပါ"

ဒီမှာ ကြွေကျမြောခဲ့ရတဲ့ အသည်းတွေကို ကြိုက်တဲ့အပြစ် ပေးပါဆိုတဲ့ စကားတစ်စုနဲ့ အကောင်းတိုင်း ပြန်ရနိုင်မှာတဲ့လား။

"သူ ကျွန်တော့်ဆီ ညဘက်ပြန်လာပြီး စိတ်ရှိလက်ရှိ ထိုးကြိတ်သွားတယ်၊ ကျွန်တော် ညဝက်လောက်ထိ သတိမရခဲ့ဘူး၊ အဲဒီမှာ သူ့ကို မေမေတို့က အချုပ်ထဲသွင်းလိုက်ကြတယ်လေ၊ နောက်နေ့ မနက် ဆယ်နာရီဆယ့်တစ်နာရီလောက်ကျမှ ကျွန်တော်ကိုယ်တိုင် အမှုကိုရုတ်သိမ်းပြီး သူ့ကို လွှတ်ပေးခဲ့တာပါ၊ သူ ကျွန်တော့်ကို ထိုးကြိတ်ခဲ့တဲ့ဒဏ်ရာတွေက နာကျင်လာသမျှ သူထွက်လာတဲ့ဒေါသအတိုင်းအတာဟာ ဘယ်လောက်ထိ ခံစားလာရတယ်ဆိုတာ ကိုယ်ချင်းစာပြီး ကျွန်တော်မှားပြီဆိုတာ သိခဲ့ရတယ်"

ဒါဖြင့် သူတစ်ညလုံး အချုပ်ထဲမှာ ရှိနေရှာတာပေါ့။

ဘန် သူ့ကို စိတ်နာခံစားရင်း ဒီနေ့ထိ ခွင့်မလွှတ်နိုင်တာ အဲဒီညကိုဖြစ်သည်။

ထုရိုက်ရန်ဖြစ်မိတာလေးနှင့် တစ်ညလုံး ပစ်ထားရက်လေခြင်းဆိုသည့် ကြေကွဲမှုက မပြိုကွဲနိုင်သော အစိုင်အခဲကြီးလို. . .။

"ရှင်. . . ရှင် သိပ်ရက်စက်တဲ့လူပဲ ကိုတင်မောင်လွန်း"

ခင်ဘဏ္ဍာထရပ်၍ တင်မောင်လွန်းမျက်နှာကို လက်ညှိုးထိုးကာ ဆို့နင့်စွာပြောသည်။

"ဟုတ်ပါတယ်၊ ကျွန်တော်မှားပါတယ်၊ ခင်ဘဏ္ဍာ ကြိုက်သလို လုပ်သွားပါဗျာ"

ခင်ဘဏ္ဍာ ကျလာသောမျက်ရည်ကို လက်ဖဝါးနှင့် ခပ်ကြမ်းကြမ်း သုတ်ပစ်လိုက်သည်။





မှားပါတယ် ဝန်ချနေသည့်လူကို ဘာလုပ်လို့ရမှာတဲ့လဲ။

တစ်စစီကြေကွဲခဲ့ပြီးဖြစ်သော အသည်းတို့သည်သာ စုစည်းဖို့ရာ အခြေမဲ့လျက်။

✦ ✦ ✦

## အခန်း (၄၈)

"ဟော. . .မင်းသမီးလာပြီ"

မဏိ ဂစ်တာကြိုးညှိနေရာကနေ ငဲ့ကြည့်လိုက်မိလျှင် ဂစ်တာကို ယောင်၍ ဆုပ်ကိုင်မိလိုက်လေသည်။

"ဘန်ဘန်"

နာမည်လေးက နှုတ်ဖျားမှခုန်ထွက်သွားသည်။

"ဆရာချစ် ကျွန်တော်နဲ့ရိုက်မယ့် မင်းသမီးဟာ သူလား"

"အေးလေ"

"ဟာ. . .မဟုတ်တာ"

ဒါသိသိနဲ့ သက်သက်ကြိတ်စီစဉ်ထားကြတာ။

ခင်ဘဏ္ဍာလည်း သိထားပုံမပေါ်။

သူ့ကိုမြင်လိုက်သည်နှင့် မျက်လုံးလေးဝိုင်းသွားကာ ခြေလှမ်းတုံ့ခနဲဖြစ်သွားလေသည်။





မဏိသိသည်။ ခင်ဘဏ္ဍာ ချက်ချင်းလှည့်ပြန်သွားမည်မှာ မလွဲ၊ အားလုံးကိုလှည့်ကြည့်တော့ ပြုံးတဲ့လူက ပြုံး၊ မျက်နှာလွှဲ၍ ရယ်တဲ့လူကရယ်။

ခင်ဘဏ္ဍာ ပြတ်သားစွာ လှည့်ပြန်သွားတဲ့အဖြစ်ကို သူတို့က တမင်ဖန်တီးကြတာလား။

သူ့ရဲ့ ရှုံးနိမ့်ခြင်းကို မြင်လိုကြတာလား။

ထူးဆန်းစွာ ခင်ဘဏ္ဍာက မင်းသမီးအတွက်ပြင်ထားသည့် ထိုင်ခုံကိုလျှောက်သွားကာ ထိုင်ချလိုက်တာမြင်၏။

"ဘာဖြစ်လဲ မဏိရာ၊ ဒါလုပ်ငန်းသဘောပဲ၊ မင်းတို့နှစ်ယောက်က သိပ်အတွဲညီတာ၊ ရိုက်ချက်လေးတွေ သိပ်လှမှာကွ၊ မင်းသမီးကတောင် မုံစံမပျက်ဝင်လာသေးတာ မင်းက မှုမပျက်ပါနဲ့၊ ပြီးတော့ အခုရိုက်မယ့်သီချင်းက မင်းတို့နဲ့လည်းလိုက်တယ်"

မဏိ ဘာကြောင့်မှန်းမသိဘဲ ဒေါသလိုလို ရှက်သလိုလိုနှင့် ရင်တွေခုန်လာသည်။

စတွေ့ချိပေါ်မှာ သီချင်းဆိုခဲ့ပေမယ့် ကင်မရာရှေ့မှာ အမူအယာမလုပ်ခဲ့ဖူးပေ။

ပြီးတော့ ကိုယ်နဲ့တွဲရမယ့်သူက ကိုယ့်ကို မုန်းနေတဲ့ချစ်သူ။

ကိုယ့်ဘက်ကလည်း ခွင့်မလွှတ်ချင်အောင် နာကျည်းခဲ့တဲ့သူ။

"ကဲ. . .စရအောင်"

ဒါရိုက်တာနှင့် ဆရာချစ်က သူ့နားကပ်လာသည်။

ဒါရိုက်တာက သူ့ကို သေချာကြည့်၍ပြုံးသည်။

"မင်းလိုလူမျိုးက ဘယ်ချောင်မှာသွားကပ်နေတာလဲ၊ တကယ်ဆို ကင်မရာရှေ့ အစောကြီးကတည်းကရောက်သင့်တာ"

"အမလေး ဒါတောင် မနည်းဆွဲထုတ်ထားရတာ ကိုမျိုးရ"

သူတို့ဟာသူတို့ ပြော၍ရယ်ကြသည်။

"သီချင်းဖွင့်ထားမယ်၊ ကင်မရာကို ဂရုမစိုက်နဲ့နော်၊ သီချင်းလဲရနေတာပဲ သီချင်းထဲကအတိုင်း မျက်နှာပေါ်ကမှုကို နည်းနည်းလေး တိမ်းစောင်းပေးရုံပဲ"

ဒါရိုက်တာက သေချာပြောပြနေသည်။

"မင်းသမီး အဆင်သင့်ဖြစ်ရင် စရအောင်"

ခင်ဘဏ္ဍာ လျှောက်ထွက်လာသည်။

မဏီ မျက်နှာလွှဲထားလိုက်၏။

ကတ်ဆက်ထဲက သီချင်းသံထွက်မလာမီ ကင်မရာနဲ့ ကျန်တာအားလုံး အဆင်သင့်ဖြစ်နေပြီ။

"စမယ်"

"ကဒ်"

ကတ်ဆက်ထဲက တေးသွားစထွက်လာလျှင် ဒါရိုက်တာ ပြောထားတဲ့အတိုင်း မဏီက ကားပေါ်တက်ဖို့ တိုက်ထဲကဆင်းလာ၏။

ခင်ဘဏ္ဍာက ခြံထဲကနေ အူယားဖားယားပြေးလာကာ ကား





တံခါးကို လက်နောက်ပြန်လေးပိတ်၍ သူ့ပါ လိုက်ချင်တဲ့ပုံလေး လုပ်ပြကာ အကျီသွားလဲမည် စောင့်ပါအုံးဆိုတာလေးကို သရုပ်ဖော်၏။

ခင်ဘဏ္ဍာကို သူမကြည်လင်စိတ်နှင့် ခပ်စူးစူးကြည့်မိတာ ဒါရိုက်တာခိုင်း၍မဟုတ်ပါ။

တကယ့်ကို မျက်နှာချင်းမဆိုင်ချင်တဲ့ လူမို့။

စွဲတယ်×××စွဲတယ်×××

ရင်×××ထဲ×××အသည်းထဲ×××ရှူးအောင်စွဲတယ်×××

ကိုကိုရယ်×××မျက်နှာထားကြီးလျှော့ထားပါအုံး×××ဘယ်ကိုသွားသွား×××ဘယ်လာလာ×××လိုက်မှာပဲ×××ကို×××လိုက်ချစ်တယ်×××ချစ်တာသိလား×××ပြောတိုင်းမယုံနဲ့×××လူတွေပြောမယ်×××ကလေးကို မုန့်ပေးကြိုက်×××အကြိုက်မလိုက်ရဘူး×××မလိုသူပြောမယ်×××ဘာဖြစ်လဲချစ်တာ×××

စွဲတယ်×××စွဲမယ်×××ရှူးအောင်ချစ်တယ်×××ခပ်ဆိုးဆိုးပဲ ×××ကိုကို့ကို ဆိုးတာ နေပါအုံး×××ဘယ်သွားမလဲ×××ဘာစားမလဲ×××

တကောက်ကောက်အတူ မခွဲတမ်းလိုက်မယ်×××မစိမ်းကားနဲ့ကိုကို×××နော်×××

ရှူးအောင်ချစ်တယ်×××စွဲမယ်×××စွဲတယ်×××

ခင်ဘဏ္ဍာ သူ့ကို အတင်းလိုက်ဆွဲလိုက် နောက်ကနေ သိုင်း

ဖက်လိုက်လုပ်နေသမျှ မဏိ မျက်နှာပုတ်သိုးတင်းမာနေသည်။

"မောင်"

သူ့ရှေ့မှာ လာရပ်၊ မျက်နှာကမော့၍ တကယ်ခေါ်လိုက်တာ။

သီချင်းထဲက ကိုကိုပဲ။

ဒါ သရုပ်ဆောင်တာတော့ မဟုတ်တန်ရာ။

သူ ခင်ဘဏ္ဍာ့ကိုတွန်းဖယ်၍ ရှေ့ဆက်လျှောက်လျှင် ခင်ဘဏ္ဍာက ဖယ်မပေးဘဲ သူ့အင်္ကျီရင်ဘတ်ကို မရဲတရဲလေးကိုင်ကာ အတင်းကာထား၏။

"မောင့်ကို ဘန်အထင်လွဲခဲ့တာ တောင်းပန်တယ်ဆိုရင် မောင် ကျေနပ်နိုင်မလားဟင်"

မဏိ အံ့ဩသွားကာ တစ်ချက်ငိုင်သွားလျှင် . . .

"ကဒ်"

သီချင်းကပြီးသွားပြီ။

"အားလုံးအိုခေပဲ၊ အဝတ်အစားတွေလဲပြီး နောက်တစ်ရှိုးနဲ့ ထပ်ရိုက်မယ်"

"တစ်ခါမှမရိုက်ဖူးဘဲနဲ့ မဏိတို့ ပိုင်ချက်ကတော့ကွာ"

ခင်ဘဏ္ဍာ့ကို ခပ်စူးစူးတစ်ချက်ကြည့်ကာ သူ လှည့်ထွက်လာခဲ့သည်။

စောစောက ခင်ဘဏ္ဍာပြောသွားတာ ဘာကိုပြောတာလဲ။ ဒီလောက်မြန်မြန် သူက ပြောင်းလဲပစ်နိုင်သလား။





မဏိ နှုတ်ခမ်းစေ့၍မဲ့သည်။

ဆောရီးပဲ ခင်ဘဏ္ဍာ။ မှားပါပြီဆိုတဲ့ စကားတစ်ခွန်းလောက် ပို့လွှတ်လိုက်ရုံနဲ့ ဖြစ်ခဲ့သမျှမေ့ပစ်လိုက်ရအောင် မင်းတို့ပစ်ခဲ့တဲ့မျှားချက်တွေဟာ ပန်းကလေးတွေမှမဟုတ်တာ။

✧ ✧ ✧

## အခန်း (၄၉)

ထည့်သိုသိမ်းဆည်းပြီးသည့်သားရေအိတ်ကို ဖော်ပင်မပိတ်နိုင်တော့ဘဲ ဒီတိုင်းထားခဲ့ပြီ ဆက်တီမှာ ခြေပစ်လက်ပစ်ထိုင်ချလိုက်မိသည်။

ဒီအိမ်ကြီးမှာနေနေသမျှ အတိတ်ကျန်လှသော ကိုယ့်အဖြစ်ကို မတွေးလို့လည်းမရ ,တွေးမိတိုင်း စိတ်ကိုထိန်းနေရတာ ကြာလျှင် ရူးသွားနိုင်သည်။

ဘယ်နေရာကြည့်ကြည့် သားရဲ့အရိပ်ကလေးတွေ။
ခုလောက်ဆို သူကမအေနဲ့ သား ပျော်နေပြီလား။
ဖအေကို သတိရပြီးတော့ ငိုများနေမလား။
အားနည်းသောမျှော်လင့်ချက်လေးနှင့် တွေးလိုက်မိသေးသည်။
တကယ်ဆို့ သားပျော်မှာပါ။





မအေကို တောက်လျှောက်တမ်းတခဲ့ရှာသူလေး။
မအေကိုတွေ့လျှင် ကျေနပ်နေမှာပင်။
ဒါပေမဲ့ ဒေါ်စိန်မမက ကလေးကိုကြည်ဖြူပါ့မလား။
ချိုးချိုးနှိမ်နှိမ်များ ရှိနေမလား။

တောင်စဉ်ရေမရ လျှောက်တွေးကာ မဏိရင်ထဲမှာ ပူလာပြန်သည်။ ကလေးကို သူ့လက်ထဲထည့်ပေးခဲ့စဉ်က ကလေးနဲ့ပတ်သက်သော သံယောဇဉ် ဒီမိန်းမကြီးမျက်နှာမှာ စိုးစိမှရှိမနေတာ သူ့အမြင်။ ခင်ဘဏ္ဍာ ကားရိုက်ထွက်နေသမျှ ကလေးကကျန်ခဲ့သည်။

ဒေါ်စိန်မမလက်ထဲမှာ ကလေး ဘယ်လိုနေပါသနည်း။

နက်နက်ရှိုင်းရှိုင်းတွေးမိလာကာ ခါးတောင် မတ်မတ်ကြီးဖြစ်သွားရသည်။

ဒီသားအမိနှင့် မပတ်သက်ချင်တော့၍ သားရဲ့ကျောင်းကိုတောင် သူ ခြေဦးမလှည့်မိအောင်နေခဲ့တာ။

ဒါပေမဲ့ မနက် လေယာဉ်ကွင်းမဆင်းခင် သားဆီဝင်ဖို့ သူ ဆုံးဖြတ်လိုက်သည်။

သားကိုမေးမည်။ သားမပျော်ဘူးဆိုလျှင် သူတစ်ခါတည်းခေါ်သွားတော့မည်။

ဒီမှာနေနေသမျှ ရုပ်ရှင်ရိုက်ဖို့ တိုက်တွန်းတဲ့လူက ဖွတ်၊ ပီဒီသွင်းဖို့တွေက တစ်မျိုး သူ စိတ်ရှုပ်မခံနိုင်တော့ပေ။

ဒါကြောင့် မန္တလေးမှာ ဂျစ်တူးဖုန်းဆက်ထားတဲ့အတိုင်း အဲဒီ

မှာ သွားနေမည်။

သူ့ဘဝကို အောက်ခြေကစ၍ ထူထောင်ဖို့ဆုံးဖြတ်ပြီးသား။ ရန်ကုန်က စိတ်ညစ်စရာတွေ ရန်ကုန်မှာပဲကျန်ခဲ့ပါစေ။

✦ ✦ ✦



## အခန်း (၅၀)

"ဟဲ့. . . ဟဲ့. . . ဘဏ္ဍာလေးရဲ့ဖုန်း။ သူ့အဖေဆီက"

ဒေါ်ပုံက သူ့ရှေ့ကနေ ဖြတ်ပြေးသွားသည့် မင်းဘဏ္ဍာကို အမိအရလှမ်းခေါ်သည်။

"ဗျာ. . . အဘွားပုံ၊ ဖေကြီးဆီက ဟုတ်လား"

"အေး"

သတင်းစာဖတ်နေသည့် ဒေါ်စိန်မမ ဆတ်ခနဲဖြစ်သွားသည်။ အလိုလိုထရပ်လိုက်မိလျက် ဧည့်ခန်းအထိလျှောက်သွားကာ ခိုးချောင်းခိုးနားထောင်ရန် ဝက်အလုပ်ကို လုပ်မိပါတော့၏။

တတ်နိုင်ဘူးလေ၊ ဘာပြောလဲဆိုတာ သိချင်စိတ်က တားလို့ မရနိုင်သည်မို့။

"ဖေကြီး. . . ဟာ. . . ဖေကြီး ဘယ်ကဆက်တာလဲဟင်"

"သား. . . အပြင်ခဏထွက်ခဲ့၊ လမ်းထိပ်က စတိုးဆိုင်က ဖေကြီးဆက်နေတာ၊ သားကို ဖေကြီးပြောစရာရှိတယ်၊ အပြင်ထွက်ခဲ့နော်"

"ဟုတ်"

ဖုန်းချ၍ လှစ်ခနဲပြေးထွက်လာသည့် ကလေးရဲ့လျှင်မြန်ခြင်းကို ဒေါ်စိန်မမ မရှောင်သာတော့။

အခန်းဝမှာ မတ်တပ်ကြီးမိသွားသည်။

ဒါပေမဲ့ ဟန်လုပ်၍ မျက်နှာကိုတင်းထားကာ. . .

"ဘယ်လဲ ဘဘ္လာ"

"ဖေကြီးက ခဏထွက်ခဲ့တဲ့၊ ပြောစရာရှိလို့တဲ့၊ အပြင်မှာစောင့်နေမယ်တဲ့"

ဒေါ်စိန်မမ စိတ်ပူသွားသည်။

ကလေးကို ပြန်ခေါ်သွားမှဖြင့်. . .။

"အေး. . . သွား. . . ချက်ချင်းပြန်လာနော်၊ လိုက်မသွားနဲ့"

"ဟုတ်ကဲ့ပါ ဘွားဘွားရဲ့"

မင်းဘဘ္လာပြေးထွက်သွားလျှင် ဒေါ်စိန်မမ လည်ပင်းရှည်၍ ကျန်ခဲ့တော့သည်။

နေရာတကာ သိတတ်လွန်းသည့်မြေးလေးက သွက်သွက်လက်လက်နှင့် ချစ်စရာကောင်းလှသည်။

မြေးကို သူမခွဲနိုင်တော့ပါ။

(ဖျူးတာပေ)



ဒီအိမ်ကြီးမှာ ဒီဆည်းလည်းလေးမရှိလျှင် အားလုံးက ပျင်းရိခြောက်သွေ့ကျန်ခဲ့တော့မှာ မုချ။

ဘယ်လောက်ထိလဲဆို မြေးရဲ့ကျောင်းကိုတောင် သူကိုယ်တိုင်သွားကြိုမိတဲ့အထိ။ ကလေးရဲ့တွတ်တီးတွတ်တာ စကားလေးတွေကို သူ တွယ်တာနေမိတာ။

"မပုံရေ"

"ရှင်"

"လိုက်စမ်း ကလေးနောက်ကို၊ တော်ကြာ ဟိုကောင် ခေါ်သွားမှဖြင့်"

"မခေါ်လောက်ပါဘူး မမကြီးရယ်၊ မသကာခေါ်သွားရင်တောင် အလွမ်းပြေ လည်ဖို့ပတ်ဖို့ဖြစ်မှာပါ၊ ဟိုက မာနခဲ၊ မမကြီးသမီး ပြန်စတာတောင် ဂရုမစိုက်တဲ့ဟာ"

"တော်ပါအေ၊ ယောက်ျားဖြစ်ပြီး ဘဝင်ကခေါင်ခိုက်လို့ ဒင်းကဘာမို့လဲ"

ဒေါ်ပုံက ပြုံးနေသည်။

"မမကြီးပဲ အတင်းလိုက်တော့လည်း ပစ္စည်းမက်တယ် ပြောအုံးမယ်"

"ကဲ. . . တော်ပါ၊ ကလေးနောက်လိုက်ပါဆို၊ ငါ့မြေးကို ငါ တစ်ရက်ကလေးတောင် မခွဲနိုင်တော့ဘူး"

"ဒီလိုပဲ ဖြစ်ရမယ်လေ"

(ဖျူးတာပေ)

ဒေါ်ပုံထွက်သွားတဲ့ပုံကို ကြည့်၍ သူ့မှာ အားမလိုအားမရ ဖြစ်နေပြန်သည်။

ကလေးမပါဘဲ တစ်ယောက်တည်းပြန်လာမှာ တွေးပူရတာက တစ်မျိုး။ ခင်ဘဏ္ဍာပြန်ပြောပြထား၍ ပြီးခဲ့တဲ့ကိစ္စတွေကို ဒေါ်စိန်မမ သိပြီးနေပါပြီ။

နှစ်ရှည်လများကွဲကွာခဲ့ကြသော မိသားစုတစ်ခုကို မာန်မာန များဖြင့် ဆက်လက်၍လည်း ပိတ်ပင်မထားဆီးချင်တော့။

အစစအရာရာဟာ ကိုယ်လုပ်သလိုမှ မဖြစ်ခဲ့ဘဲ။

ဒါပေမဲ့ ပြန်ပေါင်းကြကြေးဆို သူက သမီးကို လာအောက် ကျခံတာမျိုးပဲ ဖြစ်စေချင်သည်။

ဒါကြောင့် အပြတ်ကြိမ်းထားတာ။

ဒီတစ်ခါ ဒီကောင်ကို သွားတောင်းပန်သည်ဆိုလျှင် ငါနဲ့ အတွေ့ . . . လို့။

✦ ✦ ✦

(ဖျူးတာပေ)

# အခန်း (၅၁)

သားလေးငိုကျန်ခဲ့တာကို စိတ်ကမကောင်း။

ဒါပေမဲ့ သူ အဆင်ပြေနေတာပဲလေ၊ ဖအေကိုလွမ်းလို့ ငိုလည်း တစ်ရက်ပေါ့။ ကိုယ့်မှာသာ ဒီမှာနေသမျှ လွမ်းဖျားလွမ်းနာကျ၍ ရင်ကွဲ ရမှာ။ စိတ်ကိုတင်း၍ ခရီးသည်များနားနေရာမှာ သူဝင်ထိုင်လိုက်သည်။

ဘယ်နေရာကိုကြည့်ကြည့် သားမျက်နှာ။

ပြီးတော့ ခင်ဘဏ္ဍာ။

သူ ခေါင်းကို ခါထုတ်ပစ်လိုက်သည်။

ခင်ဘဏ္ဍာနဲ့ပတ်သက်သမျှ သူမတွေးမိအောင်ကြိုးစားရမည်။ လွမ်းတာရှိရင် နာတာနဲ့ဖြေခဲ့ရသည်။

တစ်သက်မှာ တစ်ခါသာ စွဲလမ်းချစ်ခဲ့ဖူးသည့် မိန်းမတစ် ယောက်ကိုပဲ တစ်သက်လုံးနာနေနိုင်အောင် သူမေ့တတ်မှဖြစ်မည်။

(ဖျူးတာပေ)

အသံချဲ့စက်မှ ကြေညာသံပေါ်လာလျှင် ခရီးသည်တွေ လှုပ်လှုပ်ရှရှဖြစ်ကုန်ကြသည်။

သားရေအိတ်ကြီးကို တစ်ဖက်ကကိုင်ကာ ဂစ်တာတစ်ဖက်ဆွဲ၍ မဏိ ထရပ်လိုက်သည်။

"မောင်"

နောက်ကနေ ဂစ်တာကိုလှမ်းဆွဲ၍ ခေါ်သံကတစ်ထပ်တည်း။

သူ ဖျတ်ခနဲလှည့်ကြည့်လိုက်တော့ ခင်ဘဏ္ဍာ။

အဖြူပွင့်အနီရောင် ကီမိုနိုဝမ်းဆက်နှင့် ဆံပင်ရှည်တွေကို ဒီတိုင်းဖြန့်ချထားလျက် ခင်ဘဏ္ဍာ့မျက်နှာလေးမှာ ချွေးစလေးတွေ စို့နေသည်။

"မောင်. . . မောင် ဘယ်သွားမလို့လဲဟင်"

"ဖေကြီး. . . ဖေကြီးမသွားပါနဲ့"

ခင်ဘဏ္ဍာ့ကိုသိသွားသော ဘေးကလူတွေက ရုပ်ရှင်ရိုက်သည်မှတ်ကာ ကင်မရာကို လိုက်ရှာကြသည်။

ဝိုင်းကြည့်ပေမယ့် ဘေးကိုလည်းရှဲပေးကြ၏။

ခင်ဘဏ္ဍာ ဘာကိုမှဂရုမစိုက်ဘဲ မဏိမျက်နှာကိုသာ စိုးရိမ်တကြီး ငေးကြည့်သည်။

မင်းဘဏ္ဍာက ဖအေ့ရဲ့သားရေအိတ်ကြီးကို အတင်းဆွဲလုကာ တက်ထိုင်ထား၏။

"မောင်. . . မောင့်ကို ဘန်တောင်းပန်ထားတယ်လေ၊ မောင်





ကျေအေးပြီး ဘန့်ကို လာခေါ်မလားလို့ စောင့်နေတာ၊ မောင် ဒီလိုကြဲစည်ရက်တယ်နော်"

ခင်ဘဏ္ဍာက မဏိလက်မောင်းနှစ်ဖက်ကို ကိုင်လှုပ်၍ မျက်ရည်တွေ ရစ်ဝဲလာသည်။

"ဘန်ဘန်. . . မင်း. . . မင်း. . . ငါ့ကို မနှိပ်စက်ပါနဲ့တော့ကွာ၊ မင်းတို့အသိုင်းအဝိုင်းက စိတ်ဓါတ်တွေကို ငါကြောက်တယ်၊ တစ်ခါတည်းနဲ့ပဲ အရှုံးဆိုတာကို ငါတစ်သက်စာ မှတ်ထားလိုက်ပြီးပြီ"

"နိုင်တယ်လို့ မောင်ကပြောတာလား၊ ဘယ်သူကနိုင်တာလဲ၊ ဘန်လည်း ရှုံးခဲ့တာပါပဲမောင်၊ မောင့်ကို အထင်လွဲပြီး ပြတ်တောက်နေခဲ့ပေမယ့် ဘန် ရင်ကွဲအောင်ခံစားနေရတာပါ၊ မောင်ကလွဲပြီး ဘန် ဘယ်သူ့ကိုမှ အစားမထိုးနိုင်ခဲ့ဘူး သိလား။ ဘန် မောင့်ကို မုန်းတယ်ဆိုနေရင်း မျှော်လင့်နေမိတာ၊ ချစ်နေခဲ့တာ"

"မြေး. . . မြေးလေးဘဏ္ဍာ"

ပူပင်သောကများနှင့်ရောက်လာသူက ဒေါ်စိန့်မမ။

"ဘန်ဘန် ညည်း ဘယ်ကိုလိုက်သွားသွား ငါ့မြေးကို ခေါ်စရာမလိုဘူးနော်"

"ဟင်. . . ဘွားဘွားကလည်း"

"အမလေးမြေးရယ်. . . ဘွားဘွားက မြေးလေးမရှိရင် မနေတတ်တော့ဘူး။ လိုက်မသွားနဲ့နော် မြေး၊ ဘွားဘွား အလုပ်တွေမပြတ်

သေးလို့ပါ၊ အလုပ်တွေနားရင် မြေးနဲ့သွားသွား မေမေ့ဆီလိုက်မယ်လေ”

ဒေါ်စိန်မမ မြေးနားမှာ ငုတ်တုတ်ထိုင်ချကာ ချော့နေလေသည်။ ခင်ဘဏ္ဍာက မောင့်နောက်လိုက်တော့မည်ဟု ပြောကာ ကလေးလက်ဆွဲ၍ ထွက်လာခဲ့သည်။

ဒေါ်စိန်မမ ဆွေ့ဆွေ့ခုန်ကျန်ခဲ့တာသိပေမယ့် လှည့်မကြည့်အားခဲ့။

“မောင်”

မဏိလက်ထဲကကစ်တာကို ဆွဲယူကာ ခင်ဘဏ္ဍာက တိုးတိုးလေးခေါ်သည်။

“အားလုံး အေးချမ်းနေပါပြီ မောင်၊ မကျေနပ်နိုင်သေးဘူးလားဟင်၊ ဒါမှမဟုတ် မောင့်မှာ နောက်ထပ်တစ်ယောက် ရည်ရွယ်ထားတာ ရှိနေလို့လား”

မဏိ ခင်ဘဏ္ဍာ့ကိုစိုက်ကြည့်ကာ ပခုံးလေးနှစ်ဖက်ကို ဆုပ်ကိုင်လိုက်သည်။

“အချစ်ပြိုင်ဆိုတာ ရှိတတ်သလားဘန်ရယ်”

“မောင်”

ခင်ဘဏ္ဍာ မဏိကို တအားဖက်ထားလိုက်မိသည်။

လူတွေအားလုံး ဆူညံသွား၏။

မဏိ မျက်နှာနီနီနှင့်ပဲ ခင်ဘဏ္ဍာ့ကျောပြင်လေးကို ဖွဖွလေးသိုင်းဖက်ထားလိုက်သည်။ ရင်တွေခုန်နေမိတာ ဝမ်းသာနေတာလား၊





ရှက်လို့လား။ ကင်မရာတွေ စုပြုလာသည်။

ရိုက်ချက်ကွေ့ တဖျတ်ဖျတ်နှင့် ဝင်းလက်ကုန်၏။

“ဟော. . . ဖေကြီးနဲ့မေကြီး ချစ်သွားပြီ”

မင်းဘဏ္ဍာ လက်ခုပ်တီး၍ထအော်မှ မော့ကြည့်မိသော ဒေါ်စိန်မမ မျက်လုံးပြူးကြီးနှင့် ဆတ်ခနဲထရပ်ကာ မြေးကိုလည်း သတိမရတော့ဘဲ ခပ်သုတ်သုတ်ထွက်သွားလိုက်ကာ မပြေးရုံတမယ်။

ဒီကောင်မလေး မအေရှိနေတာကို လေးစားရမှန်းမသိ။

လူတွေအများကြီးထဲမှာ ရှက်ရမှန်းလည်းမသိ။

သမီးကိုသာ ဒေါ်သတွေစွတ်ဖြစ်ကာ မျက်နှာကြီးနီရဲလျက် တစ်ယောက်တည်း ပွစိပွစိလုပ်နေမိတော့သည်။

ပြီးတော့ တွေးမိသည်က အဲဒီ မဆင်မချင်လုပ်မှုတွေကြောင့်ပဲ။

မိုးမြင့်ကောင်းကင်ရယ်၊ မဏိစည်ရယ်၊ ဂစ်တာတစ်လက်ရယ် ဂျာနယ်ထဲမှာ ထင်ထင်ရှားရှားကြီးကို ပါလာတော့မှာ. . . ဟု။

ပရိတ်သတ်အတွက်
အမြဲတမ်း
ဗျူး